# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၆၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၄ ရက်၊ စနေနေ့။


သခွတ်ပင်က မီးတကျည်ကျည် လုပ်တာတော့လည်း မကောင်းဘူး၊ မြှောက်ပေးတဲ့အထဲ သတင်းစာတွေလည်းပါတယ်လို့ ကျွန်တော်ကပြောချင်တယ်၊ အဲဒီလို ခင်ဗျားတို့ လုပ်နေရင် ကျုပ်တို့ကလည်း ဝတ္တရားအတိုင်း အရေးယူလုပ်ရမှာပဲ၊ အဲဒီလို လုပ်ကြရင် မီးခိုးမဆုံးမိုးမဆုံးဖြစ်နေမှာပဲ၊ အဲဒါတွေဖယ်ထားပြီး အလုပ်ကလေးလည်း ကောင်းကောင်းလုပ်ပါရစေဦး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများ အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)



## မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံကြား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာကိစ္စများ ဆွေးနွေး

**ကွာလာလမ်ပူ မတ် ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပူထရာဂျာရားမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ သီးသန့်တွေ့ဆုံ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ-မလေးရှားနှစ်နိုင်ငံ တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံကြား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ

စာမျက်နှာ ၈ ကော်လံ ၁ ✻

“ မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် မလေးရှားနိုင်ငံသည် အဆင့်(၇)တွင်ရှိပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ လုပ်ငန်းပေါင်း ၅၀ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထား ”

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်နှစ်လျှင် ခရီးသည်ငါးသန်းခန့် လက်ခံနိုင်မည်

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားများ လာရောက်လည်ပတ်ရန် စိတ်ဝင်စားမှုမြင့်တက်လာလျက်ရှိရာ အဓိကနိုင်ငံတကာ ဝင်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ခရီးသည်ပိုမိုလက်ခံနိုင်ရေးအတွက် တိုးချဲ့မှုများ ပြုလုပ်လျက်ရှိရာ ပြီးစီးတော့မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် လက်ရှိအချိန်၌ တစ်နှစ်လျှင် ခရီးသည်ဦးရေ ၂ ဒသမ ၇ သန်းကျော်အထိသာ လက်ခံနိုင်လျက်ရှိရာ ခရီးသည် တစ်နှစ် ငါးသန်းကျော်အထိ လက်ခံနိုင်ရေး လေဆိပ်အဆောက်အအုံတိုးချဲ့မှုလုပ်ငန်းများ လုပ်ကိုင်နေခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ခရီးသွားများ လေကြောင်းမှ လာရောက်ရာတွင် လောလောဆယ်အချိန်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-ကေဇင်**

လေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လျက်ရှိနေသည်။ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို

စာမျက်နှာ ၈ ကော်လံ ၁ ❖



**ဆီးရီးယားအရေး အဆုံးအဖြတ်ပေးရန် လုံခြုံရေးကောင်စီသို့ ဘန်ကီမွန်း တောင်းဆို**

စာမျက်နှာ-၄

**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တရားဝင်ဆွေးနွေးပွဲများ ယခုရက်ပိုင်းအတွင်းပြန်လည်စတင်မည်**

စာမျက်နှာ-၉

**လောက်ကိုင်စာစစ်ဌာနကို ကွမ်းလုံစာစစ်ဌာန၌ ပြောင်းလဲဖြေဆို**

စာမျက်နှာ-၁၁



ဒေါ်တင်စန္ဒာဝင်း

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆)နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်။

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့ လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ)၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ)၊ အမှတ်(၃)၊ စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဒီဂျစ်တယ်ရုပ်မြင်သံကြား တစ်ခေတ်ဆန်း

ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာနှင့် လူမှုကွန်ရက်မီဒီယာဟူ၍ မီဒီယာအမျိုးမျိုးရှိကြရာတွင် အီလက်ထရွန်နစ်မီဒီယာသည် လူထုနှင့်ထိတွေ့မှုအရှိဆုံးဖြစ်သည်။ ကလေးအရွယ်သိတတ်အချိန်မှစ၍ သေလွန်သည်အထိ ရုပ်မြင်သံကြားမကြည့်ဖူးသူရှားလိမ့်မည်။ အီလက်ထရွန်နစ်မီဒီယာဖြစ်သည့် ရုပ်မြင်သံကြားကို လူအများကြည့်ရှုကြပေလိမ့်မည်။ ဤသို့ လူအများစုကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားကို ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း(နေပြည်တော်)နှင့် ရန်ကုန်မြို့တို့တွင် DVB-T2 စနစ်ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်က စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့်အနေဖြင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လှိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတမြို့များရှိ ရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တတိယအဆင့်အဖြစ် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၆၉ ရုံ၌ DVB-T2 စနစ်ဖြင့် ထုတ်လွှင့်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့အနက် တာချီလိတ်၊ ဇန်းမော်၊ ရွှေကူ၊ မိုးကောင်း၊ တနိုင်း၊ ဘိုကလေးနှင့် ရှင်ဗွေယန်မြို့နယ်များတွင်လည်း ဖေဖော်ဝါရီလနှင့် ယခုမတ်လအတွင်း ဒီဂျစ်တယ်စနစ်ဖြင့် စတင်ထုတ်လွှင့်ပေးနေပြီးဖြစ်ပါသည်။ ကျန်ရှိစက်ရုံများတွင်လည်း လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ဒီဂျစ်တယ်ရုပ်မြင်သံကြားစနစ်ကို ပြောင်းလဲတပ်ဆင်ထုတ်လွှင့်နိုင်သဖြင့် မြို့ပြများသာမက အနီးပတ်ဝန်းကျင်ကျေးလက်တောရွာများအထိ ဒီဂျစ်တယ်ရုပ်မြင်သံကြားစနစ်ကို ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သည့် ရုပ်သံလိုင်းများအား သက်ဆိုင်ရာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-Top Box, DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။

ဤရုပ်သံဖမ်းစက် များဖြင့် ပြည်တွင်းအခမဲ့ထုတ်လွှင့်သော ရုပ်မြင်သံကြား ချန်နယ်အားလုံးကို အရုပ်၊ အသံကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ရေဒီယိုလိုင်းများကိုပါ ဖမ်းယူနိုင်မည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ''ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်'' ဟူသော ရည်မှန်းချက်များထားရှိကာ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းလျက်ရှိရာ ယခုအခါ Analogue စနစ်မှ ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းလုပ်ဆောင်နေပြီဖြစ်သည်။ ဤသို့ ကောင်းမွန်သောဝန်ဆောင်မှုနှင့်အတူ ပြည်သူများသည်လည်း သတင်းသိခွင့်၊ ဗဟုသုတများ တိုးပွားလာတော့မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ လာရောက်လျက်ရှိ



**နေပြည်တော် မတ် ၁၃**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လိုင်စင်ရယူ၍ ခရီးလှည့်လည်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Destination Asia Travels& Tours Co. ၏ စီစဉ်မှုဖြင့် ကမ္ဘာ့လှည့်ခရီးသည်တင်အပျော်စီးသင်္ဘော MS Amsterdam သည် မတ် ၁၀ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာကြောင်း သတင်းရရှိသည်။

အဆိုပါသင်္ဘောကြီးတွင် ကမ္ဘာလှည့်ခရီးသည် ၉၂၇ ဦးနှင့် သင်္ဘောအမှုထမ်း ၆၃၈ ဦးတို့ပါဝင်လာပြီး ဧည့်သည်အများစုမှာ အမေရိကန်လူမျိုးများနှင့် ကနေဒါလူမျိုးများဖြစ်ကြကာ မြန်မာနိုင်ငံ၏သဘာဝအလှအပများ ကြည့်ရှုလေ့လာကြရန် ကမ္ဘာအရပ်ရပ်မှ ဧည့်သည်များစုပေါင်း၍ ရောက်ရှိလာခြင်းဖြစ်သည်။

ဧည့်သည်အချို့မှာ မန္တလေး၊ ပုဂံနှင့် ပဲခူးဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး အများစုမှာ သံလျင်မြို့နှင့် ရန်ကုန်အနီးတစ်ဝိုက်အတွင်း လည်ပတ်ကြမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ စတင်ထွက်ခွာ၍ မတ် ၁၀ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်သီလဝါ ဆိပ်ကမ်းသို့ ရောက်ရှိလာသော အဆိုပါသင်္ဘောကြီးသည် မတ် ၁၂ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ် ခရီးစဉ်ဒေသများကို ကမ္ဘာအရပ်ရပ်မှ ပိုမိုသိရှိလာရာ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများသည်လည်း မြန်မာနိုင်ငံသို့ အဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျေးလက်တိရစ္ဆာန် ကျန်းမာရေးသင်တန်းဆင်း

**ခန္တီး မတ် ၁၃**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ဒေသအတွင်း မွေးမြူထားသည့် တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် ကျေးလက်တိရစ္ဆာန် ကျန်းမာရေးသင်တန်းဆင်းပွဲကို မတ် ၁၂ ရက်က ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး မွေးမြူရေး အထောက်အကူပြုဆေးနှင့် ဆေးပစ္စည်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချန်လော(pr)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၄၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၆၄-၁၀၇၀ |
| ဥရောပ | တစ်ယူရို | ၁၁၀၀-၁၁၂၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၂၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၅၀-၂၈၅၀ |
| ကြက်သွန်ဖြူ(ကြျူကုတ်) | တစ်ပိဿာ | ၁၄၆၀-၁၄၈၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၀၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၆၀၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံဖော်သည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဘုရင်ဆူလတန် အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဂျာပါမိုင်ဆူရီအက်ဂွန်တွန်ကူဟာဂျာဟာမီနာတို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာ သန်းအောင်၊ ဦးကျော်လွင်၊ ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**



## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် လောက်ကိုင်ဒေသတိုက်ပွဲရှောင် ကျောင်းသား ကျောင်းသူများနှင့် ဒဏ်ရာရ အရာရှိစစ်သည်များအား အားပေးကြည့်ရှု

**တောင်ကြီး မတ် ၁၃**

ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်နှင့် တာဝန်ရှိသူများသည် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ ရတနာဒီပသာသနာပြု ကျောင်းတိုက်နှင့် ဉာဏသိပ္ပံရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းတိုက်တွင် ရောက်ရှိနေသော လောက်ကိုင်၊ ချင်းရွှေဟော်မြို့နယ်များမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေး စကားပြောကြားခဲ့ပြီး ရတနာဒီပသာသနာပြုကျောင်းတိုက်ဆရာတော်နှင့် သာသနာပြု(ဗဟို) ကျောင်းတိုက်ဆရာတော်တို့အား အလှူငွေကျပ် ၁၅၀၀၀၀ စုစုပေါင်း ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ် လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် အထက (ကွမ်းလုံ)တွင် တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုမည့် စာဖြေဌာနကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော**(အောက်ပုံ)** ဒဏ်ရာရ အရာရှိစစ်သည် ရှစ်ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်း ဖြင့် စုစုပေါင်းငွေကျပ် ၂၄၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းတို့သည် ကွမ်းလုံမြို့နယ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ ပရဟိတအသင်း၊ ချက်ပြုတ်ကျွေးမွေးရေးအသင်းများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကွမ်းလုံဆေးရုံမှ ဒဏ်ရာရစစ်သည်များအား ကြည့်ရှုအားပေးခဲ့ပြီးနောက် ကွမ်းလုံမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် လောက်ကိုင်တိုက်ပွဲရှောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား သွားရောက် အားပေးကာအလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း မလေးရှားနိုင်ငံ လက်မှုပညာပစ္စည်းပြတိုက်သို့ သွားရောက်လေ့လာ

**ကွာလာလမ်ပူ မတ် ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီးဒေါ်ခင်ခင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ လက်မှုပညာပစ္စည်းများပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ဇနီးနှင့်အဖွဲ့အား ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး ပြတိုက်အတွင်း လိုက်လံပြသခဲ့သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်းမှ အဖွဲ့ဝင်များ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၁၃**

ဗီယက်နမ်နိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ကဗျာရွတ်ပွဲတော်နှင့် တတိယအကြိမ်မြောက် ဗီယက်နမ်စာပေကို နိုင်ငံတကာစာပေနှင့် မိတ်ဆက်ခြင်း ညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် မြန်မာစာရေးဆရာ ကဗျာဆရာအဖွဲ့သည် မတ် ၁ ရက်က ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး မတ် ၇ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာစာရေးဆရာအဖွဲ့သည် မတ် ၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားနှင့် ညပိုင်းတွင် ကျင်းပသော အာရှ-ပစိဖိတ်ဒေသ ၄၄ နိုင်ငံမှ ကဗျာဆရာများပါဝင်သည့် ကဗျာရွတ်ဆိုပွဲ အခမ်းအနားသို့လည်းကောင်း၊ မတ် ၃ ရက်တွင် ကျင်းပသည့် စကားပြေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် နိုင်ငံတကာ ကဗျာဆွေးနွေးပွဲသို့ လည်းကောင်း၊ မတ် ၄ ရက်တွင် ဟလောင်းပင်လယ်ကွေ့အတွင်းရှိ ကျွန်းစုများ၊ သဘာဝ ကျောက်လိုဏ်ဂူများ လေ့လာရေးနှင့် ညအချိန် နိုင်ငံတကာ ကဗျာရွတ်ဆိုပွဲသို့လည်းကောင်း၊ မတ် ၅ ရက် နံနက်ပိုင်းတွင် (၁၃)ကြိမ်မြောက် ဗီယက်နမ် ကဗျာနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲသို့လည်းကောင်း၊ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ သမ္မတရုံး၌ကျင်းပသည့် ဗီယက်နမ်သမ္မတ (Truong Tan Sang ) က ကြိုဆိုနှုတ်ဆက်အမှာစကားပြောကြားသည့် အခမ်းအနားသို့လည်းကောင်း၊ မတ် ၆ ရက်တွင် ဗီယက်နမ်ဂန္ထဝင် ကဗျာဆိုကြီး (Cao Ba Quat)ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးရပ်မြေ ဖူသီရွာ (Phu Thi Village)တွင် ကျင်းပသည့် အမှတ်တရ ဂုဏ်ပြုပွဲနှင့် ကဗျာရွတ်ပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့ကြသည်။ မတ် ၁ ရက်မှ မတ် ၇ ရက်အထိ ကျင်းပသော အဆိုပါကဗျာပွဲတော်သို့ အာရှ-ပစိဖိတ်ဒေသ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ကဗျာဆရာ စာရေးဆရာ နှစ်ရာကျော် တက်ရောက်ခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံမှ အဖွဲ့ခေါင်းဆောင်နှင့်အတူ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဒေါက်တာ တင်မောင်ထွေး(ဒေါက်ထွေး-ဆေး/မန်း)နှင့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)တို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု မြန်မာကဗျာကို အဖွဲ့ခေါင်းဆောင် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ရွတ်ဆိုခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# အိန္ဒိယဝန်ကြီးချုပ် နရိန္ဒာမိုဒီ သီရိလင်္ကာနိုင်ငံသို့ နှစ်ရက်ကြာခရီးသွားရောက်

**ကိုလံဘို မတ် ၁၃**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒာမိုဒီသည် သီရိလင်္ကာနိုင်ငံသို့ ၎င်း၏ တရားဝင်ခရီးအဖြစ် ပထမဆုံးအကြိမ် စတင်လိုက်ပြီဖြစ်သည်။

သီရိလင်္ကာသမ္မတသစ် ဆီရီဆင်နာသည် အိန္ဒိယသို့ ပထမဆုံးအကြိမ် တရားဝင်ခရီးသွားရောက်ခဲ့ပြီး သီတင်းတစ်ပတ်အကြာ မစ္စတာမိုဒီ၏ခရီးစဉ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မစ္စတာမိုဒီသည် မစ္စတာဆီရီဆင်နာနှင့် တွေ့ဆုံပြီး သီရိလင်္ကာနိုင်ငံ၏ အထင်ကရနေရာဖြစ်သည့် ဂျက်ဖ်နာသို့ သွားရောက်မည်ဟုဆိုသည်။ ဂျက်ဖ်နာသည် ပြည်တွင်းစစ်ကာလအတွင်း အထိခိုက်ခံရမှုအများဆုံးဒေသ ဖြစ်သည်။ ၁၉၈၃ မှ ၂၀၀၉ ခုနှစ်အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီး လူပေါင်း ၇၀၀၀၀ သေဆုံးခဲ့သည်။

မစ္စတာမိုဒီသည် သောကြာနေ့က မြို့တော်ကိုလံဘိုသို့ရောက်ရှိခဲ့ရာ အိန္ဒိယသမုဒ္ဒရာ သုံးနိုင်ငံအနက် နောက်ဆုံးရောက်ရှိခဲ့သည့်နိုင်ငံဖြစ်သည်။ ယင်းမတိုင်မီက ဆေးရှဲလ်နှင့် မောရစ်သျှနိုင်ငံတို့သို့ ရောက်ရှိခဲ့သည်။

မိုဒီသည် စနေနေ့တွင် ပါလီမန်၌မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဂျက်ဖ်နာသို့သွားရောက်ကာ အိန္ဒိယအကူအညီအဖြစ် အိမ် ၂၀၀၀၀ ဆောက်လုပ်ထားမှုကို လွှဲပြောင်းပေးမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ယင်းကဲ့သို့ သွားရောက်လည်ပတ်ခြင်းသည် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေး တိုးတက်လာမည်ဟု မစ္စတာမိုဒီက ခရီးမစတင်မီ သတင်းထောက်များအား ပြောကြားသည်။ **(ဘီဘီစီ)**

# ဆီးရီးယားအရေးအဆုံးအဖြတ်ပေးရန် လုံခြုံရေးကောင်စီသို့ ဘန်ကီမွန်းတောင်းဆို

**နယူးယောက် မတ် ၁၃**

ဆီးရီးယားနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားနေမှုများသည် ငါးနှစ်တာကာလအတွင်း ချင်းနင်းဝင်ရောက်လာပြီဖြစ်ရာ စစ်ဘေးသင့်ပြည်သူများအတွက် ပဋိပက္ခများကို အဆုံးအဖြတ်ပေးနိုင်မည့် လူသားချင်းစာနာမှုဆိုင်ရာ တိကျပြတ်သားသည့် ဆောင်ရွက်မှုများပြုလုပ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လုံခြုံရေးကောင်စီသို့ တောင်းဆိုခဲ့သည်။

နိုင်ငံကို တစ်စစီပြိုကွဲစေသော ငါးနှစ်တာစစ်ဖြစ်ပွားမှုကြောင့် ဆီးရီးယားပြည်သူများသည် ကမ္ဘာကြီးမှ ကင်းလွတ်လာသည်ဟု ခံစားနေရကြောင်း ဘန်က ကြာသပတေးနေ့က ပြောခဲ့သည်။

သတ်ဖြတ်မှုများနှင့် ပျက်စီးမှုများကို ရပ်တန့်အောင် စုပေါင်းဆောင်ရွက်မှုမပေးနိုင်သော နိုင်ငံတကာအဖွဲ့အစည်းများကို ကုလသမဂ္ဂအကြီးအကဲက ပြစ်တင်ဝေဖန်လျက်ရှိသည်။

ကုလသမဂ္ဂအနေဖြင့် ဆီးရီးယားပြည်သူများအပေါ်တွင် ပြီးခဲ့သည့် လေးနှစ်ကျော်အကြာက ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် အပြစ်ပေးနိုင်မည့်သေချာသည့် အကူအညီပေးရန် ကုလသမဂ္ဂ၌ တာဝန်ရှိကြောင်း ဘန်က ထပ်မံပြောဆိုခဲ့သည်။

ဆီးရီးယားပဋိပက္ခ၌ အခက်အခဲဒုက္ခများလျော့ပါးစေရေးအတွက် ရန်ပုံငွေ ဒေါ်လာသန်းပေါင်းများစွာ အကူအညီပေးရန် မတ် ၃၁ ရက်တွင် ကူဝိတ်၌ ကျင်းပမည့် အလှူရှင်များအစည်းအဝေး၌ ဘန်ကီမွန်းက သဘာပတိအဖြစ် ဆောင်ရွက်သွားမည်ဟု သိရသည်။ **(ပရက်စ်တီဗွီ)**

# တောင်-မြောက်တင်းမာနေချိန်တွင် မြောက်ကိုရီးယားက ပင်လယ်ထဲသို့ ဒုံးကျည်ပစ်လွှတ်

**ဆိုးလ် မတ် ၁၃**



မြောက်ကိုရီးယားသည် ဝေဟင်ပစ်ဒုံးကျည်ခုနစ်စင်းကို ပင်လယ်ထဲသို့ ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။ အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှု နှစ်ပတ်လည် နောက်ဆုံးနေ့တွင် အဆိုပါဒုံးကျည်များကို ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် အရှေ့ဘက် ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်တွင် ကြာသပတေးနေ့က ဒုံးကျည်ပစ်လွှတ်မှုကို ကြည့်ရှုခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့် ရှိသူက ပြောခဲ့သည်။

နှစ်စဉ် စစ်ရေးလေ့ကျင့်မှုကို ပြုံယမ်း(မြောက်ကိုရီးယား)က ကျူးကျော်မှုပြုလုပ်ရန် အစမ်းလေ့ကျင့်မှုအဖြစ် ခေါ်ဝေါ်ခဲ့ကြပြီး ၎င်းသည် တောင်နှင့်မြောက် နှစ်ဖက်စလုံးကို တင်းမာမှုများဖြစ်စေသည်။ မြောက်ကိုရီးယားက ယခုနှစ် စစ်ရေးလေ့ကျင့်မှုကိုဆန့်ကျင်သည့်အနေဖြင့် တာတိုပစ်ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့သည်။

တောင်ကိုရီးယားက သောကြာနေ့က ပစ်လွှတ်လိုက်သော အဆိုပါဒုံးကျည်များမှာ SA-2 သို့မဟုတ် SA-3s ဖြစ်မည်ဟု ယုံကြည်ရကြောင်း၊ ၎င်း SA-2 သို့မဟုတ် SA-3s သည် ကီလိုမီတာ ဒါဇင်ပေါင်းများစွာအကွာအဝေးအထိ ပစ်လွှတ်နိုင်ပြီး နောက်တစ်စင်းဖြစ်သော SA-5 အမျိုးအစား ဒုံးကျည်မှာ ၂၀၀ ကီလိုမီတာ (၁၂၀ မိုင်) ထိ ပစ်လွှတ်နိုင်ကြောင်း သိရသည်။

မြောက်ကိုရီးယားက ဤစစ်ရေးလေ့ကျင့်မှုကို သဘောမတူကြောင်း ပြသည့်အနေဖြင့် ဤသို့ပြုလုပ်ခြင်းမှာထင်ရှားကြောင်း ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်တစ်ဦးက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ဖိုးအီးဂဲလ်ဟုခေါ်သော အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ဧပြီလထိ ကြာမြင့်မည်ဖြစ်ပြီး အမေရိကန်နှင့်တောင်ကိုရီးယားက စစ်ရေးအရ လေ့ကျင့်ခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။ ကိုရီးယားနှစ်နိုင်ငံလုံးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုဖြင့် အဆုံးသတ်ထားသော ၁၉၅၀ မှ ၁၉၅၃ အထိ ဖြစ်ပွားသော ပဋိပက္ခသည် ယခုချိန်အထိ သဘောတရားအရ စစ်မက်ဖြစ်ပွားဆဲ အခြေအနေရှိနေသည်။ **(ဘီဘီစီ)**

# စစ်ဘေးဒဏ်ခံ ဂါဇာဒေသသားများ ဆေးအထောက်အပံ့ရရှိရေး တောင်းဆို

**ဂါဇာ မတ် ၁၃**

ပါလက်စတိုင်းလူမျိုးများသည် (၄၇)ကြိမ်မြောက် ဒဏ်ရာရရှိသူများ အောက်မေ့ဖွယ် အခမ်းအနားအထိမ်းအမှတ်အဖြစ် ဂါဇာရှိလမ်းများပေါ်တွင် စုဝေးခဲ့ကြပြီး အစ္စရေးနိုင်ငံ၏ ရက်ပေါင်း ၅၀ စစ်ပွဲအတွင်း ဒဏ်ရာရရှိသူများ လုံလောက်သည့် ဆေးဝါးကုသမှုမရရှိသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကြာသပတေးနေ့၌ ဂါဇာရှိ လူရာပေါင်းများစွာတို့သည် ပါလက်စတိုင်းဥပဒေပြုကောင်စီ အဆောက်အအုံတွင် စုဝေးခဲ့ကြပြီး ကုလသမဂ္ဂရုံးသို့ ဆက်လက်ချီတက်ခဲ့ကြသည်။ လွန်ခဲ့သည့်လမှစတင်၍ ပင်လယ်ကမ်းရိုးတန်းကို သိမ်းပိုက်ထားသည့် အစ္စရေး၏ကျူးကျော်မှုကြောင့် ဒဏ်ရာရရှိသူများ ဆေးဝါးထောက်ပံ့မှု ပိုမိုရရှိစေရေး တောင်းဆိုခဲ့ကြသည်။

လွန်ခဲ့သော နှစ်များအတွင်း အစ္စရေးစစ်တပ်၏ ထိုးစစ်ဆင်မှုများကြောင့် ဒဏ်ရာရရှိခဲ့သည့် ပါလက်စတိုင်းလူမျိုး ထောင်ပေါင်းများစွာတို့ကို နှစ်စဉ်ချီတက်ပွဲဖြင့် ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

အစ္စရေးတို့သည် ပါလက်စတိုင်းနယ်မြေများကို ၂၀၁၄ ခုနှစ် ဇူလိုင်လအစောပိုင်းကတည်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် ထိုးစစ်ဆင်နွှဲမှုများကို တိုးမြှင့်ခဲ့ပြီး ဂါဇာအထိ ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ဩဂုတ်လနှောင်းပိုင်း၌ စစ်ပွဲကို ရပ်တန့်ခဲ့သည်။ ပါလက်စတိုင်းလူမျိုး ၂၂၀၀ နီးပါးသေဆုံးခဲ့ပြီး ၁၁၀၀၀ ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ခံရသူများတွင် ကလေးငယ် ၅၇၈ ဦးနှင့် အမျိုးသမီး ၂၆၀ ပါဝင်ခဲ့ကြောင်း ဂါဇာကျန်းမာရေးအရာရှိများက ပြောသည်။ **(ပရက်စ်တီဗွီ)**



# တီကရစ်မြို့လယ်မှ အိုင်အက်စ်တို့အား အီရတ်တိုက်ထုတ်

**တီကရစ် မတ် ၁၃**

အီရတ်အစိုးရတပ်ဖွဲ့ဝင်များသည် တီကရစ်မြို့ ရှေ့တန်းမျက်နှာစာများ၌ အသာစီးရနေပြီး မြို့လယ်မှ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ထုတ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အစိုးရတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များသည် ရဲဌာနချုပ်နှင့်ပြည်သူ့ဆေးရုံ တစ်ရုံအပါအဝင် အဓိကနေရာများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

တီကရစ်ကို ပြန်လည်သိမ်းပိုက်နိုင်မှုသည် အနာဂတ်တွင် အိုင်အက်စ်တို့ကို ပိုမိုတိုက်ထုတ်လာနိုင်မည်ဖြစ်ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးက ပြောသည်။

ပြီးခဲ့သည့်ဇွန်လက ဂျီဟတ်အုပ်စု တိုက်ခိုက်မှုမြင့်တက်လာပြီးနောက် အီရတ်အစိုးရတပ်များက အိုင်အက်စ်တို့အား အကြီးမားဆုံးထိုးစစ်ဆင်တိုက်ခိုက်မှုဖြစ်သည်။ တီကရစ်မြို့သည် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သည်။

အီရတ်ရဲတပ်ဖွဲ့နှင့် စစ်သား ၃၀၀၀ ခန့်သည် ဒေသခံပြည်သူ့စစ်အင်အား ၂၀၀၀၀ ၏ အကူအညီဖြင့်စစ်သွေးကြွများအား တိုက်ထုတ်နိုင်ခဲ့သည်။ တီကရစ်ကိုတိုက်ခိုက်နိုင်မှုကြောင့် အိုင်အက်စ်တို့အား ပိုမိုတိုက်ထုတ်နိုင်လိမ့်မည်ဟု အီရတ်ကာကွယ်ရေးဝန်ကြီး ခါလက်အယ်လ်အိုဘီဒီက ပြောသည်။ အိုင်အက်စ်တပ်ဖွဲ့ဝင်များ ယင်းဒေသကို တိုက်ခိုက်အောင်မြင်ခဲ့လျှင် အခြားဒေသများ၌လည်း တိုက်ခိုက်အောင်မြင်လိမ့်မည်ဟု ဆိုသည်။

**(ဘီဘီစီ)**

ပြည်တွင်းသတင်း

❊ ကျောဖုံးမှ

ဆက်လက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းသန်းမြင့်က ဌာနမှ ခွင့်ပြုချထားရန်ပုံငွေဖြင့် ခွဲစိတ်ဆောင်သစ်၊ လူနာစောင့်နားနေဆောင်၊ မြေအောက်ရေလှောင်ကန်၊ နှလုံးကုသဆောင်၊ ခြံစည်းရိုး၊ ဝန်ထမ်းအိမ်ရာနှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက နေပြည်တော်၌ သားဖွားမီးယပ် အထူးကုဆေးရုံ၊ အရိုးအကြောရောဂါ အထူးကုဆေးရုံ၊ ကလေးအထူးကုဆေးရုံနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံများ တည်ဆောက်ပြီးစီးမှု၊ ဆေးရုံများဖွဲ့စည်းမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က မကြာမီဖွင့်လှစ်မည့် အထူးကုဆေးရုံ (၄)ရုံအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် နေပြည်တော်ခုတင် ၁၀၀၀ ဆံ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တွေ့ကြုံနေသည့်အခက်အခဲနှင့် လိုအပ်ချက်များကို တတ်နိုင်သမျှ ဆောင်ရွက်ပေးရန် ယခုလိုလာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြစေလိုကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံများလိုအပ်သကဲ့သို့ ကျွမ်းကျင်ဝန်ထမ်းများလည်း လိုအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ထိုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခွင့်ပြု ချထားပေးလျက်ရှိသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်ကို ဖြေရှင်းနိုင်ရန်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှုနှင့် နှိုင်းယှဉ်လေ့လာ၍ ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသောကြောင့် သက်ဆိုင်သူ၊ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်သူများဖြင့် တက်ညီလက်ညီဖြင့် စည်းစည်းလုံးလုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း စီမံချက်များ သတ်မှတ်ထားသည့် အခန်းဖွဲ့စည်းပုံအတိုင်း စနစ်တကျဆောက်လုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အဆောက်အအုံအသစ်ဆောက်လုပ်ပြီးစီးပါက ဆေးရုံအတွင်းနှင့် ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် အရိုးကုသဆောင်(၁)၊ အရိုးကုသဆောင်(၂)၊ သားဖွားဆောင်၊ ကလေးကုသဆောင်၊ မီးယပ်ဆောင်၊ ဆေးကုသဆောင်(၁)၊ ခွဲစိတ်လူနာဆောင်နှင့် လူနာစောင့်များ နားနေဆောင်များသို့သွားရောက်ပြီး ဆေးဝါးကုသမှုခံယူနေသည့် ဝေဒနာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ဆေးဝါးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဌာနအတွင်းရှိ ခွဲစိတ်ခန်းများ၊ ခွဲစိတ်ပြီးလူနာများ ခေတ္တနားနေခန်း၊ အထူးကြပ်မတ်ခန်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ ပေါင်းခန်းနှင့် သိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတက ဆေးရုံအတွင်းနှင့် ဆေးရုံဝန်းကျင် သန့်ရှင်းသာယာ လှပရေးဆောင်ရွက်ကြရန်နှင့် ဆေးရုံ၏ရေပေးဝေမှုနှင့် လျှပ်စစ်မီးသွယ်တန်းမှုများကို စနစ်တကျ ပြုပြင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူနာအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် မတ် ၁၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗ္ဗဒူရာမန်မိုဟာမတ် ဖာချီယာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံတော်သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက လေ့လာရေးအဖွဲ့ အားတွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများအား ယနေ့ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၌ တွေ့ဆုံ၍ လွှတ်တော်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ပြောကြားသည်။ ယနေ့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ ၁၃၆ ဦး၊ မကွေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းများ ၁၀၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၆၄ ဦး စုစုပေါင်း ၃၀၈ ဦးတို့သည် အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်ကြည့်ရှုလေ့လာကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုလွှတ်တော်ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာရန်၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့ အစည်းဝင်များ၊ နိုင်ငံတကာအဖွဲ့ အစည်းဝင်များ နေ့စဉ်လာရောက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်မှ မတ် ၁၃ ရက်အထိ စုစုပေါင်း ၇၇၄၇ ဦး ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် အပူချိန်

ထူးခြားသည့်နေ့အပူချိန်များမှာ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မိတ္ထီလာမြို့၊ ရမည်းသင်းမြို့၊ နေပြည်တော်(ရေဆင်း)၊ ချောက်မြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ကြို့ပင်ကောက်မြို့နှင့် ဟသ်ာတမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် စီတို့ဖြစ်ကြသည်။

နိုင်ငံတကာသတင်း

# ကြာသပတေးဂြိုဟ်၏လတစ်စင်းပေါ်၌ သမုဒ္ဒရာတစ်ခုရှိသည်ဟု အတည်ပြု

**နာဆာ မတ် ၁၃**

ကြာသပတေးဂြိုဟ်၏ အရံဂြိုဟ်ဖြစ်သော ဂနီမီးဒ်၏ရေခဲပြင်အောက်တွင် သမုဒ္ဒရာတစ်ခုရှိနေကြောင်း ဟတ်ဘယ်လ် အာကာသ မှန်ပြောင်းမှတစ်ဆင့် သိပ္ပံပညာရှင်များက အတည်ပြုထားကြပြီးဖြစ်ရာ သက်ရှိသတ္တဝါများ ရှိနေနိုင်ကြောင်း မျှော်လင့်ချက်များလည်း မြင့်တက်လာကြောင်း နာဆာက ယမန်နေ့က ကြေညာသည်။

ယခုအခါ ပျောက်ကွယ်သွားပြီဖြစ်သော နာဆာ၏အာကာသယာဉ် ဂါလီလီယိုက ၁၉၉၅ မှ ၂၀၀၃ ခုနှစ်အတွင်း ကြာသပတေးဂြိုဟ်နှင့် ၎င်း၏အရံဂြိုဟ်(လများ)ကို စူးစမ်းလေ့လာစဉ် ကာလအတွင်း ဂနီမီးဒ်တွင် သမုဒ္ဒရာမျက်နှာပြင်အလွှာတစ်ခုရှိနေကြောင်း သဲလွန်စဖော်ထုတ်ခဲ့ပြီးနောက် ယခု ရှာဖွေတွေ့ရှိမှုသည် နေစကြဝဠာအတွင်း အကြီးဆုံးလတစ်စင်း၏လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခြင်းပင်ဖြစ်သည်။

ရှာဖွေတွေ့ရှိမှုကို အတည်ပြုနိုင်ရန်အတွက် စုံစမ်းထောက်လှမ်းသည့်လုပ်ငန်းအချို့ ဆောင်ရွက်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ဆွေးနွေးပွဲတစ်ခုတွင် သတင်းထောက်များအား ထုတ်ဖော်ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ခန့်မှန်းချက်အရ အဆိုပါသမုဒ္ဒရာသည် မိုင် ၆၀ (ကီလိုမီတာ ၁၀၀) ထိ နက်ရှိုင်းရာ ကမ္ဘာ့သမုဒ္ဒရာများထက် ၁၀ ဆ ပိုမိုနက်ရှိုင်းပြီး မာကျောသည့်ရေခဲလွှာထု ၉၅ မိုင်(၁၅၀ ကီလိုမီတာ)၏ အောက်တွင် ရှိနေသည်ဟု ဆိုသည်။

အဆိုပါ ရှာဖွေတွေ့ရှိမှုသည် နေစကြဝဠာအတွင်း ရေသယံဇာတပေါကြွယ်ဝပြီး လူများရှင်သန်နေထိုင်နိုင်မည့် နေရာများကို ရှာဖွေရာသို့ ဦးတည်စေမည့် ပထမဆုံး ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဝါရှင်တန်အခြေစိုက်သုတေသနနှင့် ကြယ်တာရာများဆိုင်ရာ တက္ကသိုလ်များအစည်းအရုံးမှ နက္ခတ်ပညာရှင်တစ်ဦးဖြစ်သူ ဟေဒီဟမ်းမယ်လ်က ပြောကြားသည်။ **(ရိုက်တာ)**



ဆောင်းပါး

# စားသုံးသူတွေ ဘေးကင်းစေ

မိုးနတ်မောင်

လူတိုင်းစားသုံးသူတွေသာဖြစ်သည်။ သတိထားကြည့်လေလေ လူတိုင်း အမြဲမပြတ်စားနေကြသည်ကို သိလေလေ။ ကျွန်တော်လည်း စားပါသည်။ ကျွန်တော့်မိသားစုလည်းစားပါသည်။ ကျွန်တော့်ပတ်ဝန်းကျင်လူသားတွေလည်း စားနေကြပါသည်။

နတ်တွေလည်း နတ်သုဒ္ဓါကို စားကြသည်။ ပြဟ္မာတွေလည်း ပီတိကို စားကြသည်။ တိရစ္ဆာန်တွေလည်း စားသုံးကြသည်။ သူ့အစာနှင့်သူစားကြသည်။ လောက၌ လူတစ်ဦး၊ နတ်ပြဟ္မာတစ်ပါးပါး ရပ်တည်ရန်အတွက် မရှိမဖြစ် အရေးကြီးသော အရာတစ်ခုမှာ အာဟာရပင်ဖြစ်သည်။ အဝတ်အထည် မရှိသော်လည်း အသက်ရှင်နိုင်သေးသည်။ အိမ်မရှိသော်လည်း အသက်ရှင်နိုင်သေးသည်။ အာဟာရမရှိသော် မည်သူမျှအသက်မရှင်နိုင်တော့။ အာဟာရသည် အရေးကြီးသော၊ တစ်ခုတည်းသော၊ မရှိမဖြစ်သော အရာဖြစ်သည်မှာ ငြင်းစရာမရှိ။

ယခုပြောနေသည်မှာ ရုပ်အာဟာရသာဖြစ်ပါသည်။ နာမ်အာဟာရလည်း ရှိပါသေးသည်။ ကျွန်တော်တို့နေ့စဉ် စားသုံးနေသည်။ ရုပ်အာဟာရသည် ကိုယ်ကျန်းမာရန်အတွက်သာဖြစ်သည်။ နာမ်အာဟာရသည် စိတ်ကျန်းမာရန် အတွက် ဖြစ်သည်။ ရုပ်အာဟာရဟုပြောလိုက်သည်နှင့် နာမ်အာဟာရကို မေ့ချန်ထား၍ မရစကောင်း။

လူတို့စားသုံးနေသော အစားအသောက်များကို လူတို့ကပင် ဖန်တီးကြသည်က များပါသည်။ မြေပြင်၌ သဘာဝအရပေါက်ရောက်၍ မရောင်းချဘဲ ခူးဆွတ်စားသုံးသည်လည်း ရှိနိုင်ပါသည်။ မည်သို့ပင်ဆိုစေ စားသုံးနေကြသည်ကို မြင်လောက်ပါပြီ။ စားသုံးသူ ယန္တရားကို စိတ်ကူးဖြင့်ရပ်တန့်ကြည့်ပါ။ သစ်ပင်အပါအဝင် လောကကြီးတစ်ခုလုံး တန့်ခနဲ ရပ်တန့်သွားမည်သာ။

ရုပ်အာဟာရနှင့်နာမ်အာဟာရကို ဆက်ပါဦးမည်။ ရုပ်အာဟာရ ကောင်းမွန်ရန် အစားအသောက်များကို စားသောက်ကြရသည်။ ၎င်းအစားအသောက်ကို ဘယ်သူတွေက ထုတ်လုပ်ရောင်းချကြသနည်း။ လူတွေလေ။ ထိုလူတွေရဲ့စိတ်က အမြတ်ရလိုတဲ့စိတ်ရှိမည်။ သင့်တော်သော အမြတ်ရလိုစိတ်နှင့် မသင့်တော်သော အမြတ်ရလိုစိတ်ဟူ၍ရှိမည်။

စိတ်အရည်အသွေးကိုပြောဖို့လိုလာပြီ၊ စိတ်အရည်အသွေးသည် နာမ်အာဟာရပင်ဖြစ်သည်။ နာမ်အာဟာရချို့တဲ့ခြင်းသည် စိတ်အရည် အသွေးကျဆင်းခြင်းဖြစ်သည်။ စိတ်အရည်အသွေးမကျစေရန် စိတ်ကိုလည်း အစာကျွေးရသည်။ အာဟာရပြည့်အောင်ဖြည့်ရသည်။ နာမ်အာဟာရဖြစ်ပေါ်ရန် အချက်သုံးချက်လိုသည်။ ဖဿ၊ စေတနာ၊ ဝိညာဉ်တို့ဖြစ်သည် (အကျယ်မချဲ့လိုတော့)။ နာမ်အာဟာရ သို့မဟုတ် စိတ်အရည်အသွေးကောင်းစေရန် လေ့ကျင့်ပါက လူတစ်ယောက်သည် ရိုးသားမှုကို တန်ဖိုးထားလာသည်။ လိမ်ညာမှုကို စက်ဆုပ်ဖွယ်ဟုမြင်လာသည်။ လောကသားတို့ အပေါ် လိမ်ညာ၍ စီးပွားရှာရမည်ကို ရှက်လာသည်။ လောကကြီးကို မမှန်မကန်နည်းဖြင့် ဆက်ဆံရမှာကြောက်လာသည်။ နာမ်အာဟာရမြင့်လာသည်။ တစ်နည်း စိတ်အရည်အသွေးတက်လာသည်။ တစ်နည်း Mindset ပြောင်းလာသည်။ Positive Mindset သို့ ပြောင်းလာခြင်းတို့ဖြစ်သည်။ ရိုးသားစိတ်ထွက်ပေါ်လာတော့သည်။

***ရိုးသားစိတ်သည် လိမ်ညာလေ့ရှိသော ပါးစပ်ပေါက်များကို ပိတ်ပစ်လိုက်သည်။***

***ရိုးသားစိတ်သည် ဘီလူးစည်း လူ့စည်းကို သိလာသည်။***

စိတ်အရည်အသွေး တက်လာပါက အကြောင်းအကျိုးသဘာဝကိုပါ မြင်လာတော့သည်။ ဆေးရုံ၊ ဆေးခန်းတို့၌ ရောက်ရှိလာသော လူနာများကို ဆေးကုသခြင်းသည် အရေးပေါ်ဆိုးကျိုးကို ဖြေရှင်းခြင်းဖြစ်သည်။ ဘေးကင်းသော အစားအသောက်များဖြစ်ရန်ဆောင်ရွက်ခြင်းသည် ပညာရှိသော ပညာရှင်တို့၏ လုပ်သင့်သောအကြောင်းဖြစ်သည်။ ဆေးရုံဆေးခန်းများ၌ လူစည်ကားခြင်းသည် အကျိုးဘက်၌ရှိသည်။ ဆေးရုံဆေးခန်းရောက်စေသော အကြောင်းများစွာ ရှိနိုင်သည်။ စားသောက်ကုန်ညံ့ဖျင်းမှုသည် တစ်ခုသောအကြောင်းဖြစ်သည်။

## ဘေးကင်းသော အစားအသောက်များ ဖြစ်ရန် ဆောင်ရွက်ခြင်းသည် ပညာရှိသော ပညာရှင်တို့၏ လုပ်သင့်သောအကြောင်းဖြစ်သည်။

ပညာရှိသော ပညာရှင်များကို အားကိုးကြရမည်။ ရိုးသားသော စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများဖြစ်အောင် အလေးထားရမည်။ သတိရှိသောစားသုံးသူများဖြစ်ရန်လည်းအရေးကြီးသည်။ စစ်ဆေးသူ၊ ထုတ်လုပ်ရောင်းချသူနှင့် စားသုံးသူတို့ စိတ်အရည်အသွေးကောင်းရမည်။ mindset ကောင်းရမည်၊ နာမ်အာဟာရ ညံ့လျှင် ရုပ်အာဟာရလည်းညံ့ပါသည်။ နာမ်အာဟာရ တင့်တယ်လျှင် ရုပ်အာဟာရလည်း တင့်တယ်ပါသည်။ ရေမြင့်လျှင် ကြာတင့်သလို။

နိုင်ငံသားတိုင်း နာမ်အာဟာရကျဆင်းသွားလျှင် ရုပ်အာဟာရလည်း ကျဆင်းသွားပါသည်။ ရုပ်ဝတ္ထုတိုးတက်မှုကို ဖန်တီးနိုင်စွမ်းမရှိတော့။

ရုပ်အာဟာရကျဆင်းသွားလျှင် နောက်ထပ်ဘာဖြစ်လာနိုင်သလဲ။ ဆက်ပြောပါဦးမည်။ ဆိုးကျိုးတွေက များမှများ။ ဥပမာ-ရောဂါသည်တွေကိုကြည့်ပါ။ စိတ်တိုလွယ်သည်။ စိတ်ဓာတ်ကျလွယ်သည်။ ဝမ်းနည်းလွယ်သည်။ စိတ်ဓာတ်ခွန်အားမရှိ။ ဘာကိုမှမလုပ်ချင်မကိုင်ချင်တော့။ ကယောင်ချောက်ချားတွေ ပြောဆိုတတ်သေးသည်။ ၎င်းတို့မှာ မကျန်းမာခြင်း(ရုပ်အာဟာရချို့တဲ့ခြင်း) ကြောင့်ဖြစ်ပေါ်လာသော နာမ်အာဟာရဆိုးကျိုးများဖြစ်နေပြန်ပါသည်။

ဆက်စပ်တွေးကြည့်စမ်းပါ။ နိုင်ငံတစ်ခုအတွင်း၌ ဖြေရှင်းရန် ပြဿနာနည်းခြင်း၊ များခြင်းသည် စိတ်အရည်အသွေးကောင်းခြင်း၊ မကောင်းခြင်းနှင့် သက်ဆိုင်သည်။ စိတ်အရည်အသွေးကောင်းသော နိုင်ငံသားတို့၌ ဖြေရှင်းရန်ပြဿနာနည်း၏။ စိတ်အရည်အသွေးမကောင်းသော နိုင်ငံသားတို့တွင် ဖြေရှင်းရန်ပြဿနာများ၏။ စိတ်အရည်အသွေးမကောင်းပါက ပြဿနာဖြေရှင်းလျက်ပင် ပြဿနာထပ်ဖြစ်ကြသည်။ စိတ်အရည်အသွေးသည် ရုပ်အာဟာရပေါ်၌ များစွာတည်မှီသည်။

**ဥတုဘောဇနမ္ဘိ ဥပနိဿယ ပစ္စယေန ပစ္စယော၊**
**ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော။**
**သေနာသနမ္ဘိ ဥပနိဿယ ပစ္စယေန ပစ္စယော။**

၎င်းတွင် - (က) ဥတု
(ခ) စားသောက်စရာ(ဘောဇနမ္ဘိ)
(ဂ)လမ်းညွှန်သူ(ပုဂ္ဂလောပိ)
(ဃ) နေထိုင်စရာအဆောက်အအုံ (သေနာသနမ္ဘိ) တို့သည် နာမ်အာဟာရဖြစ်ထွန်းရန် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုပါသည်။

နာမ်အာဟာရကျဆင်းသောကြောင့် ရုပ်အာဟာရကျဆင်းသည်။ ရုပ်အာဟာရကျဆင်းသော ရောဂါသည်တို့သည် ပျော်ရွှင်မှုကို မရနိုင်တော့။ မပျော်ရွှင်သူတို့သည် ဖန်တီးနိုင်စွမ်း (Creative Power) မရှိတော့ပေ။ ထို့ကြောင့် ပတ်ဝန်းကျင်သည် မဖွံ့ဖြိုးတော့။

လူတို့ခန္ဓာကိုယ်သည် အတွင်းကလည်း စားသောက်၏။ အပြင်ကလည်း စားသောက်သကဲ့သို့ ဖြစ်၏။ အသက်ရှုလမ်းကြောင်း၊ အစာလမ်းကြောင်း ဘေးကင်းရန် လိုသလိုအပြင်အရေပြားထိတွေ့မှု ဘေးကင်းရန်လည်း လိုအပ်သည်။အဝတ်အစားဆိုးဆေးများ၊ အလှကုန်ဓာတုပစ္စည်းများသည် အရေပြားမှ ဓာတ်ပြုပြီး စိမ့်ဝင်နိုင်သည်။ ထိုသို့ရောဂါရနိုင်သောကြောင့် အပြင်စားသုံးခြင်းဟု တင်စားရပါသည်။ အပြင်အရေပြား ဘေးကင်းအောင်လည်း ဆောင်ရွက်ရမည်။

နိုင်ငံသားတိုင်း စိတ်အရည်အသွေးတက်လာအောင် လေ့ကျင့်ရမည်။ စိတ်အရည်အသွေးတက်လာလျှင် ရေနှင့်လက်ဖက်ခြောက် ဘေးကင်းရမည်ဆိုလျှင် မပြည့်စုံမှန်း သိလာပါလိမ့်မည်။ ပြဒါး(မာကျူရီ)ပါဝင်သော ဓာတ်ဘူး အရည်အသွေးကောင်းရန် ထည့်သွင်းစဉ်းစားလာလိမ့်မည်။ ရေ၊ လက်ဖက်ခြောက်နှင့် ဓာတ်ဘူးအရည်အသွေးတို့ကို ထည့်သွင်းစဉ်းစားသလို ကိစ္စရပ်တိုင်း သတိရှိလာတော့မည်။

ကမ္ဘာ့လူသားတို့သည် အသက်ရှင်နေသရွေ့ စားသုံးနေကြဦးမည်။ အဆိပ်ကို စားသုံးသူများမဖြစ်ရန် လိုသည်။ အာဟာရဖြစ်ရန် စားသုံးကြရမည်။ ဘေးကင်းသော အစားအသောက်သည်ပင် ‘တန်ဆေးလွန်ဘေး’ ဟူ၍ ရှိပြန်သည်။ ဘေးမကင်းသော အစားအစာသည်ကား ဆိုဖွယ်ရာမရှိ။

-ရှုလိုက်တိုင်း
-လျက်လိုက်တိုင်း
-ပွတ်တိုက်လိုက်တိုင်း
-သောက်လိုက်တိုင်း
-ဝါးလိုက်တိုင်း
-မျိုလိုက်တိုင်း
-လုံခြုံစိတ်ချ
-ဘေးကင်းကြပါစေ။ ။

# ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော် ကျင်းပမည်



ဆုရဓာတ်ပုံပညာရှင်တစ်ဦး၏ ဓာတ်ပုံလက်ရာကို တွေ့ရစဉ်။

**သတင်း- မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ- ခင်ဖွန်ဇာလင်း**

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ နိုင်ငံတကာအထိ ထိုးဖောက်ဝင်ရောက်နိုင်ရန်၊ ဓာတ်ပုံပညာရှင်များ အချင်းချင်း ဓာတ်ပုံပညာရပ်များ ဖလှယ်နိုင်ရန်၊ အရည်အသွေးကောင်းသော ဓာတ်ပုံလက်ရာကောင်းများပေါ်ထွက်လာစေရန် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကို ကျင်းပရန် စီစဉ်ထားပြီဖြစ်သည်။

“ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကို ဓာတ်ပုံပြပွဲတွေ၊ နိုင်ငံခြားဓာတ်ပုံပညာရှင်တွေရဲ့ ဟောပြောဆွေးနွေးပွဲတွေ၊ ဆုချီးမြှင့်မှုတွေနဲ့ ပြည်တွင်းက ဓာတ်ပုံပညာရှင်တွေရဲ့ ဟောပြောပွဲတွေနဲ့အတူ ဒုတိယအကြိမ်မြောက် ကျင်းပသွားမှာဖြစ်ပါတယ်” ဟု ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်းရှိ Yangon Gallery ၌ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ပြောသည်။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်းရှိ Yangon Gallery တွင် မတ် ၂၀ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ဓာတ်ပုံပွဲတော်တွင် ဂျပန်နိုင်ငံမှ ဓာတ်ပုံပညာရှင် ကာနာဆိုနိုဒါက ဓာတ်ပုံပညာနှင့် ပတ်သက်သော ဟောပြောပွဲကျင်းပမည် ဖြစ်သည်။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်တွင် လစဉ်အလိုက် ဆုရဓာတ်ပုံပေါင်း ၁၆၂ ပုံ၊ နှစ်လည် ဆုရ ဓာတ်ပုံ ၃၆ ပုံ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဝင်များ၏ လက်စွမ်းပြဓာတ်ပုံ ၅၀ ခန့်တို့ကို ရောင်စုံ၊ အဖြူအမည်းဓာတ်ပုံများ ချိတ်ဆွဲပြသသွားမည်ဖြစ်သည်။ ဓာတ်ပုံပွဲတော်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော ဓာတ်ပုံများကို လက်မ (၂၀×၃၀) အရွယ်အစားဖြင့် ချိတ်ဆွဲပြသသွားမည်ဖြစ်သည်။

ထို့အပြင် ဓာတ်ပုံပွဲတော်ရက်အတွင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းက ရွေးချယ်ထားသည့် ၂၀၁၄ ခုနှစ် အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုရရှိခဲ့သည့် ငွေးဝင်း (ရမ္မာဝတီ) အား ဆုချီးမြှင့်မည်ဖြစ်သည်။ တစ်ဖန် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသူ အသင်းသားများ၏ ၂၀၁၄ ခုနှစ် တစ်နှစ်ပတ်လုံး ပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ဓာတ်ပုံများကို ချိတ်ဆွဲပြသမည်ဖြစ်သည်။

ဓာတ်ပုံပွဲတော်ရက်အတွင်း ကင်မရာများလည်း ခင်းကျင်းပြသမည်ဖြစ်ရာ ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များအတွက် လက်ရာမြောက်ပြီး စိတ်ကူးကောင်းသည့် ဓာတ်ပုံများကို လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ရှစ်သောင်းကျော်ရှိ

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ဖြေဆိုခဲ့ကြပြီး ဖြေဆိုသူဦးရေ ၈၇၀၅၇ ဦးရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူကျောင်းသား ၃၈၄၈၉ ဦးနှင့် ကျောင်းသူ ၄၈၅၆၈ ဦး စုစုပေါင်း ၈၇၀၅၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၃၉ ရှိသည်။

အဆိုပါ စာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်အလိုက် သတ်မှတ်ထားသည့်စာစစ်ဌာန ၁၆၁ ခုတွင်ဖြေဆိုခဲ့ကြသည့်အပြင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး စာဖြေဌာနတွင်လည်း ဆေးရုံတက်ရောက်ကုသနေသည့် ကျောင်းသားနှစ်ဦး တက်ရောက်ဖြေဆိုခဲ့ကြသည်။ တိုင်းဒေသကြီးအတွင်း စာရင်းရှိ ကျောင်းသားဦးရေမှာ ၉၁၂၆၇ ဦးရှိခဲ့ပြီး ပျက်ကွက်ဦးရေ ၄၂၁၀ ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ကျိုင်းတုံ မတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူးဦးစီး၍မတ် ၃ ရက်က စတင်ကာ အထူး-၄ မိုင်းလားဒေသတွင် မိုးပွင့်(အထူး)စီမံချက်အဖြစ်နိုင်ငံသား စိစစ်ရေးကတ်ပြားလုပ်ငန်းအကြောင်း ရှင်းလင်းခြင်း၊ ကတ်ပြားများ ထုတ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်အထိ မိုင်းလားတွင် ၈၄၇ ဦး၊ ဆီလူးဒေသတွင် ၂၀၀၊ နမ့်ပန်းဒေသတွင် ၄၀၀ စုစုပေါင်း ၁၄၄၇ ဦးအတွက် ကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံသား စိစစ်ရေးကတ်ပြားသည် နိုင်ငံသားအခွင့်အရေး Right of The Citizen အပြည့်အဝ ရရှိခံစားရကြောင်းကို ဒေသနေပြည်သူများ ယခုထက် ပိုမိုကျယ်ပြန့်စွာ နားလည်စေရန်၊ အိမ်ထောင်စုဇယားနှင့်စိစစ်ရေးကတ်ပြားများကို တန်ဖိုးထားထိန်းသိမ်းရန် အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း တွဲဖက်ပြည်နယ်ဦးစီးမှူးက ပြောသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ရှင်းလင်းတင်ပြ

**နေပြည်တော် မတ် ၁၃**

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့တွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။ **(ယာပုံ)**



ယင်းအစီရင်ခံစာ၌ ဥပဒေကြမ်း တစ်ရပ်လုံးတွင် အငယ်စား စီးပွားရေးတစ်ရပ်လုံးကို ပြဋ္ဌာန်းမထားခြင်း၊ ဤဥပဒေကြမ်းသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက်သာ ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်သည့်အတွက် "အငယ်စား (Micro) စီးပွားရေးလုပ်ငန်းဖြစ်လျှင် ဝန်ထမ်း ငါးဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေကျပ်သန်း ၅၀ ထက်မပိုသော လုပ်ငန်း" ဟု အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်သင့်ကြောင်း၊ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဥပဒေများနှင့် ကွဲလွဲမှုမရှိစေရန် "ဝန်ထမ်းဆိုသည်မှာ တစ်နေ့ ၆နာရီ၊ တစ်လ ၂၀ ရက်ထက်မနည်း အခကြေးငွေယူ၍ အလုပ်လုပ်ကိုင်သော ပုဂ္ဂိုလ်များကိုဆိုသည်"ဟု အတည်ပြုချက်အား ပယ်ဖျက်သင့်ပါကြောင်း စသည်ဖြင့် ပါရှိသည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာနက ကောက်ခံသည့် ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အခွန်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆည်မြောင်းဦးစီးဌာန၏ ရေခွန်ကောက်ခံမှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရေခွန်ကောက်ခံမှု လွှဲပြောင်းပေးခဲ့မှုအခြေအနေများအား လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ရေချိုငါးလုပ်ငန်း အခွန်အခ၊ ကမ်းနီးငါးဖမ်းလုပ်ငန်းအခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းမှ ရရှိသောအခွန်အခများနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ်များမှ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းမှရရှိသော အခွန်အခများကို ပြည်ထောင်စုက လည်းကောင်း၊ ကောက်ခံလျက်ရှိသည့် အခြေအနေများနှင့် အင်းအိုင်ခွန်ကောက်ခံမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းမှ ဖြန့်ဖြူးခြင်းအချိန်အထိ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှု၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့် ကိစ္စများကို ကင်းလွတ်ခွင့်ပြုထားသည့်အတိုင်း ဆောင်ရွက်နေမှုများအား လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုဆိုင်ရာအခြေအနေများ၊ အာဆီယံ သဘောတူညီချက်အရ အကောက်ခွန်လျှော့ချရမည့် အခြေအနေများ၊ ပြည်တွင်းလုပ်ငန်းများ ရှင်သန်ရေးနှင့် စားသုံးသူများ အန္တရာယ်မဖြစ်စေရေးဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က တွင်းထွက်ရတနာများနှင့်ပတ်သက်၍ အခွန်ကောက်ခံနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်များအား ကြားနာခဲ့သည်။ **(ယာပုံ)**



အဆိုပါပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့်ကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးဆန္ဒပြုသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထိုသို့ကြားနာခြင်းဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက အမျိုးသားပညာရေးဥပဒေကြမ်း ဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် လူမျိုးအသီးသီးနှင့် သက်ဆိုင်ပါကြောင်း၊ တစ်မျိုးသားလုံးနှင့် အကျုံးဝင်ပါကြောင်း၊ ဤဥပဒေကြမ်းသည် လေးလေးနက်နက် ဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုမည် (သို့မဟုတ်) ဥပဒေကြမ်း ရေးဆွဲတော့မည်ဆိုလျှင် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းဆန့်ကျင်ခြင်း ရှိ/မရှိ၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းခြင်း ရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုး ဖြစ်ထွန်းစေမှု ရှိ/မရှိတို့ဖြင့် စံထားစဉ်းစား၍ ဆောင်ရွက်သည့် အစဉ်အလာကို ကျင့်သုံးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ဖြစ်ကြသည့် အမျိုးသား ညီညွတ်ရေးကွန်ဂရက်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်စိုး၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးဆန်လှေးမန်၊ "ဝ"ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ဗမာပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးအောင်သန်းတင့်၊ ဖလုံ - စဝေါ် ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီဝင် ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးလှတိုး၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ အထွေထွေအတွင်းရေးမှူး ဒေါက်တာ မင်းနွယ်စိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းထွန်း၊ အမျိုးသားတိုးတက်မြင့်မားရေးပါတီ ဥက္ကဋ္ဌ ဦးအောင်နိုင်ထွန်းနှင့် ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်တို့က အမျိုးသား ပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့၏ သဘောထားအမြင်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

**(သတင်းစဉ်)**

# ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုသည် အာဆီယံ-အိန္ဒိယ စီးပွားရေးလုပ်ငန်းစဉ်များ မြှင့်တင်ခြင်း၏အဓိကသော့ချက်ဖြစ်

**နေပြည်တော် မတ် ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် သတ္တမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

သတ္တမအကြိမ် ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနနှင့်အတူ အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာန အိန္ဒိယနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီ၊ စင်ကာပူနိုင်ငံရှိ အရှေ့တောင်အာရှ လေ့လာရေးဌာနနှင့် SAEA သုတေသနအုပ်စု၊ ဂျကာတာရှိ အာဆီယံနှင့် အရှေ့တောင်အာရှဆိုင်ရာစီးပွားရေး သုတေသနဌာန၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာန၊ နယူးဒေလီရှိ အာဆီယံ-အိန္ဒိယဗဟိုဌာန၊ ဂျကာတာရှိ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန၊ ထိုင်းနိုင်ငံရှိ လုံခြုံရေးနှင့် နိုင်ငံတကာလေ့လာရေးဌာနတို့မှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာစီးပွားရေး ဆက်သွယ်မှုနှင့်စပ်လျဉ်းသည့် သုတေသနဆိုင်ရာ အိန္ဒိယကောင်စီ၊ အိန္ဒိယစက်မှုလုပ်ငန်းအသင်း၊ မွမ်ဘိုင်းနှင့် ကော်လ်ကတ္တားရှိ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်းများ၏ ထောက်ပံ့မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒေလီဆွေးနွေးပွဲကို "၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းကို ပုံဖော်ခြင်း" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်မှ အမှာစကား ပြောကြား ဖွင့်လှစ်ပေးသည်။ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ၊ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့မှ မိန့်ခွန်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် "အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှုတည်ဆောက်ခြင်း" နှင့် "အာဆီယံ မဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေး၏ အနာဂတ်မျှော်မှန်းချက်" စသည့် ကဏ္ဍနှစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က "အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်း ဆက်သွယ်မှုတည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးက အာဆီယံ ပေါင်းစည်းဆက်သွယ်မှုသည် ၂၀၁၅ ခုနှစ်အကုန်ပိုင်းတွင် ဖြစ်ပေါ်လာမည့် အာဆီယံ အသိုက်အဝန်းအတွက် အရေးကြီးသည့် ကဏ္ဍဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှသို့သွားရာ အာဆီယံတံခါးပေါက် ဖြစ်သကဲ့သို့ အာဆီယံသို့သွားရာ အိန္ဒိယတံခါးပေါက်သဖွယ် ဖြစ်ပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အမြန်လမ်းမကြီးအား ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် ချိတ်ဆက်ရန် ချဲ့ထွင်ခြင်းအား ကြိုဆိုပါကြောင်း၊ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုသည် အာဆီယံ-အိန္ဒိယစီးပွားရေးလုပ်ငန်းစဉ်များ မြှင့်တင်ခြင်း၏ အဓိကသော့ချက်ပင်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရေးကို ရှေးရှု၍ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒမှ အရှေ့ဆောင်ရွက်မှု မူဝါဒသို့ ပြောင်းလဲခြင်းမှာ အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူဖြစ်ပြီး မဟာဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည် ဖြစ်ကြောင်းဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်တို့မှလည်း အဆိုပါ ကဏ္ဍအသီးသီးတွင် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံအမတ်ကြီးနှင့် မြန်မာသံရုံးဝန်ထမ်းများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးနှင့် ဝန်ထမ်းများကို တွေ့ဆုံပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို အသိပေးပြောကြားခဲ့သည်။

မတ် ၁၂ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဗုဒ္ဓဂယာသို့ သွားရောက်ခဲ့ပြီး ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားနှင့် မင်းတုန်းမင်းတို့ တည်ဆောက်ခဲ့ကြသော ကျောက်စာစေတီနှစ်ဆူနှင့် မင်းတုန်းမင်းဇရပ်တို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ပြင်ဆင်မွမ်းမံရန် ကိစ္စအား ဘီဟာပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်တို့ မလေးရှားမြို့ ရှုခင်းအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် တည်ထောင်မှု သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ပူးတွဲကော်မရှင် ပထမအကြိမ် အစည်းအဝေးကို ယခုနှစ်အတွင်း မလေးရှားနိုင်ငံတွင် ကျင်းပရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် မလေးရှားနိုင်ငံသည် အဆင့် (၇)တွင်ရှိပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ လုပ်ငန်းပေါင်း ၅၀ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၈၆၁ ဒသမ ၉၇ သန်းရှိပြီး ယခင်နှစ်ကထက် ၄၆ ဒသမ ၁၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း သိရှိရသည်။

မလေးရှားနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (Malaysia Technical Cooperation Programme-MTCP) အရ မလေးရှားနိုင်ငံတွင် ဖွင့်လှစ်သော ကာလတိုသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေး အစီအစဉ်များသို့ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ စေလွှတ်ခဲ့ပြီး ယခုဆွေးနွေးပွဲတွင် ယင်းအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားရန် ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့အား မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ရှန်ဂရီလာဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့ ရောက်ရှိပြီး မြန်မာသံရုံး ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာပညာတော်သင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များ မှာကြားကာ ပညာတော်သင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး မလေးရှားသံရုံးမိသားစုဝင်များအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

၂၀၁၃ ခုနှစ် စက်တင်ဘာလမှ စတင်ကာ နိုင်ငံတကာမှ ခရီးသွားများ လေကြောင်းခရီးစဉ်ဖြင့် ဝင်ရောက်နိုင်ရေး စတင်ခွင့်ပြုခဲ့သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် နိုင်ငံတကာမှ လေကြောင်းခရီးသည်များ သာမက ပြည်တွင်းလေကြောင်း ခရီးသည်များပါ အဓိကအားထားရသည့် လေဆိပ်တစ်ခုလည်း ဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ရန်ကုန်မြို့တွင်းနှင့် ၁၅ ကီလိုမီတာအကွာတွင်တည်ရှိရာ ခရီးသွားဧည့်သည်များအတွက် လေဆိပ်မှ နေ၍ သွားလာရေးလည်း လွယ်ကူလျက်ရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လေကြောင်းခရီးဖြင့် လာရောက်မှုတဖြည်းဖြည်း တိုးတက်များပြားလာနိုင်မှုကို ရှေးရှုပြီး ပဲခူးမြို့အနီး ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို တည်ဆောက်လျက်ရှိသည်။ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တည်ဆောက်ပြီးစီးပါက ခရီးသွားဧည့်သည်များ လက်ခံနိုင်မှုမှာ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတကာမှ ခရီးသည်များ လာရောက်မှုအတွက် ပြည်ပလေကြောင်းလိုင်းများလည်း ပျံသန်းလျက်ရှိပြီး ဗန်ကောက်လေကြောင်းလိုင်း၊ ထိုင်းလေကြောင်းလိုင်း၊ အဲအာရှလေကြောင်းလိုင်း၊MAI လေကြောင်းလိုင်း၊ အဲချိုင်းနား၊ အဲပုဂံ၊ ချိုင်းနားလေကြောင်းလိုင်း၊ မလေးရှားလေကြောင်းလိုင်း၊ ဂျက်စတားလေကြောင်းလိုင်း၊ ကာတာလေကြောင်းလိုင်းနှင့် ကိုရီးယားလေကြောင်းလိုင်းစသည်တို့ ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဦးရေ ရောက်ရှိမှုမှာ ၂၀၁၂ ခုနှစ်က တစ်သန်းခြောက်သောင်း၊ ၂၀၁၃ ခုနှစ်က နှစ်သန်းလေးသောင်း၊ ၂၀၁၄ ခုနှစ်က သုံးသန်းလာရောက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ခရီးသွား ပိုမိုလာရောက်မည်ဟု မျှော်မှန်းထားသည်။

**(မြန်မာ့အလင်း)**

❂ ကျောဖုံးမှ

မြန်မာယူ-၂၀အသင်းမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ဆားဘီးယားနိုင်ငံအပါအဝင် ဥရောပနိုင်ငံများသို့ မသွားရောက်မီ ယခုပွဲကို ကစားခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းမှာ ဖေဖော်ဝါရီလအတွင်းက ဖီဂျီ ယူ - ၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ အာရှယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်းအတွက် မလေးရှားနှင့် ခြေစမ်းပွဲမှာ ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။ မြန်မာယူ -၂၂ အသင်းသည် လက်ရှိတွင် ဂျပန်နှင့် ထိုင်းနိုင်ငံတို့၌ ခြေစမ်းပွဲများသွားရောက်ကစားနေပြီး ကစားပြီးသော နှစ်ပွဲ၌ ဖီဂျီ ယူ -၂၀နှင့် ဂိုးမရှိသရေကျကာ ဂျပန် ယူ-၂၂ အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာယူ-၂၂ အသင်းသည် ထိုင်းခရီးစဉ်မှ မတ် ၁၉ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

## အိန္ဒိယအမျိုးသမီးအသင်း ဂိုးပြတ်နိုင်ပွဲရ

**မန္တလေး မတ် ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ဆက်လက်ယှဉ်ပြိုင်ရာ အိန္ဒိယအသင်းက နိုင်ပွဲရရှိခဲ့သည်။

အိန္ဒိယ အမျိုးသမီးအသင်း အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲနှင့်အတူ စတင်နိုင်ခဲ့သည်။ အိန္ဒိယအသင်းမှာ နိုင်ပွဲရခဲ့သော်လည်း မြန်မာအသင်းက သီရိလင်္ကာအသင်းကို (၁၆) ဂိုးပြတ်သွင်းထားရာ နောက်ဆုံးပွဲတွင် အနိုင်ရရှိမှသာ ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။အိန္ဒိယအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာအသင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး ပထမအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ယခုပွဲအပြီးတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့မှာ တစ်ပွဲစီအနိုင်ရထားပြီး မတ် ၁၅ ရက်တွင် ကစားမည့် နောက်ဆုံးပွဲမှာ ဒုတိယအဆင့်တက်ရောက်ရန် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

 တွေ့ဆုံမေးမြန်း

# မြန်မာနိုင်ငံအတွက် အထူးအခွင့်အရေး

မေး / ရေး – မိုးသူဇာစိုး၊ ရိုရိုမြင့်
ဓာတ်ပုံ – ဇော်မင်းလတ်၊ လှမိုး

**နိုင်ငံတော်သမ္မတ၏ မလေးရှားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကဏ္ဍအလိုက် ဆွေးနွေးမှုများနှင့် အကျိုးဖြစ်ထွန်းမှုများအပေါ် ခရီးစဉ်တွင်လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးအေးမြင့်**
**ပြည်ထောင်စုဝန်ကြီး**

ခရီးစဉ်မှာ အလုပ်သမားတွေကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ မလေးရှားနိုင်ငံဟာ မြန်မာအလုပ်သမားတွေ သွားရောက်အလုပ်လုပ်နေတဲ့ နိုင်ငံတွေထဲမှာ ဒုတိယအများဆုံးနိုင်ငံဖြစ်တယ်။ အများဆုံးကတော့ ထိုင်းပေါ့၊ မလေးရှားနိုင်ငံမှာ လက်ရှိ မြန်မာအလုပ်သမား သုံးသိန်းနီးပါးရှိတယ်။ တစ်သိန်းခွဲကတော့ ဒီက တရားဝင် စေလွှတ်သူတွေပါ။ နောက်တစ်သိန်းလောက်ကတော့ ဟိုမှာတင် တရားဝင်အောင်လို့ လုပ်ပေးတာ။ သုံးသောင်း၊ လေးသောင်းလောက် ကျန်သေးတယ်။ ကျန်တဲ့အလုပ်သမားတွေကို ဟိုမှာ နိုင်ငံသားစိစစ်ရေး လုပ်ပေးတယ်။ တရားဝင်အလုပ်သမားဖြစ်သွားပြီဆိုတော့ လွတ်လွတ်လပ်လပ်နဲ့ တရားဝင်သွားလာနိုင်တယ်။ အဲဒီလိုမျိုးတွေ လိုက်လုပ်ပေးတော့ တော်တော်လေးအဆင်ပြေတယ်။ ကျန်နိုင်တာက တစ်သောင်း၊ နှစ်သောင်းလောက် ကျန်နိုင်သေးတယ်။ ဟိုမှာ ဒီက ၁၂ ယောက်ပါတဲ့အဖွဲ့ တစ်ဖွဲ့ရှိတယ်။ မလေးရှားနိုင်ငံ မြန်မာသံရုံးမှာထိုင်ပြီးတော့ သွားလုပ်ပေးတယ်။ အဲဒီမှာ ပြည်ထဲရေး၊ လဝက နဲ့ အလုပ်သမားက ဝန်ထမ်းတွေ ပါတယ်။ မလေးရှားအစိုးရနဲ့ညှိနှိုင်းပြီး ဒီလုပ်ငန်းကို ၂၀၁၅ နှစ်ကုန်တဲ့အထိ ဆက်လုပ်ခွင့်ပေးမယ်ဆိုတော့ ကျန်တဲ့အလုပ်သမားတွေကို နိုင်ငံသားစိစစ်ပြီး မှန်လို့ရှိရင် နိုင်ငံသားထုတ်ပေးမယ်။ မြန်မာနိုင်ငံကို ပြန်ချင်တဲ့လူရှိရင် မြန်မာနိုင်ငံသားစိစစ်ပြီးတော့ နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးမှသာ မလေးရှားလဝကက မြန်မာနိုင်ငံကို ပြန်ဖို့ခွင့်ပြုတာပေါ့။ အဲဒါတွေလည်း လုပ်ပေးတဲ့အတွက် တချို့လည်း ကိုယ့်နိုင်ငံ ကိုယ်ပြန်တဲ့လူလည်း ပြန်ကြတယ်။ အချို့လည်း ဟိုမှာဆက်ပြီး အလုပ်လုပ်နေကြတယ်။ အထောက်အထားတွေနဲ့ တရားမဝင်တဲ့သူကနေ တရားဝင်ရအောင် ဒါတွေကို ဆက်လုပ်ပေးနေပါတယ်။ ဒါက မြန်မာနိုင်ငံအတွက် အထူးအခွင့်အရေးပါပဲ။ မလေးရှားမှာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက သွားရောက်အလုပ်လုပ်ကိုင်ကြတယ်။ ဒီလိုအခွင့်အရေးမျိုး မြန်မာနိုင်ငံတစ်နိုင်ငံကိုပဲ သီးခြားအခွင့်အရေးပေးထားတယ်။ သမ္မတကြီးဦးဆောင်တဲ့အဖွဲ့သွားတော့ နှစ်နိုင်ငံညှိနှိုင်းပြီး မြန်မာအလုပ်သမားတွေအတွက် အများကြီး အကျိုးရှိတာပေါ့။

ဟိုမှာရှိတဲ့အဖွဲ့က ၂၀၁၄ ဧပြီလကတည်းက ၂၀၁၅ နှစ်ကုန်တဲ့အထိ လုပ်ပေးမှာ။ အလုပ်သမားတွေ မပြန်သေးရင်လည်း ဆက်လုပ်ပေးဖို့တောင်းဆိုရမှာပါ။ တရားမဝင်တဲ့အလုပ်သမားတွေ တရားဝင်ဖြစ်သွားတာပေါ့။ သို့သော်လည်းပဲ မြန်မာနိုင်ငံကနေ တရားဝင်သွားနိုင်ရဲ့သားနဲ့ ဘာလို့ တရားမဝင်သွားရောက်ကြသလဲ။ ဒီမှာ တရားဝင်အလုပ်အကိုင် အေဂျင်စီ ၂၀၀ ကျော် လောက်ရှိတယ်။ ဒီကနေ နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်နဲ့ အလုပ်လုပ်ကိုင်ခွင့်သွားမယ်ဆိုရင် ဟိုရောက်ရင် ဘယ်သူမှ ကြောက်စရာမလိုဘူး။ တရားမဝင် သွားခြင်းဆိုတာက ပွဲစားတွေရဲ့လိမ်ခြင်းကိုခံရတာပဲ။ ပိုက်ဆံလည်း အများကြီးကုန်တယ်။ အခု တရားဝင်လုပ်လိုက်တော့ ပိုက်ဆံလည်း မကုန်ဘူး။ အလိမ်အညာလည်း မခံရဘူး။ ပိုက်ဆံတွေအများကြီးပေးပြီး ပွဲစားတွေရဲ့အလိမ်အညာတွေ မခံကြပါနဲ့၊ တစ်ခုခုဖြစ်လာရင် ဘယ်သူမှလည်း မကယ်နိုင်ဘူး။ ပွဲစားတွေလည်း ဘယ်ပျောက်သွားမှန်းမသိဘူး။ ဥပဒေကြောင်းအရ အကာအကွယ်ပေးတဲ့နေရာမှာ အခက်အခဲတွေ ဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် အားလုံး တရားဝင်လုပ်ပြီးသွားကြပါလို့ ပြောချင်ပါတယ်။

**ဦးဌေးအောင်**
**ပြည်ထောင်စုဝန်ကြီး**

မလေးရှားနိုင်ငံက ခရီးသွားလုပ်ငန်းတော်တော်လေး ဖွံ့ဖြိုးပါတယ်။ ရပ်နီးရပ်ဝေးက ကမ္ဘာလှည့်ခရီးသွား ၂၅ သန်းလောက်အထိ လာနေပါတယ်။ ဒါကိုဆက်ပြီး တိုးတက်လာအောင် မြှင့်တင်တာ၊ ကြော်ငြာတာတွေနဲ့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ မလေးရှားနိုင်ငံနဲ့ မြန်မာနိုင်ငံက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေတဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်ပြီး ၁၉၉၇ ခုနှစ်က အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တော့လည်း ဒေသတွင်းမှာ အမြဲတမ်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

အခုချိန်မှာ အာဆီယံဒေသကို တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ထူထောင်တဲ့နေရာမှာ မလေးရှားနဲ့ သာမက အခြားနိုင်ငံတွေနဲ့ပါ ဆက်စပ်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်တွေရှိပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလက နေပြည်တော်မှာကျင်းပတဲ့ အစည်းအဝေးမှာ မလေးရှားက စတင်ပြီး ဦးဆောင်ဦးရွက်ပြုတဲ့ အစီအစဉ်ကို ဒီနှစ်ထဲမှာ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အခုလ ၄ ရက်နေ့က ဘာလင်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာခရီးသွားပြပွဲမှာ မြန်မာနိုင်ငံအနေနဲ့လည်း အကြီးကျယ်ဆုံး ပါဝင်ပြသခဲ့ပါတယ်။ အလားတူပဲ မလေးရှားကလည်း ပါဝင်ပြသပါတယ်။ အဲဒီမှာ ဒီအစီအစဉ်ကို ကျွန်တော်ဦးစီးပြီးတော့ပဲ လုပ်ငန်းမြှင့်တင်မှု ကြော်ငြာတွေ လုပ်ခဲ့ပါတယ်။ လုပ်ငန်းမြှင့်တင်မှုကြော်ငြာတွေကို ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်အောင်နဲ့ မလေးရှားရဲ့ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးနေတာကို ကျွန်တော်တို့ရဲ့ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးအောင်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ခရီးသွားလာရေးဖွံ့ဖြိုးဖို့အတွက် မလေးရှားက လုပ်ငန်းရှင်၊ ကုမ္ပဏီတွေကို မြန်မာနိုင်ငံက ခရီးစဉ်ဒေသတွေကို ဖိတ်ခေါ်မိတ်ဆက်ပြသပေးသွားမှာဖြစ်ပြီး မလေးရှားပြည်သူတွေသာမက နိုင်ငံတကာက ခရီးသွားတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ စိတ်ဝင်စားဖွယ်ရာ နေရာဒေသတွေကို လာရောက်လည်ပတ်ဖို့ အခွင့်အလမ်းတွေ ပိုမိုပွင့်လင်းလာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးရဲထွန်း**
**ပြည်ထောင်စုဝန်ကြီး**

မလေးရှားနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တာမှာ တရားဝင်နဲ့ တရားမဝင်ရောက်ရှိနေတဲ့ မြန်မာအလုပ်သမားတွေရဲ့အခွင့်အရေးနဲ့ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဆွေးနွေးခဲ့တယ်။

နောက်တစ်ချက်က ဒီနှစ်ထဲမှာ နှစ်နိုင်ငံ ပူးတွဲအစည်းအဝေးတစ်ခု ပြုလုပ်ဖို့ နိုင်ငံခြားရေးဝန်ကြီးတွေ ဆွေးနွေးခဲ့တယ်။ မလေးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်တဲ့အခါမှာ အာဆီယံဒေသတစ်ခုလုံးရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ အစီအစဉ်တစ်ခု ဆောင်ရွက်နေတာရှိပါတယ်။ ပြီးခဲ့တဲ့ လအနည်းငယ်က နေပြည်တော်မှာကျင်းပခဲ့တဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးများအစည်းအဝေးမှာ အတည်ပြုခဲ့တယ်။ ဒါကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့တယ်။

နောက်တစ်ခုက အလုပ်သမားတွေနဲ့ပတ်သက်တဲ့ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းပေးဖို့ကိစ္စနဲ့ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့လုပ်ငန်းတွေ ဆွေးနွေးခဲ့ပါတယ်။ ခရီးစဉ်က အချိန်တိုပေမယ့် ဝန်ကြီးချုပ်နဲ့ဆွေးနွေးတဲ့အခါ ကဏ္ဍအတော်များများမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တယ်။ ပူးပေါင်းဆောင်ရွက်မယ့် ဧရိယာအားလုံးအတွက်လည်း သဘောတူညီမှုတွေ ယူခဲ့တယ်။

ဟိုတယ်ခရီးက ပြီးခဲ့တဲ့ အာဆီယံမှာ လက်မှတ်ထိုးခဲ့တယ်။ ဒီလ လဆန်းက ဘာလင်မှာကျင်းပခဲ့တဲ့ ခရီးသွားပြပွဲမှာ ဒါကို Promotion လုပ်ခဲ့တယ်။ နှစ်နိုင်ငံခရီးသွားလုပ်ငန်းကို မြှင့်တင်နေတာ ကြာပြီ။ သို့သော် အာဆီယံဒေသကြီးတစ်ခုလုံးအနေနဲ့ အာဆီယံဒေသမှာရှိတဲ့ မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ၊ အနုပညာတွေ၊ စွမ်းဆောင်မှုရှိတာတွေကို အခုလိုပေါင်းပြီး အာဆီယံဒေသကြီးတစ်ခုလုံးအနေနဲ့ မြှင့်တင် ဆွဲဆောင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။

နောက်တစ်ခုက သမ္မတကြီး အဓိကထားတာက တနင်္သာရီ မြိတ်ကျွန်းစုဒေသက Eco Tourism အတွက် အလွန်အလားအလာကောင်းတယ်။ ဒီဒေသရဲ့ တောင်ဘက်ကို ဆက်ဆင်းလိုက်ရင် မလေးရှားနိုင်ငံမှာရှိတဲ့ လန်ကာဝီတို့မှာ ဒီလုပ်ငန်းက ဖွံ့ဖြိုးနေပြီဖြစ်လို့ ဒီနှစ်ခုကို ချိတ်ဆက်ဆောင်ရွက်နိုင်ရင် တော်တော်အကျိုးရှိမယ်။ ဟိုအရင်ကတည်းက မြန်မာနိုင်ငံတောင်ပိုင်းနဲ့ ပီနန်က ဆက်ဆံရေးအလေ့အထတွေရှိပြီးသားဖြစ်လို့ အဲဒီလမ်းကြောင်းကို ပြန်ဖော်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ပညာရေးနဲ့ပတ်သက်လို့ အဓိကက မလေးရှားက တက္ကသိုလ်နဲ့ မြန်မာတက္ကသိုလ်တွေကြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဖို့ပါ။ ဒါကို ပညာရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်သွားမှာပါ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကော်မတီ၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတွေကနေ အသေးစိတ် ဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးရဲထွန်း မီဒီယာများအား ဖြေကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် မီဒီယာများအား ဖြေကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် မီဒီယာများအား ဖြေကြားစဉ်။

# တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တရားဝင်ဆွေးနွေးပွဲများ ယခုရက်ပိုင်းအတွင်း ပြန်လည်စတင်မည်

**ရန်ကုန် မတ် ၁၃**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ- UPWC နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ သတ္တမအကြိမ်မြောက် ဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) ၌ ကျင်းပသွားနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း MPC မှ သိရသည်။

သတ္တမအကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (မူကြမ်း) ဆွေးနွေးပွဲကို ငါးရက်ကြာ ကျင်းပသွားရန် လျာထားကြောင်း MPC မှ သိရသည်။

ယခု ကျင်းပမည့် ဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) မှ ဆွေးနွေးရန်ကျန်ရှိသော အချက် (၈) ချက်ကို ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး ပဋိပက္ခလျှော့ချရေး၊ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေး၊ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များနှင့် အထွေထွေကိစ္စရပ်များကိုပါ ထည့်သွင်းဆွေးနွေးသွားမည်ဟု MPC မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦးက ပြောကြားသည်။

"(၇)ကြိမ်မြောက် တရားဝင် အစည်းအဝေးကို ရန်ကုန်မှာပဲ လုပ်မယ်။ NCCT ဘက်က လာရတဲ့အတွက်လည်း ခရီးစဉ် နောက်ကျသလို အစိုးရဘက်ကလည်း ၁၆ ရက်နေ့မှာ အရေးကြီးတဲ့အစည်းအဝေးရှိတယ်။ KIO က ရန်ကုန်မလာခင် နေပြည်တော်ကိုဝင်ပြီးတော့ အစိုးရနဲ့ တပ်မတော်ကို တွေ့မယ်။ နှစ်ဖက်စလုံးက ၁၆ ရက်နေ့လည်ပိုင်းမှ ရောက်မှာဆိုတော့ ဆွေးနွေးပွဲက မတ် ၁၇ ရက်လောက်ဖြစ်မယ်" ဟု ဦးအောင်နိုင်ဦးက ပြောသည်။

ယခု ဆွေးနွေးပွဲကျင်းပနိုင်ရန်အတွက် MPC ၏လုပ်ငန်းအဖွဲ့နှင့် NCCT မှ ဦးနိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးဂွမ်မော်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီနောက်ဆုံးပတ်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace Making Work Committee) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team) တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement) မူကြမ်းအပေါ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် မှ ၂၃ ရက်အထိ မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ဗဟိုဌာန (Myanmar Peace Center) ၌ ကျင်းပခဲ့သည်။

**ရဲခေါင်ညွန့်**
**မြတ်သန္တာမောင်**

## ပြည်တွင်းသတင်း

❒ *ကျောဖုံးမှ*

စာနာထောက်ထားသောအားဖြင့် ကျူးလွန်သောပြစ်မှုများအပေါ် သက်ညှာ၍ ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ကိုးဦးတို့အား သက်ဆိုင်ရာက ဆုံးမစကားပြောကြားပြီး မိဘ/ အုပ်ထိန်းသူများထံ ပြန်လည် အပ်နှံပေးခဲ့ပြီးဖြစ်သဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦး အပ်နှံပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ အပ်နှံမှုများကို ဆက်လက်စိစစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း နှင့် ယနေ့နံနက်ပိုင်းကလည်း သတင်းထောက်နှစ်ဦးကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး မှာကြား၍ ပြန်လည်စေလွှတ် ပေးခဲ့ပြီးဖြစ်ရာ ပြန်လည်စေလွှတ် ပေးခဲ့သူ စုစုပေါင်း ၂၈ ဦးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**တိုင်းဒေသကြီး /ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက်(၂)ဦးနှင့် မိဘများထံ ပြန်လည်အပ်နှံပြီးသည့် ကျောင်းသား/ ကျောင်းသူများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၁၂-၃-၂၀၁၅အပ်နှံပြီး | | | ၁၃-၃-၂၀၁၅ အပ်နှံပြီး | | | စုစုပေါင်း အပ်နှံပြီး | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | စစ်ကိုင်း | ၂ | - | ၂ | - | - | - | ၂ | - | ၂ |
| ၂ | ပဲခူး | ၁ | - | ၁ | - | - | - | ၁ | - | ၁ |
| ၃ | မန္တလေး | ၄ | ၁ | ၅ | ၅ | ၁ | ၆ | ၉ | ၂ | ၁၁ |
| ၄ | မွန် | ၁ | - | ၁ | - | - | - | ၁ | - | ၁ |
| ၅ | ရန်ကုန် | ၄ | ၄ | ၈ | - | ၁ | ၁ | ၄ | ၅ | ၉ |
| ၆ | ဧရာဝတီ | - | - | - | ၁ | ၁ | ၂ | ၁ | ၁ | ၂ |
| | ပေါင်း | ၁၂ | ၅ | ၁၇ | ၆ | ၃ | ၉ | ၁၈ | ၈ | ၂၆ |
| ၇ | သတင်းထောက် | - | - | - | ၂ | - | ၂ | ၂ | - | ၂ |
| | စုစုပေါင်း | ၁၂ | ၅ | ၁၇ | ၈ | ၃ | ၁၁ | ၂၀ | ၈ | ၂၈ |

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက် နှစ်ဦးနှင့် မိဘထံပြန်လည်အပ်နှံပြီးသည့် ကျောင်းသား/ကျောင်းသူများစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | အသက် | ခေါ်ဆောင်သည့် အုပ်ထိန်းသူ/မိဘအမည် | ပညာ အရည်အချင်း | တက်ရောက်သည့် တက္ကသိုလ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁။ | ပဲခူးတိုင်း | သန့်လွမ်းဝေချစ် | ၂၀ နှစ် | ဦးသန်းရွှေ+ဒေါ်ခင်စန်း | (ဒု) နှစ်၊ရုက္ခဗေဒ | တောင်ငူတက္ကသိုလ် | အမှတ်(၂၄၉)၊ ဦးမှန်းလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ငူမြို့ | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂။ | မန္တလေး | ထက်ခိုင် | ၁၈ နှစ် | ဒေါ်နန်း၊ ၁၃/ဟပန(နိုင်)၀၃၂၇၀၆ | (ဒု)နှစ်၊ ဥပဒေ | ရတနာပုံတက္ကသိုလ် | (၈၁)လမ်း၊ (၃၇/၃၈) လမ်းကြား၊ မန္တလေးမြို့ | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၃။ | မန္တလေး | စစ်နိုင်အောင် | ၁၇နှစ် | ဦးမင်းနိုင်၊ ၁၃/နခန(နိုင်) ၀၂၀၃၂၆ | (ဒု)နှစ်၊ ဥပဒေ | ရတနာပုံတက္ကသိုလ် | ကြိမ်ဂနိုင်ရွာ၊ နောင်ချိုမြို့ | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၄။ | မန္တလေး | ပြည့်စုံ | ၂၂နှစ် | ဦးမောင်မောင်+ ဒေါ်ခင်သန်း | (စ) နှစ်၊ စက်မှု | မိတ္ထီလာနည်းပညာ တက္ကသိုလ် | အမှတ် (၁၃၃၉) ၊ လေတပ်လမ်း၊ အောင်ဇေယျာ(၉)နယ်မြေ၊ မိတ္ထီလာမြို့ | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၅။ | မန္တလေး | အောင်မင်းခန့် | ၂၀ နှစ် | ဦးခင်မောင်ဆွေ၊ ၉/ပကခ(နိုင်)၀၁၈၄၇၉ | (ဒု)နှစ်၊ မြို့ပြ | ကျောက်ဆည်နည်း ပညာတက္ကသိုလ် | အမှတ် (အ/၁၇)၊ လမ်းသွယ်(၁၈) ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေး | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၆။ | မန္တလေး | မခိုင်ဇင်သက် | ၂၁ နှစ် | ဦးကျော်ခိုင်+ ဒေါ်ချိုချိုသက် | (စ)နှစ်၊အင်္ဂလိပ်စာ | ရတနာပုံတက္ကသိုလ် | အမှတ် (၁၆/၁၂)လမ်း၊(၈၆/၈၇) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့ | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၇။ | မွန် | စိုးလွင်ကျော် | ၁၈ နှစ် | ဦးချိုချို၊ ၇/ပခန(နိုင်)၂၄၇၉၅၈ | (ဒု)နှစ်၊ စိုက်/သိပ္ပံ | သထုံမြို့ | အမှတ်(၄၇၈)၊ကလျာဏီ (၄)လမ်း၊ ပဲခူးမြို့ | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၈။ | ရန်ကုန် | ကျော်ဇင်ခန့် | ၂၁နှစ် | ဦးအောင်ကြည်မြင့်+ ဒေါ်ကြည်ကြည်မြင့် | (တ)နှစ်၊စက်မှု | သန်လျင်နည်းပညာ တက္ကသိုလ် | အမှတ်(၁၁၆၃)၊ ဇာဒက်ကြီးကျွန်းလမ်း၊(၁၈) ရပ်ကွက်၊ ဒဂုံ(တောင်)၊ ရန်ကုန် | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၉။ | ရန်ကုန် | ထက်လင်း | ၁၉နှစ် | ဦးတင်လှ၊ ၇/ပခန (နိုင်)၁၇၆၁၄၅ | (ဒု)နှစ်၊ စက်မှု/လျှပ်စစ် | မှော်ဘီနည်း ပညာတက္ကသိုလ် | အမှတ်(၃၆၂)ဗိုလ်မင်းရောင် (၄)လမ်း၊ (၇)ရပ်ကွက်၊ ပဲခူးမြို့ | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၀။ | ရန်ကုန် | အောင်သောင်းဦး | ၂၃ နှစ် | ဒေါ်နုနုရီ၊ ၁၂/ ကမရ(နိုင်) ၀၂၉၉၅၇ | (တ)နှစ်၊ ဂီတ | ရန်ကုန်အနုပညာ တက္ကသိုလ် | အမှတ်(၂၉)၊ရွှေနှင်းဆီ(၅)လမ်း၊ ၂၅ ရပ်ကွက် ၊ဒဂုံ(တောင်) | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၁။ | ရန်ကုန် | သန့်ညီညီဝင်း | ၂၁ နှစ် | ဦးခင်ဝင်း+ဒေါ်သန်း သန်းခွဲ့ | (တ)နှစ်၊ သမဝါယမ | သန်လျင်သမဝါယမ တက္ကသိုလ် | အမှတ်(၈/၉၆)၊ ငုရွှေဝါလမ်း၊ မြို့မ(၁) ရပ်ကွက်၊မဒေါက်၊ညောင်လေးပင်မြို့ | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၂။ | ရန်ကုန် | မရည်မိုမို အောင်(ခ)ရည်မွန် | ၁၉နှစ် | ဒေါ်အေးအေးမော် ၁၂/တကတ(နိုင်) ၀၄၂၇၈၈ | (တ)နှစ်၊ ကုန်ထုတ်/ဓာတု | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | န၀ရတ်(၂)လမ်း၊အရှေ့ရပ်ကွက် သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၃။ | ရန်ကုန် | မအိဖြူဖြူထွန်း | ၁၉နှစ် | ဦးတင်ထွန်း၊ ၁၂/သကတ (နိုင်) ၀၃၇၁၄၁ | (တ)နှစ်၊ပထဝီ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | န၀ရတ်(၂)လမ်း၊ အရှေ့ရပ်ကွက် သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၄။ | ရန်ကုန် | မသစ္စာအေး မြတ်မွန် | ၁၉နှစ် | ဦးယဉ်ထွေးဇော် (ဦးလေး)(မိဘကွယ်လွန်) 3CG-018743 | (တ)နှစ်၊အင်္ဂလိပ်စာ | ဒဂုံတက္ကသိုလ် | အမှတ်(၃၇၃)၊ရွှေနှင်းဆီ(၆)လမ်း၊ (၂၅)ရပ်ကွက်၊ဒဂုံ(တောင်) | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၅။ | ရန်ကုန် | မတင့်တင့်ခိုင် | ၂၂ နှစ် | ဦးငွေဝင်း၊၁၂/ သလန (နိုင်)၀၅၈၁၁၀ | (ဒု)နှစ်၊ ဥပဒေ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | ဗိုလ်ချုပ်ကျေးရွာ၊ မဥ္ဇူလမ်း၊ သံလျင်မြို့နယ် | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၆။ | ဧရာဝတီ | ဆန်းလင်းထိုက် | ၂၁နှစ် | ဦးစန်းဝင်း၊၁၄/ဇလန (နိုင်)၀၅၇၉၃၉ | (ဒု)နှစ်၊ စက်မှု | ဟင်္သာတနည်းပညာ တက္ကသိုလ် | မေဒုံရွာ၊ ဇလွန်မြို့ | ၁၂-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၇။ | ဧရာဝတီ | မသက်ထားစံ | ၁၇နှစ် | ဦးအောင်မြင့်ကြည် ၁၄/ပသန(နိုင်)၀၂၁၃၂၈ | (ပ)နှစ်၊သတ္တဗေဒ | ပုသိမ်တက္ကသိုလ် | အမှတ် (၁၀၄၆)၊ ယိုးဒယားကုန်းရပ်၊ (၂)ရပ်ကွက်၊ ပုသိမ်မြို့ | ၁၂-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၈။ | ရန်ကုန် | မအေးအေးဟန် | ၂၃နှစ် | ဦးသက်နိုင်+ ဒေါ်ခင်ဖြူဝင်း | (တ)နှစ်၊ ရူပဗေဒ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | ကွမ်းမိုးဒိန်းရွာ၊ ညောင်ပင်ကွင်းအုပ်စု၊ ခရမ်းမြို့နယ် | ၁၃-၃-၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၉။ | မန္တလေး | ကောင်းဇော်ဟိန်း | ၂၁ နှစ် | ဦးစိုးသန်းမောင်+ ဒေါ်ခင်မြထွေး | (ဒု)နှစ်၊ စက်မှု/လျှပ်စစ် | မန္တလေးနည်းပညာ တက္ကသိုလ် | ၆၀-က/အကွက်အမှတ် (ပ-၅)၊ မြို့သစ် (၄) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၀။ | မန္တလေး | နိုင်ရဲဝေ | ၁၉ နှစ် | ဒေါ်ဒီမိုးကျော် (အစ်မ) | (တ)နှစ်၊ ဇီဝ/ဓာတု | ရတနာပုံတက္ကသိုလ် | ပလိပ်အုပ်စု၊ စဉ့်ကိုင်မြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၁။ | မန္တလေး | ရဲမင်းထွန်း | ၁၈နှစ် | ဦးဝင်းမြင့်+ဒေါ်ခင်ငွေဝင်း | (ပ)နှစ်၊ သင်္ချာ | ရတနာပုံတက္ကသိုလ် | ကပယ်ရွာ၊ တံတားဦးမြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၂။ | မန္တလေး | ကျော်သီဟရဲကျော် | ၁၈နှစ် | ဦးဇော်ရဲကျော် (အစ်ကို) | (ဒု)နှစ်၊ ဥပဒေ | ရတနာပုံတက္ကသိုလ် | ကန်ဆင့်ကျေးရွာ၊ မြင်းခြံမြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |

*စာမျက်နှာ ၁၁ သို့*

## ပြည်တွင်းသတင်း

*စာမျက်နှာ ၁၀ မှ*

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | အသက် | ခေါ်ဆောင်သည့် အုပ်ထိန်းသူ/မိဘအမည် | ပညာ အရည်အချင်း | တက်ရောက်သည့် တက္ကသိုလ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၂၃။ | မန္တလေး | ရှိုင်းမင်းထက်ဇော် | ၂၁နှစ် | ဦးမျိုးမြင့်နိုင်+ဒေါ်နွယ်နွယ်အေး | (၃)နှစ်၊ ကုန်ထုတ်ဓာတု | ရတနာပုံတက္ကသိုလ် | မင်းလှဘုတာ၊ မင်းလှမြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၄။ | မန္တလေး | မအောင်မေလွင် | ၁၉နှစ် | ဦးအောင်ကျော်+ဒေါ်တင်လှ | (၃)နှစ်၊ ရူပဗေဒ | ရတနာပုံတက္ကသိုလ် | ဝံစုကျေးရွာ၊ မတ္တရာမြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၅။ | စစ်ကိုင်း | သော်ဆွေ | ၂၂နှစ် | ဦးစိုးမြင့်+ဒေါ်မော် | (တ)နှစ်၊ ပထဝီ | မုံရွာတက္ကသိုလ် | မောက္ကတော်ရွာ၊ မင်းကင်းမြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၆။ | စစ်ကိုင်း | ဟိန်းစိုးကျော် | ၂၀နှစ် | ဦးကျော်စဟန်+ဒေါ်စန်းစန်းယဉ် | (တ)နှစ်၊ ရူပဗေဒ | မုံရွာတက္ကသိုလ် | ကြို့ကုန်းရွာ၊ ဘုတလင်မြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၇။ | ရန်ကုန် | ညဏ်လင်းထွန်း (အငယ်တန်း သတင်းထောက်၊ မြန်မာပို့စ် ဂလိုဘယ်ဂျာနယ်) | ၂၁နှစ် | ဦးဇော်လင်း+ဒေါ်ဝင်းဝင်းခိုင် | သိပ္ပံဘွဲ့(ဓာတု) | | အမှတ်(ခ)/၁၀၅၊ တုသိတာလမ်း၊ မ/ဥက္ကလာမြို့နယ် | ၁၃-၃-၂၀၁၅ရက်နေ့ သတင်းထောက်ပြန်လွှတ် |
| ၂၈။ | ရန်ကုန် | ဖြိုးအောင်မြင့် (အကြီးတန်း သတင်းထောက်၊ The Reporter Journal) | ၂၆ နှစ် | ဦးအောင်တင့် | BE(IT) | | အမှတ်(၄၀)၊ ရေစက်လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် | ၁၃-၃-၂၀၁၅ ရက်နေ့ သတင်းထောက်ပြန်လွှတ် |



ရဟန်းသံဃာတော်များနှင့် မအပ်စပ်သည့်ကိစ္စများ၌ ပါဝင်ခဲ့ခြင်းအပေါ် ခွင့်လွှတ်သည်းခံပေးပါရန် လျှောက်ထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားလွှာများနှင့်အညီ ကျင့်ကြံအားထုတ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပြီး မတ် ၁၁ ရက် နံနက်ပိုင်းတွင် လက်ပံတန်းမြို့ အောင်မြေဇိမာန်ကျောင်းတိုက်မှ ပြန်လည်ထွက်ခွာသွားခဲ့သော မတ် ၁၀ ရက် လက်ပံတန်းဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် သံဃာ ၁၀ ပါးအား တွေ့မြင်ရစဉ်။ (သတင်းဖော်ပြပြီး) (၀၀၉)

## လောက်ကိုင်စာစစ်ဌာနကို ကွမ်းလုံစာစစ်ဌာန၌ ပြောင်းလဲဖြေဆို

**ကွမ်းလုံ မတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသ၌ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး တိုက်ပွဲဒေသရှိ စာစစ်ဌာနအား ကွမ်းလုံမြို့နယ် စာစစ်ဌာနသို့ ပြောင်းလဲဖြေဆိုစေလျက်ရှိပါသည်။

ထိုသို့ဖြေဆိုရာတွင် မတ် ၁၁ ရက်မှစပြီး ၁၃ ရက်နေ့ သချ်ာဘာသာရပ်ဖြေဆိုသည်အထိ တိုက်ပွဲရှောင် လောက်ကိုင်ဒေသမှ မူလဖြေဆိုရန် စာရင်းသွင်းထားသူပေါင်း ၁၁၆ ဦးရှိပြီး ယနေ့ဖြေဆိုသူ ၇၉ ဦး လာရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်း ၇၃ ဒသမ ၆၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

## တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆို

**မူဆယ် မတ် ၁၃**

မူဆယ်ခရိုင် မူဆယ်စာစစ်ဌာန၊ နမ့်ခမ်းစာစစ်ဌာန၊ ကွတ်ခိုင်စာစစ်ဌာန အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၃ ရက် တတိယမြောက်နေ့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

မူဆယ်ခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ စာရင်းသွင်းထားသူ ၃၄၀၂ ဦးရှိပြီး ယနေ့လာရောက် ဖြေဆိုသူဦးရေ ၃၂၃၂ ဦးရှိသဖြင့် လာရောက်ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

## တက္ကသိုလ်ဝင်စာမေးပွဲ သချ်ာဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ထိုက်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်တောင်ညို အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက် ကြီးကြပ်ရေးမှူးတို့အားတွေ့ဆုံ၍ စာမေးပွဲလုပ်ငန်းများကို စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်နေမှုနှင့် စာဖြေသူများ စိတ်ချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စာဖြေခန်းအသီးသီး၌ သချ်ာဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

## ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ သချ်ာဘာသာရပ်ဖြေဆိုသူ ၅၉၆၂၅ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့ နံနက် ၉ နာရီက သချ်ာဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သချ်ာဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၉၆၂၅ ဦးရှိရာ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုသည့်နေ့ထက် ၄၄၄ ဦး လျော့နည်းပြီး စာမေးပွဲစတင်ဖြေဆိုသည့်နေ့ထက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၁၄၃ ဦးလျော့နည်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



## ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေနိုင်ရေးအတွက် လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၃**

မတ် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသော ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့များရှိ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာစာစစ်ဌာန ကျောင်းများတွင် လုံခြုံရေး၊ ယာဉ်လမ်းရှင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ခဲ့ကြရာ **(ဓါတ်ပုံ)** ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**

ပြည်တွင်းသတင်း

# ကလေးမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**ကလေး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနပေါင်း ၁၃ ခုရှိရာ ကလေးမြို့နယ်အနေဖြင့် ဖြေဆိုသူပေါင်း ကျောင်းသား ၃၂၆၂ ဦး၊ ကျောင်းသူ ၄၂၈၇ ဦး ဖြေဆိုနေကြောင်းသိရသည်။



ကလေးခရိုင်၌ ဖြေဆိုသူပေါင်း ကလေးမြို့နယ်တွင် ၇၅၄၉ ဦး၊ ကလေးဝမြို့နယ်တွင် ၆၄၁ ဦး၊ မင်းကင်းမြို့နယ်တွင် ၁၉၄၉ ဦး မြန်မာစာဖြေဆိုခဲ့သည့်နေ့တွင် အေးချမ်းစွာဖြင့် ဖြေဆိုခဲ့ကြကြောင်း သိရသည်။

"ကျောင်းသားတွေကတော့ စာမေးပွဲကိုပဲ အာရုံစိုက်နေကြပါတယ်။ ဒေသတာဝန်ရှိသူတွေကလည်း လှည့်လှည်ပြီး စစ်ဆေးပေးနေပါတယ်။ ဝန်ထမ်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေကလည်း အပြင်စည်းကနေ ကျောင်းသားတွေ အေးအေးချမ်းချမ်း စာမေးပွဲဖြေဆိုနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု တာဟန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

**သျှင်နေမင်း**

# ပြည်လမ်းမပေါ်ရှိ မြေနီကုန်းမီးပွိုင့်မှ ရှင်စောပုမီးပွိုင့်အကြား လမ်းခေတ္တပိတ်မည်

**ရန်ကုန် မတ် ၁၃**

မြေနီကုန်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းအား သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးအတွက် ပြည်လမ်းမပေါ်ရှိ မြေနီကုန်းမီးပွိုင့်မှရှင်စောပု မီးပွိုင့်ကြားတွင် စက်ယန္တရားကြီးများ အထိုင်ချ တပ်ဆင်ခြင်း၊ ကွန်ကရစ်ကားများဖြင့် ကွန်ကရစ်လောင်းခြင်းတို့အား နေ့/ညဆောင်ရွက်ရမည်ဖြစ်ပါ၍ မတ် ၁၆ ရက်မှ ၃၁ ရက်အထိ ပြည်လမ်းမပေါ်ရှိ မြေနီကုန်းမီးပွိုင့်မှ ရှင်စောပု မီးပွိုင့်ကြားအား ယာယီပိတ်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် သင့်တော်သည့်လမ်းကြောင်းများအား ရွေးချယ်မောင်းနှင်နိုင်ကြရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တောင်သာမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲများ အေးချမ်းစွာဖြေဆို



**တောင်သာ မတ် ၁၃**

တောင်သာမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို စာဖြေဌာန ၁၁ ခု ဖွင့်လှစ်ဖြေဆိုလျက်ရှိရာ သင်္ချာဘာသာအပြီးတွင် စာရင်းရှိ ၄၀၀၅ ဦး၊ ပျက်ကွက်သူ ၂၅၈ ဦး၊ ဖြေဆိုသူ ၃၇၄၇ ဦးရှိ၍ ၉၃ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်းနှင့် အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# မြစ်ကြီးနားမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**မြစ်ကြီးနား မတ် ၁၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်ကျင်းပရာ မြစ်ကြီးနားမြို့နယ်အတွင်း စာဖြေဌာန ၁၄ ခုတွင် အင်အား ၇၅၀၀ ကျော်ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

မြစ်ကြီးနားမြို့နယ်တွင် စာဖြေဌာန ၁၄ ခု၌ ဖြေဆိုရန် မှတ်ပုံတင်ထားသူ ကျောင်းတွင်းနှင့် အပြင်ဖြေ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၁၅၁ ဦးရှိသော်လည်း တတိယနေ့မြောက် စာမေးပွဲတွင် အမှန်တကယ် ဖြေဆိုသူ ကျောင်းသား ၂၉၂၅ဦး၊ ကျောင်းသူ ၄၅၈၉ ဦး စုစုပေါင်း ၇၅၁၄ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရပြီး စာမေးပွဲလာရောက်ဖြေဆိုသူ ကျောင်းသားတစ်ဦးက "ဖြေနိုင်ပါတယ်၊ နောက်ပိုင်းဘာသာတွေလည်း ဖြေနိုင်မယ်လို့ ယုံကြည်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မြို့မှာ တည်တည်ငြိမ်ငြိမ် ငြိမ်းငြိမ်းချမ်းချမ်းဖြစ်နေလို့ပါ။ မတည်မငြိမ်ဆိုရင် ကျွန်တော်တို့ ကျောင်းသားတွေလည်း စိတ်အနှောင့်အယှက်ဖြစ်ပြီး စာမေးပွဲဖြေဆိုရာမှာ အခက်အခဲဖြစ်မှာပါ။ အခုဆိုရင် အေးအေးချမ်းချမ်းမို့ ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့သည်။

**မိုဃ်းကျ(မြစ်ကြီးနား)**




# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသော ကျောင်းသား ကျောင်းသူများ တည်းခိုနေသောအဆောင်နှင့်အိမ်များသို့ သောက်သုံးရေများဖြည့်တင်း

**ကျွန်းစု မတ် ၁၃**

ကျွန်းစုမြို့နယ်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား ကျွန်းစုအထက စာစစ်ဌာနတွင် ရပ်ဝေးအထက(ခွဲ)ကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆိုလျက်ရှိရာ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများသည် ဘော်ဒါဆောင်၊ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်အသီးသီးတို့တွင် တည်းခိုလျက်ရှိသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအတွက် သောက်ရေနှင့် သုံးရေ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်ဖြင့် လည်းကောင်း၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ မော်တော်ယာဉ်များဖြင့်လည်းကောင်းနေအိမ်များ၊ ဘော်ဒါဆောင်နှင့် ဘုန်းတော်ကြီးကျောင်းများကို သောက်ရေသုံးရေများလိုက်လံဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟိုပန်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**ဟိုပန် မတ် ၁၃**

ဟိုပန်ခရိုင် ဟိုပန်စာစစ်ဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၃ ရက် တတိယမြောက်နေ့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

ဟိုပန်မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ စာရင်းသွင်းထားသူ ၁၂၆ ဦးရှိပြီး ယနေ့လာ ရောက်ဖြေဆိုသူဦးရေ ၁၁၈ ဦးရှိ သဖြင့် လာရောက်ဖြေဆိုသူ ၉၃ ဒသမ ၆၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

စာပေမြင့်မှ လူမျိုးတင့်မည်


## မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၇-၃-၂၀၁၅ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၃၀ နာရီ
**ကျင်းပမည့်နေရာ** - မြန်မာကွန်ဗင်းရှင်းစင်တာ (MCC ခန်းမ)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း**

သဘာဝအချိုရည်၊ဂျယ်လီ၊သစ်သီးယို၊ရေခဲမုန့်နိုင်ငံခြားမုန့်ဖုတ်သင်တန်း

ရှားစောင်းလက်ပတ်အချိုရည်အဆီကျဖျော်ရည်မစ်ရှိတ်ပူတင်းဒိန်ချဥ်နှင့်အအေးဆိုင်ဖွင့်နည်းဆော့ဖ်ဝိုင်၊

| | | | | |
|---|---|---|---|---|
| 1 | 19.3.15 မှ 25.3.15 | 3 | 25.3.15 မှ 31.3.15 | ကိတ်ကွတ်ကီး၊Puffပေါင်မုန့်၊ |
| 2 | 22.3.15 မှ 28.3.15 | 4 | 28.3.15 မှ 3.4.15 | Pizzaနှင့်နိုင်ငံခြားမုန့်မျိုးစုံ |

ROYAL SUN စားသောက်ကုန်သင်တန်း အမှတ်-26၊သမိတောလမ်း၊ အလုံစာတိုက်အနီး၊အလုံမြို့နယ်၊ရန်ကုန်။ 01-212651,09-30309551

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲဖြိုးအောင် ၁၂/ ဥကတ(နိုင်)၁၈၉၈၃၉၏ BST-47043/14 လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၃၆၄၉၅**

## မုခ်ဦးအလှူရှင်များသို့ နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ အောင်သစ္စာပတ္တမြားရတနာကျောင်းတိုက်၌ တည်ဆောက်လျက်ရှိသော အဝင်မုခ်ဦးအား တစ်ဦးတည်းလှူဒါန်းလိုသည်ဖြစ်စေ၊ အများနှင့်မတည်လှူဒါန်းလိုသည်ဖြစ်စေ၊ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

၁။ ဦးသူရိယ ဖုန်း-၀၉-၇၃၀၀၆၇၉၀
၂။ ဦးဣန္ဒိဗလ ဖုန်း-၀၉-၇၉၉၉၂၆၅၃၆

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၈၅၄၆ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Moe Htet Nay Min Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၁၇၅၊ မြေကွက်တည်နေရာအမှတ် ၁၁၇၅၊ နဝရတ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးအုန်းသွင် CA/RGN-၀၁၀၅၀၈ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအုန်းသွင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မာရီယမ္မာ ၁၂/သခန(ပြု)၀၀၁၉၀၉ က မြေပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## အမည်ပြောင်း

ဦးညွန့်မင်း၏သား အထက(၅)တာမွေ၊ Grade-8(A)မှ မောင်ကောင်းခန့်ကျော်အား မောင်အောင်ပြည့်သျှန်ဟုလည်းကောင်း၊ အမက(၇)တာမွေ၊ Grade-3(A)2မှ မပန်းမြတ်ရွှန်းခြယ်အား မမေရတီမောင်ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက် (၈)လမ်း၊ တိုက်အမှတ် (၅) မြေညီထပ် (ခေါင်းရင်းခန်း)နှင့် (လေးလွှာ ခေါင်းရင်းခန်း) တိုက်ခန်း နှစ်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တိုးခင်(ခ)ဒေါ်ညာဏဝတီ ၁၂/သဃက(သီ)၀၀၄၁၂မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ပြီး ၄င်းတိုက်ခန်း နှစ်ခန်းကို မိခင်ဖြစ်သူ ဒေါ်တိုးခင်မှ သမီးဖြစ်သူ ဒေါ်စန်းစန်းမြင့် ၁၂/သဃက(နိုင်)၀၅၅၀၅၈အား နေထိုင်ခွင့်ပေးထားပါသည်။

၄င်းတိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စွာဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၃၁၅၅)**
**တိုက်အမှတ် (၁၅)၊ လွတ်လပ်ရေးလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၄၆၂၁**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ချိုမာလွင်(၁၂/သလန(နိုင်)၀၀၀၂၇၁)ပိုင် ၈စ/၂၂၆၁၏ ယာဉ်အိုယာဉ်ဟောင်း အရည်ကျိုအပ်နှံခြင်းပုံစံ(ယ)နှင့် (စ)တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဒေါ်ချိုမာလွင်(ဖုန်း-၀၉-၂၅၄၀၅၀၇၉၁)

**ပျောက်ဆုံးကြောင်း**

Fair Trade Co.,Ltd ပိုင် (ဘ/၇၄၉၂) နှင့် (ဗ/၃၅၈၀) ယာဉ်(၂)စီး၏ ယာဉ်အိုယာဉ်ဟောင်း အရည်ကျိုအပ်နှံခြင်းပုံစံ(ယ)နှင့် (စ)တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၂၀၂၈၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စိုးငြိမ်းအောင် ၉/ပဥလ(နိုင်)၀၂၉၅၉၂ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၁၃၄၁၈၈**

ပြည်တွင်းသတင်း

# ကားအတွင်းမှ ငွေနှင့်ပစ္စည်းများခိုးယူသူကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၃**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် ကျောက်တံတားမြို့နယ်နေ ဦးမောင်မျိုး(ခ) ဦးမျိုးဝင်းသည် ၈က/. . . . . တောင်းအေ့စ်ပစ်ကပ်ယာဉ်ကို ပုဇွန်တောင်မြို့နယ် (၅၃)လမ်းရှိ စက္ကူဆိုင်ရှေ့၌ ယာဉ်ရှေ့ခန်းတံခါး သော့မခတ်ဘဲ မှန်တစ်ဝက်တင်၍ ရပ်ထားခဲ့ကာ စက္ကူဖြတ်စများ ရောင်းချပြီးနောက် ယာဉ်ပေါ်သို့ ပြန်တက်စဉ် ယာဉ်၏ရှေ့ခန်းထိုင်ခုံပေါ်တွင် ထားရှိခဲ့သော ငွေကျပ် ၁၁ သိန်း၊ အမေရိကန်ဒေါ်လာ ၁၃၀၀၊ CITIZEN နာရီ တစ်လုံး၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ဖုန်းဆင်းကတ်သုံးကတ်၊ မန်မိုရီစတစ်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၃၆၀၀၀၀ ထည့်ထားသည့် ဘေးလွယ်အိတ်တစ်လုံးမှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား စုံစမ်းအရေးယူပေးပါရန် တိုင်တန်းချက်အရ ပုဇွန်တောင်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူ ပုဇွန်တောင်မြို့နယ်နေ မျိုးသန့်(၄၆ နှစ်)ကို ဖမ်းဆီးရမိခဲ့သည်။

၎င်းကိုစစ်ဆေးခဲ့ရာ အဆိုပါ ပြစ်မှုအားကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး အမှုမှပါဆုံးသက်သေခံပစ္စည်းများ၊ ခိုးယူရရှိသည့်ငွေများဖြင့် ဝယ်ယူထားသော လော့ကတ်သီး ပါရွှေဆွဲကြိုး တစ်ကုံး၊ နားကပ်တစ်ရန်တို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်းနှင့် အခြားခိုးမှုကျူးလွန်ထားခြင်းရှိမရှိ ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ငွေကျပ် ၂၀၆ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လားရှိုး မတ် ၁၃**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များနှင့်လားရှိုးခရိုင် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပူးပေါင်း၍ မတ် ၁၁ ရက်က လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ် အနီးတွင် စောင့်ဆိုင်းနေစဉ် စယ်အူကျေးရွာမှ လားရှိုးမြို့ဘက်သို့ ဆိန့်ဝမ်မောင်းနှင်ပြီး လုံဖူစီးနင်းလိုက်ပါလာသော ၄၁ယ/. . . Haojue-150 အမျိုးအစား နီ/နက်ကျားဆိုင်ကယ်ကို ရပ်တန့်ခိုင်းစဉ် ဆိန့်ဝမ်ကဆိုင်ကယ်ပေါ်မှခုန်ဆင်းထွက်ပြေးရန် ကြိုးပမ်းသဖြင့် တပ်ဖွဲ့ဝင်များဝိုင်းဝန်းဖမ်းဆီးစဉ် ပြန်လည်ခုခံတိုက်ခိုက်၍ လုံးထွေးဖမ်းဆီးခဲ့ပြီး သက်သေများနှင့်အတူ စစ်ဆေးရှာဖွေရာ ၎င်း၏ခန္ဓာကိုယ်တွင် လွယ်ထားသော ဂျင်းလွယ်အိတ်အတွင်းမှ အပြာရောင်ပလတ်စတစ်ကပ်ခွာ အိတ်ငယ်အတွင်း ထည့်လျက် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၅၁ ထုပ်၊ ၁၀၀ ပါတစ်ထုပ်၊ စုစုပေါင်းဆေးပြား ၅၂ ထုပ်၊ ဆေးပြား ၁၀၃၀၀၊ အလေးချိန် ၁ ဒသမ ၀၃ ကီလိုဂရမ်နှင့် ငွေကျပ်တစ်သိန်းကို ရှာဖွေတွေ့ရှိရာ ဆိန့်ဝမ်၊ လုံဖူတို့နှင့်အတူ ၎င်းတို့ကိုယ်တိုင် သယ်ဆောင်လာသော မူးယစ်ဆေးဝါးများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်လာသူနှင့်ရောင်းချပေးလိုက်သူ ဆိန့်ဝမ် (၃၆နှစ်)၊ မြောင် စီး/နတ်၊ တောင်ယာ၊ ဘူတာရပ် ကွက်၊ နောင်ချိုမြို့၊ လုံဖူ (၃၉နှစ်)မြောင်စီး/နတ်၊ တောင်ယာ၊ စယ်အူကျေးရွာ၊ သိန္နီမြို့နယ်နေ နှစ်ဦးတို့ကို လားရှိုးမြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။



ဟန်ဌေး(iprd)


အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရုံးခန်း - ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ - ၂၅၀၀၄၄၆၁၂


# အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ)၏ သဘောထားထုတ်ပြန်ချက်

ယခုအချိန်မှာ လက်ပံတန်းရှိ ပင်မကျောင်းသားသပိတ် ထိုက်သင့်သလောက်ပြီးသွားသဖြင့်-

၁။ တည်ငြိမ်အေးချမ်းမှုကိုလိုလားသော တိုင်းသူပြည်သားများ၊

၂။ ဆယ်တန်းစာမေးပွဲ လိုလိုလားလားဖြေဆိုနေကြသော ကျောင်းသူ, ကျောင်းသားများ၊

၃။ ပထမပြန်, ဓမ္မာစရိယနှင့်သက်ဆိုင်သော ရဟန်းသာမဏေ,ဒကာ,ဒကာမများ၊

၄။ ၂၀၁၅-ခု ရွေးကောက်ပွဲကို ချောချောမောမောဖြစ်စေလိုသော ရဟန်းရှင်လူ ပြည်သူအားလုံး၊

-စသည် စသည်တို့သည် စိုးရိမ်ရမှု, ရင်မောရမှု- စသည်တို့ ပြေပျောက်ကြရပါသည်။

**ဤအရေးအခင်းကို ထိန်းသိမ်းရာ၌ လိုအပ်တာထက်ပိုလွန်သော ထိခိုက်နစ်နာမှုများ အထိုက်အလျောက်ရှိခဲ့သည်ကို စိတ်မကောင်းဖြစ်ရပါသည်။ ဘာပဲဖြစ်ဖြစ် ဖြစ်ပြီးခဲ့သည်များကို တစ်ဖက်နှင့်တစ်ဖက် အပြစ်ပုံချနေခြင်းထက် တိုင်းပြည်နှင့်လူမျိုးအတွက် ဖြစ်ချင်တာကိုဦးစားမပေးဘဲ ဖြစ်သင့်တာထဲမှ ဖြစ်နိုင်သလောက် တစ်ဆင့်ချင်း ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင် အဖြေရှာခြင်းနည်းလမ်းကသာ အကောင်းဆုံးဖြစ်နိုင်ပါသည်။**

သပိတ်တွင်ပါဝင်သွားသဖြင့် အဖမ်းခံ, ထိန်းသိမ်းခံထားရသော ကျောင်းသူ, ကျောင်းသားများကိုတော့ သူတို့၏ နောင်ရေးကိုငဲ့ညှာပြီး သက်သက်ညှာညှာ အကောင်းဆုံးဖြစ်အောင် စီရင်ဆုံးဖြတ်ပေးလျှင် ကျောင်းသားမိဘများ စိတ်ချမ်းသာနိုင်ရုံမက အစိုးရ၏မွန်မြတ်သော စေတနာပါ ပေါ်လွင်နိုင်ပါသည်။

ထို့ကြောင့် **ထိန်းသိမ်းခံ ကျောင်းသူ, ကျောင်းသားစစ်စစ်များနှင့် သူတို့၏မိဘများပါ စိတ်ချမ်းသာစေရန် သက်သက်ညှာညှာအကောင်းဆုံးဖြစ်အောင် တာဝန်ရှိသူများက အမြန်ဆုံး စီမံဆောင်ရွက်ပေးကြပါဟု မဘသအဖွဲ့ကြီး(မဘသ)** က ကျေးဇူးတင်စွာဖြင့် လေးလေးနက်နက် သဘောထားထုတ်ပြန်အပ်ပါသည်။

ဘဒ္ဒန္တတိလောကာဘိဝံသ

ဥက္ကဋ္ဌ၊ မဘသအဖွဲ့ (မဘသ)၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ

ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်။

၁၃၇၆ ခု၊ တပေါင်းလပြည့်ကျော် ၈-ရက်၊

(မတ် -၁၂၊ ၂၀၁၅)၊ ကြာသပတေးနေ့။


# မဟာဗောဓိတထောင် လေးကျွန်းစကြာ

ထိုင်တော်မူမြတ်စွာဘုရားကြီး အောက်ဌာပနာတော်သွင်းမင်္ဂလာနှင့်

ဒုတိယအကြိမ်မြောက် အလှူတော်ငွေ ပေးအပ်ပွဲ မင်္ဂလာအခမ်းအနားသို့

ဗောဓိတထောင်ဆရာတော်ကြီး၏ တပည့်သာဝကနှင့် တပည့် ဒါယကာ ဒါယိကာမတို့အား

ဖိတ်ကြားလွှာ



ရက်စွဲ၊ အချိန် - ၂၀၁၅ ခုနှစ်၊ မတ်လ (၂၂)ရက် (တနင်္ဂနွေနေ့)

၀၉:၀၀ နာရီ (၁၃၇၆ ခု၊ နောင်းတန်ခူးလဆန်း (၃) ရက် )

နေရာ - မုံရွာမြို့နယ်၊ ခတက္ကန်၊ မဟာဗောဓိတထောင်သာသနာ့နယ်မြေ ဗန္ဓဝကုန်းတော်

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဗိုလ်ဗိုလ်ဇော် သင်္ဘောသား မှတ်ပုံတင်အမှတ်(၈၂၂၄၁)၏ PSCRB သင်တန်းကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၅၈၈၈၉၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်လွင် ၁၀/မလမ (နိုင်)၁၂၅၄၀၃ ၏ ရေယာဉ်အုပ်လက်မှတ်နံပါတ် 05/95 Date 9-2-1995 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၇၅၃၂၂၆

GOLDEN STAR

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 705968

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၄၇၁)၊ အကျယ်အဝန်း(ပေ၄၀× ပေ၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄၇၁၊ (၈၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်သန်းရီ ISN-၄၀၆၈၉၀အမည်ဖြင့် လူနေထိုင်ခွင့်ချထားပေးသောမြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မေချေ ၁၁/မပန(နိုင်)၀၀၈၂၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၁-၃-၂၀၁၅ ရက်က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို(စဉ်-၆၃၂၀)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၃၀၈၈၅၄၉

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/6957 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန (ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၈၇၆၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန (ရွာသာကြီး)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀-က+၂-ခ/ကမာရွတ်)၊ မြေကွက်အမှတ် (၃၈)ဟုခေါ်တွင်သော အကျယ်အဝန်း ၁၂⅔ပေ×ပေ၅၀ ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် ၁၆၊ မာလာမြိုင်၉လမ်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်းတွင် ဒေါ်ခင်ညွှန့်အမည်ပေါက် တည်ရှိပါသည်။ ၎င်းထံမှအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရာလူမလဲ(ISN-၅၁၆၄၆၅)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML (စဉ်-၉၈၇၇) တရားလွှတ်တော်ရှေ့နေ

ဒေါ်ရတနာဌေး LL.B,D.B.L (စဉ်-၃၈၄၉၇) အထက်တန်းရှေ့နေ

အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၁၅၀၆၄၀၊ ၀၁-၃၉၄၄၁၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၉၈၄၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန (ရွာသာကြီး)

သွေးသည် အသက်

ပြည်တွင်းသတင်း

# လယ်ယာသုံးပစ္စည်းများ အရစ်ကျစနစ်ဖြင့် တောင်သူများအား ဖြန့်ဖြူးပေးမည်

**နေပြည်တော် မတ် ၁၃**

သမဝါယမ ဝန်ကြီးဌာနက ပြည်သူများ အဆင်ပြေစေရန် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် အတိုးနှုန်းသက်သာသော ချေးငွေနှင့် စက်ပစ္စည်းများကို အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးမှုများ ပြုလုပ်လျက်ရှိရာ လုပ်ငန်းစွမ်းအား မြှင့်တင်ရန် China EXIM (တရုတ်ချေးငွေ) မှ အမေရိကန်ဒေါ်လာ သန်း၃၀၀ ကို ဧပြီလတွင် ထပ်မံချေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"သမဝါယမဝန်ကြီးဌာနကနေပြီး အသင်းဝင်ထားတဲ့ အသင်းသားတွေကို အတိုးနှုန်းသက်သာစွာ ချေးငွေထုတ်ချေးပေးနေပါတယ်။ အတိုးနှုန်းအနေနဲ့ကတော့ တစ်လကို တစ်ကျပ် ပြား ၅၀ နဲ့ နှစ်ကျပ် ပြား ၅၀ ဆိုပြီး အတိုးသက်သာစွာထုတ်ချေးပေးပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေအတွက် တစ်ဦးကို တစ်ဧကငွေကျပ် ငါးသောင်းနှုန်းနဲ့ နှစ်ဧကငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးပါတယ်။ မွေးမြူရေးအတွက်ကိုလည်း အသင်းသားတစ်ဦးကို ငွေကျပ်ငါးသောင်းမှ တစ်သိန်းအထိ ချေးပေးပါတယ်။ အတိုးနှုန်း သက်သာတဲ့အတွက် ကျန်ငွေတွေကို ကျန်းမာရေး၊ ပညာရေးနဲ့ အခြားဆင်းရဲမှုလျှော့ချရေးကိစ္စတွေမှာ အသုံးချနိုင်တဲ့အတွက် ချေးငွေလုပ်ငန်းက ထိရောက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ချေးငွေတွေနဲ့ပတ်သက်ပြီး ယခင်ချေးထားတဲ့ငွေရော EXIM မှ ယူထားတဲ့ ငွေကျပ် သန်း ၁၀၀ ကိုပါပြီးခဲ့တဲ့ ဇန်နဝါရီလထဲမှာ အပြေအကျေ ပေးဆပ်ခဲ့ပြီးပါပြီ။ နောက်ထပ် လုပ်ငန်းစွမ်းအားမြှင့်တင်ဆောင်ရွက်ဖို့အတွက် China EXIM (တရုတ်ချေးငွေ)မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကို လာမယ့် ဧပြီလမှာချေးယူပြီး အသင်းဝင်ပြည်သူတွေဆီကို မေလထဲလောက်မှာ ပြန်လည်ချေးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ နောက်ထပ် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပြီး ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီနဲ့ စာချုပ်ချုပ်ဆိုပြီးတော့ ဒေါ်လာသန်း ၁၀၀ ဖိုး လယ်ယာသုံးစက်ကိရိယာ ပစ္စည်း ၁၀ မျိုးကို ဖြန့်ဖြူး ရောင်းချဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ထားတာရှိပါတယ်" ဟု သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က ပြောသည်။

လယ်ယာသုံးစက်ပစ္စည်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဝယ်ယူသုံးစွဲလျက်ရှိပြီး လူထုအခမ်းအနား၊ သမဝါယမ အခမ်းအနားများကျင်းပပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တစ်ခါတည်း ရောင်းချသည့်စနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ ယခင်က ချေးငွေပမာဏ ငွေကျပ် ၉၀ ဘီလီယံကျော်လုပ်ခဲ့ရာမှ လက်ရှိ အစိုးရလက်ထက်တွင် ငွေကျပ် ၂၁၈ ဘီလီယံကျော်အထိ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ကြောင်း၊ နောက်ထပ် China EXIM မှ ဒေါ်လာသန်း ၃၀၀ ကို ချေးယူ၍တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရန်ရှိကြောင်းနှင့် Daedong ကုမ္ပဏီမှ ဒေါ်လာသန်း ၁၀၀ ဖိုးခန့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို အရစ်ကျ ဖြန့်ဖြူးရောင်းချမှုများ ထပ်မံတိုးချဲ့ဆောင်ရွက်ရန် ရှိကြောင်း၊ ထပ်မံမှာယူထားသည့် စက်ကိရိယာပစ္စည်း ၆၇၂၃ စီးသည် မတ် ၂၁ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ စတင်ရောက်ရှိမည်ဖြစ်ပြီး လိုအပ်သည့် ပြည်သူလူထုကို အရစ်ကျငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချေးငွေလုပ်ငန်းက ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော်တဲ့လုပ်ငန်းစဉ် ရှစ်ရပ်ထဲကမှ အခန်းကဏ္ဍတစ်ခုကနေပါဝင်နေတဲ့အတွက် ထိရောက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ကျန်းမာရေး၊ ပညာရေးနဲ့ ဆင်းရဲမှုလျှော့ချရေးတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်အောင် ချေးငွေလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်။ ချေးငွေနဲ့ပတ်သက်ပြီးတော့ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုစလုံးမှာ ချေးငွေတွေကို ချပေးနေပါတယ်။ ချေးငွေကို လုံခြုံမှုရှိတဲ့နေရာ၊ ဆက်သွယ်ရေး ထိထိရောက်ရောက်နဲ့ ကွပ်ကဲနိုင်တဲ့နေရာမျိုးတွေမှာ အဓိကထားပြီးလုပ်ပါတယ်။ ဒီထက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ချေးငွေလုပ်ငန်း အောင်မြင်ဖို့အတွက် သမဝါယမဝန်ကြီးဌာနတစ်ခုတည်းက မဟုတ်ဘဲနဲ့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေအားလုံးနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းဝင်အားလုံးက ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်" ဟု ဦးသောင်းနိုင်က ဆက်လက်ပြောကြားသည်။

**ရှုလိုင်မိုး(မြန်မာ့အလင်း)**

## နမ့်ခမ်းမြို့တွင် ဆီလီကွန်ကျောက်တင်ထားသည့်ကား ပုံးပေါက်ခွဲခံရ

**နမ့်ခမ်း မတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အနောက်ဘက် နှစ်မိုင်ခန့်အကွာ အောင်မေတ္တာရပ်ကွက် ဦးအောင်မြတ်လမ်း လမ်းသွယ်(၁)နှင့်(၂)ကြားတွင် မတ် ၁၀ ရက် ည ၇ နာရီခွဲက ရပ်ထားသော ဆီလီကွန်ကျောက်တင်ထားသည့် တုန်ဖုန်းအပြာရောင် ၃ဂ/---၏ ကားခေါင်းအောက်၌ ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေး၊ မမစ(နမ့်ခမ်း) စခန်းမှူးနှင့်တာဝန်ရှိအဖွဲ့များက သွားရောက်စစ်ဆေးခဲ့သည်။

ပုံးပေါက်ကွဲမှုကြောင့် ကားဆီတိုင်ကီပေါက်ထွက်ပြီး ကားရှေ့ဘီးနှစ်လုံးကွဲသွားခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

### မီးဖိုအသုံးပြုလျှင်

- လူစောင့်ထားပါ။
- လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
- မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
- မီးဖိုနှင့် အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
- ဆီအိုးတည်ပြီး မမေ့ပါနှင့်။

## စတုတ္ထတန်းနှင့် အဌမတန်း တတ်မြောက်မှုစစ်ဆေးသည့် စာမေးပွဲရလဒ်နှင့် ပြန်လည်ကုစားစစ်ဆေးမည့် အစီအစဉ်ထုတ်ပြန်

**ရန်ကုန် မတ် ၁၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အခြေခံပညာ မူလတန်း (စတုတ္ထတန်း) နှစ်ဆုံးစာမေးပွဲကို ခရိုင်အဆင့်နှင့် အခြေခံပညာအလယ်တန်း (အဌမတန်း) နှစ်ဆုံး စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အဖြစ် ဖေဖော်ဝါရီလအတွင်း စစ်ဆေးခဲ့သည်။ အဆိုပါ စာမေးပွဲများအတွက် ရလဒ်များကို ဧပြီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာရန်လျာထားကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစာမေးပွဲရလဒ်တွင် D အဆင့်ရရှိသည့် ဘာသာရပ်များရှိပါက ထိုဘာသာရပ်အတွက် ကျောင်းသား ကျောင်းသူများသည် ပြန်လည်ဖြေဆိုရမည်ဖြစ်သည်။ ဥပမာအားဖြင့် အင်္ဂလိပ်စာတွင် D အဆင့်ရရှိပါက အင်္ဂလိပ်စာဘာသာရပ်ကိုသာလျှင် ဝင်ရောက်ဖြေဆိုရမည်ဖြစ်သည်။ ပြန်လည်ကုစားစစ်ဆေးမည့် အစီအစဉ်လျာထားချက်မှာ စတုတ္ထတန်း ကျောင်းသား ကျောင်းသူများအတွက် မေ ၁၄ ရက်တွင် မြန်မာစာ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ၊ အင်္ဂလိပ်စာ မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိ၊ မေ ၁၅ ရက်တွင် သင်္ချာ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ၊ အခြေခံသိပ္ပံ မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိနှင့် မေ ၁၆ ရက်တွင် လူမှုရေး နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ ဖြေဆိုရမည်ဖြစ်သည်။

အဌမတန်း ကျောင်းသား ကျောင်းသူများအတွက် မေ ၁၄ ရက်တွင် မြန်မာစာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ အင်္ဂလိပ်စာ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ၊ မေ ၁၅ ရက်တွင် သင်္ချာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ အထွေထွေသိပ္ပံ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိနှင့် မေ ၁၆ ရက်တွင် ပထဝီဝင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ သမိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ပြန်လည်ဖြေဆိုရမည် ဖြစ်သည်။ "ကလေးတွေကို တတ်မြောက်မှု စစ်ဆေးတဲ့စာမေးပွဲမှာ မေးထားတဲ့ မေးခွန်းမဟုတ်ဘဲ အသစ်ထပ်ထုတ်ပြီး မေးသွားမှာပါ၊ တချို့ကလေးတွေက စာမေးပွဲဖြေဆိုချိန်တုန်းက နေမကောင်းတာတို့၊ အကြောင်းအမျိုးမျိုးကြောင့် ချွတ်ချော်သွားတဲ့ ကျောင်းသားတွေလည်းရှိကောင်းရှိမယ်။ ဒါကြောင့် ပြန်လည်ကုစားစစ်ဆေးမယ့် အစီအစဉ်ကို ဆောင်ရွက်တာပါ။ ဒီကလေးတွေရဲ့ ထွက်လာတဲ့ဦးရေ အနည်းအများကို ကြည့်ပြီးတော့ အခြေခံပညာဦးစီးဌာနများက စာစစ်ဌာနများ သတ်မှတ်စစ်ဆေးပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ထိုက်က ပြောကြားသည်။ **ခင်ချိုဝင်း**

### (၄၃)ကြိမ်မြောက် ဗိုလ်သင်တန်းအပတ်စဉ်(၄၃) ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၄၃)၏(၄၃)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲအစီအစဉ်အား အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းများ/ကျဆုံး/ကွယ်လွန်သူတို့၏ဇနီး မိသားစုများအား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါ သည်။

၁၄-၃-၂၀၁၅ရက် (၀၈း၀၀)နာရီ ရဲမွန်ဂေါက်ကွင်းတွင် ဂေါက်ပွဲကျင်းပပြုလုပ်မည်။

၁၆-၃-၂၀၁၅ရက် ရှေ့တန်းတိုက်ပွဲဝင်စစ်သည်နှင့်မိသားစုများအတွက် သိန်း(၃၀) လှူဒါန်းပါမည်။

၂၀-၃-၂၀၁၅ ရက် နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်မွေ့ရာ၌ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအားရည်စူး၍ ဘုန်းတော်ကြီးများအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ဆရာများအား ပူဇော်ကန်တော့ခြင်း။

၂၀-၃-၂၀၁၅ ရက် ၁၈း၀၀ နာရီ ကုန်းမြင့်သာစားရိပ်သာတွင် ညစာစားပွဲဖြင့် တည်ခင်းခြင်း။

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၅၀၄၉၈၂၊ ၀၉-၅၁၆၆၀၇၁၊ ၀၉-၂၀၀၀၃၀၃၊ ၀၁-၅၄၇၃၄၀

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန

ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဆေးအကြိုဘာသာရပ်များဖြစ်သော အောက်ဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသည့် နည်းပြ/သရုပ်ပြ (လစာနှုန်း၊ ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးများ ဖြည့်စွက်ခန့်ထားရန် ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ကို ၂၁-၃-၂၀၁၅ရက် (စနေနေ့)နှင့် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)များတွင် ကျင်းပမည်ဖြစ်ကြောင်း ၂၇-၂-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ(မြန်မာ)နှင့် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာခဲ့ပြီးဖြစ်သော်လည်း အဆိုပါစာမေးပွဲကို ၄င်းနေ့ရက်များတွင် စစ်ဆေးနိုင်ခြင်းမရှိကြောင်း ကြေညာပါသည်။

ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

(က) မြန်မာစာဌာန
(ခ) အင်္ဂလိပ်စာဌာန
(ဂ) ရူပဗေဒဌာန
(ဃ) ဓာတုဗေဒဌာန
(င) ရုက္ခဗေဒဌာန
(စ) သတ္တဗေဒဌာန
(ဆ) သင်္ချာဌာန

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ ဓာတ်ငွေ့/ ရေနွေးငွေ့စက်ရုံများဌာနမှ ကျောက်ဆည် GEG အတွက် Gas Fiteration Skid(၂)လုံးကို (နိုင်ငံခြားငွေ)USDဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၃-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**


**ကျိုက်ထီးရိုး (နေ့စဉ်)-ရွှေကြေးစည် ယာဉ်ကြီး 10,12,13,17**
▲ ရွှေစက်တော် နှင့် ဘုရားစုံ (အင်္ဂါ၊ သောကြာ)၊ ဆက်၍ (ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ) (အလောင်းတော်ကဿပ၊ မုံရွာ)(စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်)(တောင်ကြီး၊ အင်းလေး၊ ပင်းတယ)ခရီးစဉ်များ
(ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ရွှေစက်တော်၊ အလောင်းတော်ကဿပ သီးသန့်)
▲ (အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း သီးသန့်) ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်အနီး) သို့(ပုဂံ-ပုပ္ပါး)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလိုဏ်ဂူ (မန္တလေး၊ ပြင်ဦးလွင်) သို့(ပုဂံ-ပုပ္ပါး)
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ ဆက်၍- (မန္တလေး၊ ပြင်ဦးလွင်) (ငပလီ၊ ဝေဆာ၊ မြောက်ဦး)
▲ (ကျိုက်ခမီ၊ မော်လမြိုင်၊ စက်စဲ) (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်) (မြဝတီ-မဲဆောက်)
ဖုန်းဆိုးတန်း:☎01-240860/01-372290 ဒေါ်ပု09-49282825 ကမာကြည်09421029191


**အမည်ပြောင်း**

ဦးအောင်မင်း၏ သမီး ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်နေ မနေနန္ဒာဖူးအား မမေသူဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသူဇော်**

### ကြံသီးနှံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ် သင်တန်းဖွင့်လှစ်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ကြံသီးနှံပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ နေပြည်တော်ကောင်စီနယ်မြေနှင့် ကြံစိုက်ပျိုးရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် "တစ်ဧကလျှင် တန်(၈၀) အထက် ထွက်ရှိနိုင်သည့် ကြံသီးနှံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ်"အား တောင်သူများ လေ့လာစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးစိုက်ပျိုးပြသလျက်ရှိပါသည်။ ကြံစိုက်ပျိုးနေကြသည့်တောင်သူများ၊ ကြံစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် သကြားစက်ရုံပိုင်ရှင်ကုမ္ပဏီများအနေဖြင့် ကြံသီးနှံတစ်ဆစ်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ်အား သင်ယူစိုက်ပျိုးလိုပါက နေပြည်တော်ကောင်စီနယ်မြေ၊ ပညာပေးကြံစိုက်ကွင်းများတွင် စာတွေ့၊ လက်တွေ့၊ ရက်တို(၃)ရက်သင်တန်း ၁၇-၃-၂၀၁၅ ရက်မှ ၁၉-၃-၂၀၁၅ ရက်အထိ အခမဲ့(နံနက်၊ နေ့လယ်စားစရိတ်၊ တည်းခိုစရိတ်၊ သင်တန်းစရိတ်)ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ကြံသီးနှံပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၀၂၀၈၊ ၀၆၇-၄၃၀၂၀၉**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ မြင်းခြံ Gas Engine အတွက် (၁၀) လက်မပိုက်နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၃-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၄-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3290 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ဆောင်းပါး

# ဆေးပညာသတင်းဆန်းများ(၈၉)

ဒေါက်တာကံညွန့်

၂၀၁၄ ခုနှစ်အတွင်း တိုးတက်လာတဲ့ဆေးပညာဖြစ်ရပ်တွေကို စုစည်းလိုက်တဲ့အခါ ဖြစ်ရပ်ပေါင်း ၇၀၀ ခန့်တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအထဲမှာမှ ဝါရင့်သမားတော်ကြီး ၄၀ ပါဝင်တဲ့အဖွဲ့က ထိပ်တန်းသတင်း ၁၀ ခုကို မဲပေးရွေးချယ်လိုက်ပါတယ်။ ဒါကို ဦးဆောင် ပြုလုပ်ခဲ့တာကတော့ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်မှာရှိတဲ့ Cleveland Clinic က ဖြစ်ပါတယ်။ ယင်း Clinic မှပြုလုပ်ခဲ့တဲ့ ၂၀၁၄ Medical Innovation Summit က ရွေးချယ်လိုက်တဲ့ ၂၀၁၄ ခုနှစ်အတွင်း ဆေးပညာဆိုင်ရာတိုးတက်ဖြစ်ထွန်းမှု ၁၀ ခုကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ Mobile Stroke Unit

ရုတ်တရက်လေဖြတ်သွားသူတွေကို အရေးပေါ်ကုသမှုပေးနိုင်တဲ့ အရေးပေါ်ယာဉ်တစ်ခုပါ။ ဒီယာဉ်မှာ ပုံမှန်ပါနေကျအပြင် ထူးခြားလာတာက CAT Scan လုပ်နိုင်ခြင်း၊ အထူးကုဆရာဝန်ကြီးတွေဆီကို လူနာအခြေအနေနှင့်ပတ်သက်ပြီး တိုက်ရိုက်ဆွေးနွေးပြသနိုင်တဲ့သူတို့က Teleme-dicine လို့ အမည်ပေးထားတဲ့ Broadband Video ပါရှိခြင်းတို့ ဖြစ်ပါတယ်။

၂။ Denfue Fever Vaccine-

နိုင်ငံပေါင်း ၁၀၀ ကျော်က ကလေးတွေအပါအဝင် လူပေါင်းသန်း ၅၀ ကို နှစ်စဉ်ဒုက္ခပေးနေတဲ့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ဆေးကို ထုတ်လုပ်နိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီ Vaccine ကို Sanofi Pasture ဆေးကုမ္ပဏီက ထုတ်လုပ်မှာဖြစ်ပြီး ၂၀၁၅ ခုနှစ်မတိုင်မီ ဖြန့်ချိနိုင်တော့မှာ ဖြစ်ပါတယ်။

၃။ Quick,Painless and Cost-effective Blood Testing-

သွေးကို နေ့စဉ်စစ်ဆေးနေရတဲ့ ဆီးချိုလိုဝေဒနာရှင်တွေ လက်ထိပ်ကသွေးတစ်စက်ကို မနာမကျင်ဖောက်ပေးနိုင်တဲ့ ကိရိယာတစ်ခုကို ထွင်ထားပြီလို့ဆိုပါတယ်။

၄။ PCSKq Inhibitors for Cholestrol Reduction-

လူတော်တော်များများဟာ Cholestrol ဆိုတဲ့အဆီကျဖို့ Statin ဆေးမတိုးတော့သလို ဖြစ်နေကြပါတယ်။ ဒီလူတွေအတွက် အဆီကျဆေးတစ်မျိုးဖြစ်တဲ့ PCSKq inhibitor ဆေးကို ဖော်ထုတ်နိုင်ခဲ့ကြပါပြီ။ ဒီဆေးကိုတွေ့ရှိတဲ့ ကုမ္ပဏီတွေကတော့ Sanofi,Regeneron နှင့် Amgen တို့ပဲ ဖြစ်ပါတယ်။

၅။ Antibody-Drug Conjugate-

ကင်ဆာရောဂါ ကိုယ်ခန္ဓာထဲပျံ့နှံ့နေသူတွေကုသရာမှာ လက်ရှိအသုံးပြုနေတဲ့ Chemotherapy ခေါ်တဲ့ အဆိပ်ဖြေဆေးသွင်းကုသရာမှာ ကင်ဆာဆဲလ်တွေအပြင် တခြားကင်ဆာမဟုတ်တဲ့ နေရာတွေကိုပါ ထိခိုက်နေတာကြောင့် ယခုလုံးဝမထိခိုက်နိုင်အောင် ဖော်ထုတ်လိုက်တဲ့ နည်းသစ် ဖြစ်ပါတယ်။

၆။ Immune Check Point Inhibitor-

ပြန့်ပွားနေတဲ့ Melanoma ခေါ်တဲ့ မှဲ့ကင်ဆာတစ်မျိုးကို ကုသရာမှာ Chemotherapy သို့မဟုတ် Radio-therapy နည်းနှင့် ပူးတွဲကုသနိုင်မယ့်၊ ကိုယ်ခံအားကို တိုးမြှင့်နိုင်တဲ့နည်းသစ်ကို ဖော်ထုတ်နိုင်တာ ဖြစ်ပါတယ်။

၇။ Improved Wireless Pace Maker-

နှလုံးခုန်ရပ်သွားနိုင်သူတွေနဲ့ နှလုံးခုန်နှေးသူ၊ ပုံမမှန်ဖြစ်နေသူ အသုံးပြုနိုင်တဲ့ Wire မပါတဲ့စက်ကို တီထွင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

၈။ New Drugs for Ldiopathic Pulmonary Fibrosis (IPF) -

ဘာအကြောင်းမှန်းမသိရဘဲ အဆုတ်ရောင်၊ အမာရွတ်ဖြစ်တတ်တဲ့ ရောဂါမျိုးကိုကုသဖို့ ဆေးနှစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးနှစ်မျိုးကတော့ Pinferidone နှင့် Nintedanib ဆေးတို့ ဖြစ်ပါတယ်။

၉။ Single-Dose Intra operative Radiation Therapy (IORT) for Breast Cancer -

ရင်သားကင်ဆာ ဝေဒနာရှင်တွေအတွက် Radio-therapy ခေါ် ဓာတ်ကင်ကုသမှုကို အကြိမ်များစွာပေးစရာမလိုတော့ဘဲ ကင်ဆာကျိတ်ခွဲစိတ်နေစဉ် တစ်ကြိမ်တည်းပေးပြီး ကုသတဲ့နည်း ဖြစ်ပါတယ်။

၁၀။ New Drug for Heart Failure -

နှလုံးပျက်စီးရောဂါကို ကုသဖို့ ARNI လို့ အတိုကောက် ခေါ်တဲ့ Angioten-sin Receptor Neprilysin Inhibitor ဆေးကိုဖော်ထုတ်နိုင်ပြီး ဒီဆေးဟာ နှလုံးပျက်စီးနေသူတွေကို အသက်ပိုရှည်အောင် စွမ်းဆောင်နိုင်တယ်လို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

**အဝမလွန်စေမယ့် ဆေးသစ်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အဝလွန်ဖြစ်နေသူတွေအတွက် အဝမလွန်အောင်တားနိုင်မယ့် ဆေးသစ်တစ်ခုကို ဖော်ထုတ်နိုင်တော့မယ်ဆိုတဲ့သတင်းပါ။ ဒီတွေ့ရှိချက်ကတော့ လန်ဒန်က Imperial College က သုတေသနပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ဦးနှောက်ထဲက သူတို့အခေါ် Sweet Spot လို့ခေါ်တဲ့ Glucose ကို ထိန်းနိုင်တဲ့နေရာကိုတွေ့ခဲ့တာလို့ ဆိုပါတယ်။ ဦးနှောက်ထဲက Hypothalmus တစ်နေရာမှာ ဒါကိုတွေ့ခဲ့တာဖြစ်ပြီး ဒီနေရာကိုထိန်းထားတာကတော့ Glucokinase Enzyme ဖြစ်တယ်လို့ ဆိုပါတယ်။ ဦးနှောက်ရဲ့ Hypothalmus တစ်နေရာဟာ ဒီ Enzyme ကတစ်ဆင့် Pancreas နှင့် Liver က ထုတ်လုပ်တဲ့ Glucose ကိုထိန်းချုပ်ထားတယ်လို့ ဆိုပါတယ်။ ဓာတ်ခွဲခန်းက ကြွက်တွေကို Glucokinase များလာအောင် လုပ်ပေးလိုက်တာ ကြွက်တွေရဲ့ အချိုဓာတ်စားသုံးနိုင်မှု ပိုများလာတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီအချိုဓာတ်စားသုံးချင်မှုနည်းလာအောင် ပြုလုပ်ပေးခြင်းဟာ အဝလွန်ဖြစ်နေသူတွေကို ကိုယ်အလေးချိန်လျော့အောင် ပြုလုပ်နိုင်မယ့် နည်းသစ်တစ်ခုဖြစ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ဆီးချိုထိန်းဆေးသစ်**

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်က ဆီးချိုဝေဒနာရှင်တွေ အသုံးပြုနိုင်တဲ့ ဆေးသစ်တစ်ခုအကြောင်းပါ။ ဒီဆေးဟာ ယခင်ဆေးတွေထက် ဆီးချိုထိန်းရာမှာ ပိုထိရောက်ပြီး ဒီဆေးကိုတခြားဆီးချိုဆေးတွေနဲ့လည်း အတူပူးတွဲပြီးအသုံးပြုနိုင်ပါတယ်။ ဒီဆေးနဲ့အထူး သင့်တော်တဲ့သူတွေကတော့ ဆီးချိုအပြင် အဝလွန်ပြီး သွေးတိုးရှိတဲ့သူတွေဖြစ်ပါတယ်။ ဒီဆေးကို ($SGLT_2$ Inhibitor) Sodium Glucose Cotransporter 2 Inhibitor လို့ခေါ်ပြီး ဒီဆေးအုပ်စုမှာပါဝင်တဲ့ ဆေးတွေကတော့ Canagliffozin (Involana), Dapagliffozin (Forxiga)နှင့် Empagliffozin (Jardiance) ဆေးတို့ပဲဖြစ်ပါတယ်။ $SGLT_2$ System ဟာ ကိုယ်ခန္ဓာထဲက (သွေးထဲက) အချိုဓာတ်တွေကို ကျောက်ကပ်ကတစ်ဆင့် ထုတ်ပစ်တာကို ပြန်စုပ်ယူဖို့အားပေးနေတဲ့ System ဖြစ်ပါတယ်။ ဒီSystem ကို တားနိုင်ရင် ဆီးထဲမှာပါတဲ့ အချိုဓာတ်တွေဟာသွေးထဲကို တစ်စိတ်တစ်ပိုင်း ပြန်မရောက်နိုင်တော့ပါဘူး။ သူတို့အဆိုအရ တစ်နေ့မှာ အနည်းဆုံး ၃၀ ရာခိုင်နှုန်းက ၅၀ရာခိုင်နှုန်း ပြန်မစုပ်နိုင်ဘဲ ဆီးထဲမှာပါသွားနိုင်တယ်လို့ ဆိုပါတယ်။ ဒါကိုသကြားဓာတ် Gramနဲ့တွက်ရင် 50 gramက 80 grams အထိ နေ့စဉ်ထုတ်ပစ်နိုင်မှာဖြစ်ပါတယ်။ 1gram သကြားဓာတ်ထုတ်ပစ်တိုင်း 4 Kilocalorie ဓာတ်ထွက်သွားတာကြောင့် တစ်နေ့မှာ ၂၀၀ ကီလိုကယ်လိုရီကနေ ၃၀၀ ထိလျော့သွားနိုင်ပါတယ်။ ဒါကြောင့် အဝလွန်နေတဲ့ဆီးချိုဝေဒနာရှင်တွေ၊ ကိုယ်အလေးချိန်ထိန်းလိုတဲ့ ဆီးချိုသမားတွေအတွက် အထူးသင့်တော်တယ်လို့ဆိုပါတယ်။ ဒီဆေးဟာသွေးတိုးကိုလည်းကျစေတာမို့ နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျော့စေပြီး တစ်နေ့မှာ တစ်ကြိမ်သာ သောက်ရတဲ့ဆေးဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**အစာနဲ့ဓာတ်မတည့်ရောဂါ**

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ နေ့စဉ်နှင့် အမျှဖြစ်နိုင်တဲ့ ရောဂါတစ်ခုအကြောင်းပါ။ ဒါကတော့ Food Allergy ခေါ်တဲ့အစာတစ်ခုခုနဲ့ မတည့်တဲ့ရောဂါပါ။ ဒီရောဂါဟာ လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း တိုးပွားလာနေပြီး ယခုအခါ လူတစ်ရာမှာ လေးယောက်မှ ခြောက်ယောက်နှုန်းထိ ဖြစ်နိုင်တယ်လို့ဆိုပါတယ်။ကမ္ဘာတစ်ဝန်း လူပေါင်း သန်း ၂၂၀ ကနေ ၂၅၀ ထိ ခံစားနေရတယ်လို့ ဆိုပါတယ်။ ဒီရောဂါက တချို့လူတွေမှာ အရေပြားယားယံပြီး အဖုအပိမ့်တွေပေါ်လာပြီး နှာရည်ယိုခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်းသာ ဖြစ်နိုင်ပေမယ့် တချို့လူတွေမှာ နှလုံးခုန်မမှန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးချိန်ကျခြင်းတို့ဖြစ်ပြီး သတိလစ်ကာ အသက်ပါ ဆုံးရှုံးသွားနိုင်တာကြောင့် သတိထားသင့်ကြောင်း လေ့လာသူတွေက ထောက်ပြထားပါတယ်။ ဒီလိုဖြစ်တာကို Anaphylactic Shock လို့ခေါ်ပြီး ဒီလိုဖြစ်လာရင် Adrenain ပါတဲ့ Epinepherine ထိုးဆေးဟာ အသက်ကယ်ဆေးလို့ ဆိုပါတယ်။

ကိုယ်ခန္ဓာထဲမှာရှိတဲ့ Immune System ခေါ်တဲ့ ကိုယ်ခံအားဟာ ကိုယ်ခန္ဓာထဲ ဝင်ရောက်လာတဲ့ ရောဂါပိုးမွှားနှင့်အဆိပ်အတောက်တွေကို တိုက်ခိုက်ဖို့ သဘာဝဖန်တီးထားတာပါ။ အစာတစ်ခုခုနဲ့ မတည့်တဲ့အခါလည်း ကိုယ်ခံအား ကလာပ်စည်းတွေဟာ Immunogolobulin E(IgE)လို့ခေါ်တဲ့ Protein တစ်မျိုးကိုထုတ်လုပ်ပြီး ယင်းအဆိပ်အတောက်ကို တိုက်ခိုက်ရတာပါ။ ဒါ့အပြင် Histamine ဆိုတဲ့ Chemical Hormone တစ်မျိုးကိုလည်းထုတ်ပြီး တိုက်ခိုက်လိုက်တဲ့အခါ ကိုယ်ခန္ဓာထဲမှာ Ige Mediated Allergy ခေါ်တဲ့ ဓာတ်မတည့်ရောဂါတစ်ခုကို ခံစားရတော့တာဖြစ်ပါတယ်။ ဒါဟာ စားတဲ့အစာထဲမှာ ဓာတ်မတည့်တာ ဘယ်လောက်များများပါတယ်ဆိုတာမူတည်ပြီး ပြင်းထန်မှုဖြစ်တတ်ပါတယ်။ ဒါကြောင့် ကိုယ်နဲ့မတည့်တဲ့ အစားအစာတစ်ခုရှိရင် မှတ်ထားပြီး နောက်တစ်ခါပြန်မဖြစ်အောင် ကာကွယ်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း Care for Life Health မဂ္ဂဇင်းမှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

**နှလုံးရောဂါနဲ့ ပဋိဇီဝဆေးပြဿနာ**

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ Antibiotic ခေါ် ပိုးသေဆေးတစ်မျိုးဟာ နှလုံးရောဂါအခံရှိသူတွေမှာ သတိထားသုံးသင့်တယ်ဆိုတဲ့အကြောင်းပါ။ ဒီပိုးသေဆေးကတော့ Clarithromycin ဆိုတဲ့ဆေးဖြစ်ပါတယ်။ ဒီလေ့လာချက်ကိုတော့ ဒိန်းမတ်နိုင်ငံက ဆေးပညာရှင်တွေပြုလုပ်ခဲ့ပြီး British Medical Journal မှာ ဖော်ပြထားတာပါ။ သူတို့ဟာ ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဒိန်းမတ်နိုင်ငံက အသက် ၄၀ မှ ၇၄ နှစ်အရွယ် လူပေါင်း ငါးသန်းကျော်ကို လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီလူတွေထဲမှာ တခြား Antibiotic အမျိုးမျိုးကို သုံးစွဲသူတွေပါဝင်ပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါစတဲ့ရောဂါရှင်တွေ အမျိုးမျိုးပါဝင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီအထဲက ပိုးသေဆေး နှစ်မျိုးဖြစ်တဲ့ Clarithromycin နှင့် Roxithromycin သုံးစွဲသူတွေဟာ အများအားဖြင့် နှလုံးခုန်နှုန်းမမှန်ဖြစ်ပြီး နှလုံးပြဿနာကြောင့် သေဆုံးရတယ်လို့ဆိုပါတယ်။ သူတို့တွေ့ရှိချက်အရ ဒီဆေးနှစ်မျိုး သုံးစွဲသူတွေဟာ တခြားပိုးသေဆေးသုံးစွဲသူထက် နှလုံးပြဿနာနှင့်သေဆုံးနိုင်မှု ၇၆ ရာခိုင်နှုန်းပိုများတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဆရာဝန်တွေဟာ ဒီဆေးတွေကို သာမန်လူတွေကို မသုံးမဖြစ်သုံးရမယ့်အခြေအနေမှာသာသုံးသင့်ပြီး နှလုံးမှာပြဿနာတစ်ခုခုရှိနေသူတွေမှာ မသုံးသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။ ။

# မော်ကျွန်းဆိပ်ခံဘောတံတား ပြင်ပရေယာဉ်များဆိုက်ကပ်မှုများ၍ ဝင်ငွေတိုးတက်ရရှိ



**ရန်ကုန် မတ် ၁၃**

မော်ကျွန်း ပြည်တွင်းရေးကြောင်း ဆိပ်ခံဘောတံတားတွင် ပြင်ပရေယာဉ်ကြီးငယ်များ ဆိုက်ကပ်အသုံးပြုမှုများလာကြောင်း ဘောတံတားကပ်ခ ပြည်တွင်းရေကြောင်းမှ သတ်မှတ်ထားသောနှုန်းထားကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ထားရာ မြို့နယ်အဆင့်တွင် တစ်ကြိမ်ကပ်ခမှာ ရေယာဉ်ကြီးငွေကျပ် ၂၅၀၀၀ နှုန်း၊ ရေယာဉ်ငယ်ငွေကျပ် ၇၀၀၀ နှုန်းရှိသည်ဟု ထုတ်ပြန်ထားချက်အရ သိရသည်။

ယခင်နှုန်းထားဟောင်းမှာ မြို့နယ်အဆင့်နှင့်အခြားအဆင့်ဘောတံတားများတွင် ရေယာဉ်ကြီးတစ်ကြိမ်ကပ်ခငွေကျပ် ၈၀၀၀၊ ရေယာဉ်ငယ်ငွေကျပ် ၃၀၀၀ နှုန်းရှိရာမှ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ မြင်းကကုန်းကဲ့သို့ မြို့နယ်အဆင့်မဟုတ်သော ဆိပ်ခံဘောတံတားတစ်ကြိမ် ကပ်ခနှုန်းမှာ ရေယာဉ်ကြီး ငွေကျပ် ၂၀၀၀၀ လျှင် ရေယာဉ်ငယ်ငွေကျပ် ၇၀၀၀ နှုန်းသို့ တိုးမြှင့်လာသည်။

မော်ကျွန်းပြည်တွင်းရေကြောင်း ဆိပ်ခံဘောတံတားတွင် နှစ်ရက်လျှင် ရှပ်ပြေး နှစ်ထပ်ရေယာဉ်ကြီးတစ်စင်း အဝင်တစ်ကြိမ်၊ အထွက်တစ်ကြိမ်နှင့် လှိုင်းဘုန်း၊ ကံဘဲ့၊ ကျုံမငေး၊ ဘိုကလေးဒေသများသို့ ပြေးဆွဲနေသောရေယာဉ်ငယ်များလည်း ဆိုက်ကပ်မှုရှိရာ ပြင်ပရေယာဉ်များ၊ ဘောတံတားအသုံးပြုခလစဉ် ကျပ်သိန်းချီရရှိနေသည်။ နေ့စဉ်ခရီးသွားနှင့်ကုန်စည် အများအပြားတင်ပို့မှုများ၍ ပုဂ္ဂလိကရေယာဉ်များ ပြိုင်ဆိုင်မှုပြင်းထန်သော ရန်ကုန်-မော်ကျွန်း ရေလမ်းခရီးစဉ်တွင် သက်ဆိုင်ရာဝန်ထမ်းများ၏ကုန်သည်များအပေါ် ဆက်ဆံရေးကောင်းမွန်မှု၊ စည်းရုံးနိုင်မှုနှင့် ခရီးသည်များအပေါ် သဘော်ဝင်ထွက်ချိန် ပုဂ္ဂလိကရေယာဉ်များနှင့် တန်းတူနီးပါး ဝန်ဆောင်မှုပေးနိုင်လျှင် အပိုဝင်ငွေဖြစ်သော ဆိပ်ခံဘောတံတားကပ်ခဝင်ငွေများနှင့်အတူ အရှုံးပေါ်နေခြင်းမှလျော့ပါးပြီး အမြတ်ပင်ရနိုင်သည်ဟု ဝန်ထမ်းဟောင်းတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

# မြေသားမိုးရေလှောင်ကန် ရေပိုလွှဲမြောင်းအကြမ်းပြုပြင်

**ငါ့သရောက် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ကံသာယာအုပ်စု ကံသာယာကျေးရွာမှ ဒေသခံပြည်သူများ မိုးရေအတွက် မှီခိုအားထားနေရသည့် မြေသားရေလှောင်ကန်ကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ဆည်မြောင်းဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ သိန်း အသုံးပြု၍ တာကျင်းပေါင်း ၄၈၆၀ ခန့်နှင့် အလျား ပေ ၅၀၀၊ အနံ ၁၉၄၅ ပေ၊ အမြင့် ငါးပေခန့်ရှိ ရေပိုလွှဲမြောင်းတို့ဖြင့် ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် အသစ်ပြန်လည်တူးဖော်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အသစ်ပြန်လည်တူးဖော်ပေးရာတွင် ရေပိုလွှဲမြောင်းမှ အကြမ်းတူးဖော်ဆောင်ရွက်ထားရှိမှုအဆင့်သာရှိနေပြီး အချောသပ်လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် အဆိုပါကျေးရွာရှိ ကန်တော်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ညောင်ဦးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားသော်လည်း ယခုအချိန်ထိ လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်အတွက် ဒေသခံများအနေဖြင့် စိုးရိမ်နေကြကြောင်း အဆိုပါကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးအိုကေက ပြောသည်။

**ရဲနိုင်ဝင်း(iprd)**

ပြည်တွင်းသတင်း

# မြောက်ဦးမြို့မှ နန်းတော်ရာကုန်း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ခင်ဇွန်ဇာလင်း




မြို့အဝင်မှပင် အညိုရင့်ရောင် ရှေးဟောင်း စေတီပုထိုးများကို လှမ်းပြီး မြင်တွေ့ရသည်။ စိမ်းစိုသော သစ်ပင်အုပ်များကြားမှ ထိုးထွက်နေသော ရှေးခေတ်ဟောင်း လက်ရာဗိသုကာ လက်ရာများက ရှေးဟောင်းယဉ်ကျေးမှု မြို့တော်အဖြစ်လှစ်ဟ ဖော်ပြနေသည်။ ထူးခြားသော ဗိသုကာလက်ရာများဖြင့် တည်ရှိသော မြောက်ဦးမြို့ကား မြန်မာနိုင်ငံ၏ယဉ်ကျေးမှု မြို့တစ်မြို့ပင်။

မြောက်ဦးမြို့ နန်းတော်ရာကုန်းကို ရခိုင်ပြည်နယ်အစိုးရ၏ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်ရန်ပုံငွေကျပ်သိန်း ၈၀၀ ကျော်ဖြင့် အကုန်အကျခံကာ ပြန်လည်တူးဖော်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဆောင်ရွက်နေခြင်းဖြစ်ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်ကာ လုပ်ကိုင်နေခြင်းဖြစ်သည်။

မြောက်ဦးမြို့ နန်းတော်ရာကုန်းတံတိုင်းမှာသုံးထပ်ရှိပြီး တံတိုင်းများအတွင်းနှင့်သတ်မှတ်ဇရိယာအတွင်း တည်ဆောက်ထားသော အဆောက်အအုံများကို ဖယ်ရှားပေးရမည်ဖြစ်သည်။ နန်းတော်ရာကုန်းပတ်ဝန်းကျင်တွင်ရှိသော လူနေအိမ်များလည်း ရွှေ့ပြောင်းပေးရမည်ဖြစ်သည်။ မြောက်ဦးမြို့ကို ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပုံရိပ်အား ထိခိုက်အနှောင့်အယှက်ဖြစ်စေမည့် အရာများကို ဖယ်ရှားရန် လိုအပ်လျက်ရှိသည်။

တစ်ဖန်မြောက်ဦးမြို့တွင် ရှေးဟောင်း ဗိသုကာလက်ရာများကို နဂိုအတိုင်း မူလလက်ရာမပျက် မြင်တွေ့လေ့လာနိုင်သဖြင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ လာရောက်မှုတဖြည်းဖြည်း များပြားလာလျက်ရှိရာ လာရောက်ရန် စိတ်ဝင်စားသည့် ကမ္ဘာလှည့်ခရီးသွားများလည်း တိုးပွားလျက်ရှိကြောင်း သိရသည်။

"မြောက်ဦးမြို့မှာရှိတဲ့ ရှေးဟောင်း ဗိသုကာလက်ရာတွေက ထူးခြားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို အလည်ခရီးလာရောက်ခဲ့တာဟာ မြောက်ဦးမြို့ရဲ့ ရှေးခေတ်လက်ရာ ဗိသုကာပညာရပ်တွေကို လေ့လာချင်လို့လည်း ပါဝင်တယ်။ လက်တွေ့မြင်တွေ့ရတော့ မူလအတိုင်းရှိနေတာမို့ အသေးစိတ်လေ့လာခွင့်ရခဲ့လို့ လာရကျိုးနပ်ပါတယ်"ဟု ပြင်သစ်နိုင်ငံမှ ကမ္ဘာလှည့် ခရီးသွားတစ်ဦးဖြစ်သူ ပီတာက ပြောသည်။

နန်းတော်ရာကုန်းကို ပြန်လည်တူးဖော်မှုပြုလုပ်နေသည်မှာ ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်မှုတစ်ရပ်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ မြောက်ဦးမြို့ကို ယူနက်စကို စာရင်းဝင်ရန်လည်း ကြိုးစားနေသည့်အပြင် မြောက်ဦး ရှေးဟောင်း ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ကိုဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မြောက်ဦးမြို့သည် ရှေးဟောင်းရခိုင်တို့၏ မြို့တော်ဖြစ်ခဲ့ပြီး ရခိုင်ဘုရင်မင်းမွန်စောကအေဒီ ၁၄၃၀ ခန့်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မြောက်ဦးမြို့သည် ရခိုင်ဘုရင် မင်းဆက်ပေါင်း ၄၈ ဆက် ထီးနန်းစိုက်ခဲ့သည့် မြို့တော်လည်းဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုစိတ်ဝင်စားမှုရှိလာရန် ထိန်းသိမ်းဆောင်ရွက်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းစေတီပုထိုးများ တည်ရှိနေမှုတွင် လက်ရှိ၌ ပုဂံသည်ပထမအများဆုံးဖြစ်ပြီး မြောက်ဦးမှာ ဒုတိယအများဆုံးတည်ရှိနေသည်။ မြောက်ဦးတွင် ရှေးခေတ်ကျောက်တုံးများ၊ အုတ်များဖြင့် တည်ဆောက်ထားသည့် စေတီပုထိုးနှင့် ဘုရားကျောင်းများမှာ ပကတိအတိုင်း တည်ရှိနေမှုကလည်း ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်လည်း ဖြစ်နေသည်။

## တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ CEPSA က အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲနှင့် CEPSA Junior Open Championships တင်းနစ်ပြိုင်ပွဲများကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှင့် အမျိုးသမီးအလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက် ၃၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၄၅နှစ်နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၅၅နှစ် နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

CEPSA Junior Open Championships 2015 တင်းနစ်ပြိုင်ပွဲ အသက် ၁၀ နှစ်အောက်၊ အသက် ၁၂နှစ် အောက်၊ အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများပါဝင်ကြမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် မတ် ၁၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၊ သိမ်ဖြူတင်းနစ်ကွင်းသို့ အမည်စာရင်းများပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၁-၃၈၁၉၉၂၊ ၀၉-၂၅၀၁၈၇၀၄၀၊ ၀၉-၂၅၀၀၂၀၀၅၄ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

## ဆိုင်ကယ်ဆီဖြည့်စဉ် ဆီပန့်မှမီးလောင်မှုဖြစ်ပွား

**ဖြူး မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့အရှေ့ရပ်ကွက် တာခြားရပ် ပဲခူးလမ်းဘေးရှိ အောင်ချမ်းသာစက်သုံးဆီအရောင်းဆိုင်တွင် မတ် ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မော်တော်ဆိုင်ကယ်ဆီဖြည့်ရန် ပြင်ဆင်နေစဉ် ဆီပန့်မှမီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာဆိုင်ဝန်ထမ်းအေးမင်းဦးသည် ဆိုင်ကယ်ကိုဆီဖြည့်ရန် ပြင်ဆင်နေစဉ်ဆီပန့်လက်ကိုင်မှရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ရာအနီးရှိဦးအောင်ကြီးနှင့်ဆိုင်အတွင်းရှိလူများက မီးသတ်ဆေးဘူး ၁၅ ဘူးဖြင့် ငြိမ်းသတ်ခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူးဦးသက်ဝင်းနှင့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ရာ ညနေ ၆ နာရီ ၄၆ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် အေးမင်းဦးနှင့်အောင်ကြီးတို့ နှစ်ဦးမှာ(မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ပြီး ဆီပန့်ပိုက်တန်းတစ်ခုသာ ပျက်စီးသွားကြောင်း သိရသည်။

ကျော်ဆွေဝင်း(ရွှေအင်း)

## ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

# မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး၏ အရေးကိစ္စ အထောက်အထားများအား စုဆောင်းရရှိပြီးဖြစ်



**ရန်ကုန် မတ် ၁၃**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီ ခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)၌ အစွပ်စွဲခံထားရသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး၏ အရေးကိစ္စအတွက် ထိုင်းနှင့် မြန်မာနှစ်နိုင်ငံရှိ လိုအပ်သော လူသက်သေ၊ သတင်းဓာတ်ပုံအချက်အလက်၊ အထောက်အထားများအား စုဆောင်းရရှိထားပြီဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဦးဆောင်ဖွဲ့စည်းပေးထားသည့် အထူးစုံစမ်းရေးကော်မတီ၏ စုံစမ်းစစ်ဆေးရေးတာဝန်ခံ ဦးကျော်သောင်းက ပြောသည်။

နိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီက Orchid Hotel ၌ ပြုလုပ်ခဲ့သော လိပ်ကျွန်းလူသတ်မှုသတင်းစာရှင်းလင်းပွဲအပြီး၌ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ ဦးဆောင်ဖွဲ့စည်းပေးထားသည့် အထူးစုံစမ်းရေးကော်မတီမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သက်သေများအား စုံစမ်းဆောင်ရွက်ခဲ့ရာ လူသက်သေ၊ သတင်းဓာတ်ပုံအချက်အလက်အတော်များများ ရရှိခဲ့ကြောင်း တစ်ခုအားနည်းချက်မှာ ဗီဒီယိုကလစ်တစ်ခုပဲ မရရှိသေးကြောင်း၊ သို့သော်ယင်းဗီဒီယိုဖိုင်ရှိကြောင်းကို အကြမ်းဖျင်း သိထားကြောင်း၊ ထိုအတွက်လည်း မိမိတို့နည်းဟန်ဖြင့် လုပ်ဆောင်မည်ကို အဖွဲ့ခေါင်းဆောင်ဖြစ်သည့် သံအမတ်ကြီးက ဆောင်ရွက်ပေးမည်ဟု ခေတ္တစောင့်ဆိုင်းခိုင်းထားကြောင်း၊ အခင်းဖြစ်ရက်က အဆိုပါအခင်းဖြစ်ပွားရာအနီး၌ ၎င်းတို့ ထိုင်းမိသားစုပိုင်ဖွင့်ထားသော Flower အမည်ရ စားသောက်ဆိုင်ရှိကြောင်း၊ ထိုဆိုင်မှ စီစီတီဗွီကြည့်လိုက်ရသည့် ထိုင်းနိုင်ငံသားတစ်ဦးက အချက်အလက်များအား ဖုန်းကင်မရာ me-mory နှင့် မှတ်တမ်းတင်ထားကြောင်း၊ အဆိုပါ အထောက်အထား ဗီဒီယိုဖိုင်အား ကော်မတီက တောင်းသောအခါ ဖျက်ဆီးလိုက်သည်ဟု ယင်းလူငယ်က ပြောကြောင်း၊ ထိုအတွက်ကြောင့် ဗီဒီယိုဖိုင်ကို လက်ရှိရအောင်ကြိုးစားနေပါကြောင်း၊ ကောသောင်းလူကုန်တားမှုလည်း ကူညီရန် အသင့်ရှိနေကြောင်း၊ ထိုင်းနိုင်ငံဘက်တွင်မူ ၎င်းတို့နိုင်ငံ့ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည့်အတွက် အချက်အလက်များအား ဖျောက်ဖျက်နိုင်ကြောင်းဖြင့် စုံစမ်းစစ်ဆေးရေးတာဝန်ခံ ဦးကျော်သောင်းက ရှင်းပြခဲ့သည်။

"ဖေဖော်ဝါရီ ၁၆ ရက်က သံအမတ်ကြီးနဲ့ အစည်းအဝေးပြီးတော့ ညနေပိုင်းမှာ ထိုင်းရှေ့နေများကောင်စီ၊ ဦးအောင်မျိုးသန့်နဲ့ ကျွန်တော်တို့က ဒီကိစ္စကို အပြန်အလှန် ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့က လိုအပ်တာတွေကို ထိုင်းရှေ့နေများ ကောင်စီကို တင်ပြပါတယ်။ ဘာတင်ပြထားသလဲဆိုတော့ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၄၊ ၁၅၊ ၁၆ ရက် သုံးရက်ဖြစ်ခဲ့တဲ့ ဒီအခင်းဖြစ်တဲ့ အေစီတူးကနေ သေဆုံးသူ Hannah Witheridge တည်းတဲ့ OSEAN VIEW တည်းခိုခန်းနဲ့ အဲဒီအခင်းဖြစ်နေရာကြားမှာ ရှိတဲ့ စီစီတီဗွီကင်မရာ မှတ်တမ်းကို မဖျောက်ဖျက်ဖို့ ထိုင်းအစိုးရကို တောင်းဆိုပေးပါလို့ ပြောထားပါတယ်။ ရမရတော့ သူတို့အပိုင်းပေါ့၊ ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးကော်မတီဘက်ကတော့ မျက်မြင်သက်သေတွေ ထွက်ဆိုဖို့အတွက် ဘယ်သူတွေလည်းဆိုတာ သိထားပြီးပါပြီ။ ဒါပေမယ့် ခက်နေတာက ဒီမျက်မြင်သက်သေတွေက သက်သေထွက်ဆိုဖို့အတွက် မဝံ့မရဲဖြစ်နေပါတယ်။ ထိုင်းကသက်သေကလည်း မဝံ့မရဲဖြစ်နေတယ်၊ မြန်မာနိုင်ငံက သက်သေတွေကလည်း မဝံ့မရဲ အတူတူပဲ ဖြစ်နေကြပါတယ်။ မြန်မာက သက်သေဆိုတာက ထိုင်းက အဲဒီနေရာမှာ အလုပ်လုပ်ပြီး ပြန်လာကြတဲ့သူတွေပါ။ နိုင်ငံတော်အစိုးရကို တောင်းဆိုချင်တာကတော့ ဒီမျက်မြင်သက် သေတွေထွက်ဆိုနိုင်ဖို့ကိုသူတို့အတွက်လုံခြုံရေး ကာကွယ်ပေးစေချင်ပါတယ်။ လိပ်ကျွန်းမှာ လူသက်သေတော်တော်များများရှိတယ်၊ မြန်မာဘက်မှာတော့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးမှာ အဓိကကျတဲ့သူ သက်သေတွေရှိနေပါတယ်။ သူတို့က အခင်းဖြစ်တာကို တွေ့မြင်ပြီးကြောက်ပြီး ထွက်ပြေးလာကြတဲ့ သူတွေပါ။ ကျွန်တော်တို့ လိုချင်တဲ့ သက်သေတွေ ထွက်ဆိုလို့ကတော့ အမှုကကျွန်တော်တို့ မြန်မာအလုပ်သမားနှစ်ဦး ကွင်းလုံးကျွတ်လွတ်တယ်၊ အမှုနိုင်မယ်၊ ဒီလိုအမှုနိုင်ဖို့ကလည်း နိုင်ငံတော်အစိုးရသာလျှင် အဓိကအားဖြစ်နေတာပါ၊ ထိုင်းရှေ့နေများ ကောင်စီကလည်း အမှုနှင့်ပတ်သက်ပြီး အောင်မြင်နိုင်တယ်လို့ ပြောထားပါတယ်" ဟု မြန်မာသံရုံးမှ ဦးဆောင်ဖွဲ့စည်းပေးထားသည့် အထူးစုံစမ်းရေးကော်မတီ၏ စုံစမ်းစစ်ဆေးရေး တာဝန်ခံ ဦးကျော်သောင်းက ဆက်လက်ပြောသည်။

လာမည့် မေလအတွင်း ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးဆောင်သည့် အထူးစုံစမ်းရေးကော်မတီအဖွဲ့မှာ ထိုင်းရှေ့နေများ ကောင်စီနှင့် ထပ်မံတွေ့ဆုံရန်ရှိနေကြောင်း သိရပြီး လိုအပ်သည့် အထောက်အထား အချက်အလက်များကို တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

စိုးဝင်း (SP)

# ရေငန်ပုစွန်ဖြူ သားပေါက်တစ်သန်းကျော် မျိုးစိုက်ထည့်



**ဖျာပုံ မတ် ၁၃**

ဆည်များနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ငါးပုစွန်များ မျိုးစိုက်ထည့်ခြင်းဖြင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း စားသုံးမှုအတွက် ဖူလုံရုံသာမက ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အထောက်အကူရရှိရေးရည်ရွယ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ငါးပုစွန်များ မျိုးစိုက်ထည့်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မတ် ၉ ရက် က ဖျာပုံခရိုင်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ငါးပုစွန်များပေါကြွယ်ဝစေရန် ရည်ရွယ်၍ ချောင်းသာပုစွန်သားပေါက်စခန်းမှ Vannamei ရေငန်ပုစွန်ဖြူ သားပေါက် ၁ ဒသမ ၂ သန်း မျိုးစိုက်ထည့်ခြင်းကို ဖျာပုံမြစ်ဝဒီရေတောတစ်လျှောက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ရေငန်ပုစွန်ဖြူသားပေါက် မျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဝင်းကြိုင်နှင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ် ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ဒေသခံရေလုပ်သားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# စည်းကမ်းမဲ့ ယာဉ်စီးခပိုတောင်းခံနေမှု ထိရောက်စွာကိုင်တွယ်ရန်လိုအပ်နေ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြို့ ခရီးသွားပြည်သူများအပေါ် ယာဉ်လိုင်း အချို့မှ ခရီးသည်တင်ယာဉ်များက ယာဉ်စီးခများ စည်းကမ်းမဲ့ ပိုမိုတောင်းခံမှုများ ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ရန်ကုန်မြို့ပေါ်မှာ ပြေးဆွဲနေတဲ့ ခရီးသည်တင်ယာဉ်လိုင်းတွေက ယခင်ကနဲ့စာရင် အတော်လေး တိုးလာတာတွေ့ရပါတယ်။ ဒီလို ယာဉ်လိုင်းတွေတိုးလာတော့ တစ်ဖက်က ကြည့်ရင် ခရီးသည်တွေ ချောင်ချောင်ချိချိ စီးနိုင်တာတော့ မှန်တယ်။ ဒါပေမယ့် ကားပေါ်မှာ ခရီးသည် အပြည့်မပါတဲ့အခါ စပယ်ယာတွေက အုံနာကြေး ကာမိအောင် အရဲစွန့်ပြီးတော့ ကားခတွေကို ပိုတောင်းနေတာတွေ့နေရပါတယ်။ ငွေကျပ် ၁၀၀ တန်တဲ့ လမ်းကို ၂၀၀ အထိ တိုးတောင်းတော့ ခရီးသည်တွေနဲ့ မကြာခဏပြဿနာတွေတက်တယ်။ မထသကို တိုင်ကြားတဲ့ အမှုတွေထဲမှာ ယာဉ်စီးခ ပိုတောင်းတဲ့အမှုကအများဆုံးပဲ” ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ယခုအခါ ရန်ကုန်မြို့ပေါ်တွင် ယာဉ်လိုင်းပေါင်း ၃၀၀ ဝန်းကျင်ရှိပြီး ယာဉ်စီးရေ ၆၀၀၀ ခန့် မြို့ပြခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ယာဉ်စီးခပိုတောင်းသည့်ယာဉ်များကို ငွေကျပ် ၃၀၀၀၀ အထိ ဒဏ်ငွေရိုက်နေသည်။ သို့သော်လည်း ယာဉ်နောက်လိုက်အချို့မှာ အရဲစွန့်ပြီး ယာဉ်စီးခများ ပိုတောင်းလျက်ရှိသည်။ မော်တော်ယာဉ်လိုင်းအများစုမှာ ယခင်က ယာဉ်စီးခနှုန်းထားများကို ကားပေါ်တွင် ကပ်ထားကြသော်လည်း ယခုအခါ ယာဉ်စီးခ ပိုတောင်းလိုသည့်အတွက် ကပ်ထားသည်ကို မတွေ့ရတော့ပေ။

တာဝန်ရှိသူများ၊ အနေဖြင့်လည်း ခရီးသည်ဘတ်စ်ကားများကို ယာဉ်စည်းကမ်းကိုသာ ဦးစားပေး စစ်ဆေးမှုပြုလုပ်နေကြသည်။ ယာဉ်စီးခပိုတောင်းနေခြင်းကို ခရီးသည်များအနေဖြင့် မလွှဲသာမရှောင်သာ သည်းခံနေကြရသည်။ ယင်းဖြစ်စဉ်များအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ထိရောက်စွာ ကိုင်တွယ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ခရီးသည်များက ပြောကြားသည်။ **ကြံတိုင်းအောင်**

# ပါဠိပထမပြန်စာမေးပွဲကျင်းပနိုင်ရေး ဆွေးနွေး

**တပ်ကုန်း မတ် ၁၃**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၁၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ဧပြီ ၁ မှ ၇ ရက် အထိ နားရက်မရှိ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ စာဖြေဌာနပါဠိပထမပြန်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးတိုင်ပင်ညှိနှိုင်းပွဲကို မတ် ၁၁ ရက်က မြို့နယ်သံဃာနာယကရုံး(မြို့ဦး ပရိယတ္တိစာသင်တိုက်) ၌ကျင်းပကြောင်း သိရသည်။

**(၄၁၇)**

# ကျေးရွာမီးလင်းရေး ဆိုလာမီးများလှူဒါန်း

**ကလေး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မင်းလှ အောင်မင်္ဂလာကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီး ၅၇ လုံးကို အိမ်ထောင်စု ၅၇ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ၈၀ ဝပ် ဆိုလာပြားတစ်ချပ်စီ၊ ဘက်ထရီအိုးတစ်လုံးနှင့် အင်ဗာတာ၊ မီးချောင်းများ၊ မီးလုံးများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တပ်ဆင်ပေးထားမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ကျော်မျိုးတို့ မတ် ၁၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစ်သာမြစ်အရှေ့ဘက်ခြမ်းနှင့် ဆင်းရဲချို့တဲ့သည့် ကျေးရွာများ၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့် ကျေးရွာများအတွက် ၈၀ ဝပ်ရှိ ဆိုလာပြားနှင့် ၁၂ ဗို့ ဘက်ထရီအိုးများကို အိမ်ထောင်စု ၁၄၃၃ စုအတွက် ငွေကျပ် ၂၈၆၆ သိန်းတန်ဖိုးရှိ ဆိုလာပြားများကို အခမဲ့ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

# ကျေးလက်မိသားစုဝင်ငွေတိုးတက်စေရေး မွေးမြူရေး၊ ကျေးလက်လူငယ်သင်တန်းဖွင့်

**တာချီလိတ် မတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးလက်မိသားစုဝင်ငွေတိုးတက်စေရေး၊ တစ်ပိုင်တစ်နိုင် မိသားစုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် မွေးမြူရေး ကျေးလက်လူငယ်သင်တန်းကို မတ် ၈ ရက်က နမ့်ငေါ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှလူငယ်များ တက်ရောက်သင်ကြား၍ မတ် ၈ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ကာ စနစ်တကျမွေးမြူရေးစနစ်များ၊ တိရစ္ဆာန်ကူးစက်ရောဂါအန္တရာယ်များ၊ ကျေးရွာ



ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲဆောင်ရွက်မှုဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက အမှာစကားပြောကြားကာ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးက ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**ဝေယံလင်း(iprd)**

# ဆိုလာစနစ်သုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

**ဆီဆိုင် မတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု ပန်ကန်းကျေးရွာနှင့် နမ့်စေမြဲကျေးရွာသို့ မတ် ၉ ရက်က ဆီဆိုင်မြို့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ပန်ကန်းကျေးရွာနှင့် နမ့်စေမြဲကျေးရွာသို့ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းပစ္စည်း ၂၀၃ စုံကို လွှဲပြောင်းပေးအပ်ပွဲကျင်းပသည်။

အဆိုပါဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းပစ္စည်း ၂၀၃ စုံကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းက ပန်ကန်းကျေးရွာဒေသခံပြည်သူများထံသို့ ဆိုလာစနစ်မီးလင်းရေးလုပ်ငန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ပိုးသတ်ဆေးပက်ဖျန်း

**ချောင်းဦး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် ချောင်းဦးမြို့နယ်အတွင်းရှိ ကြက်ခြံများသို့ Bio Clean ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။



ကြက်ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် Bio Clean ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးခြင်း ကွင်းဆင်းဆောင်ရွက်ရာသို့ ချောင်းဦးမြို့နယ် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာလှစိန်၊ ဒေါက်တာငြိမ်းသီတာထူးနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိသည်။

ချောင်းဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိက ချောင်းဦးမြို့နယ်တွင် ကြက်ခြံ ၅၁ ခြံရှိပြီး ကြက်ကောင်ရေ ၃၄၀၁၉ ကောင်ရှိရာ ကြိုတင်ကာကွယ်တားဆီးရေးအတွက် Bio Clean ပိုးသတ်ဆေးရည် (၅၀၀) CC ၁၀ လုံး ရရှိကြောင်း၊ ကြက်ခြံတစ်ခြံကို တစ်ရက်လျှင် ဆေး (၁၀) CC အခမဲ့ပေးအပ်ပြီး ဆေး (၁) CC ကို ရေ (၂၂၂)CC ရောစပ်ပြီး ကြက်ခြံများကို ပက်ဖျန်းပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ ရရှိထားသော Bio Clean ဆေးရည် (၅၀၀)CC ၁၀ လုံးကို မတ် ၉ ရက် မှ ၁၉ ရက်အထိ ပက်ဖျန်းပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါ Bio Clean ပိုးသတ်ဆေးများကို ချောင်းဦးမြို့နယ်အတွင်းရှိ ကြက်ခြံများအား တစ်လတိတိ ပက်ဖျန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးပွင့်အထူးစီမံချက် ဆိုင်းဘုတ်တင်

**သိန်းနီ မတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ခြောက်လတာလုပ်ငန်း ဆိုင်းဘုတ်တင်အခမ်းအနားကို မတ် ၁၀ ရက်က ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကော်မတီဥက္ကဋ္ဌ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ရပ်ကွက်/ကျေးရွာအရောက် မြို့နယ်လဝကရုံးဝန်ထမ်းများဖြင့် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ခြောက်လတာကွင်းဆင်းဆောင်ရွက်ပေးသော မိုးပွင့်အထူးစီမံချက် ဗီနိုင်းဆိုင်းဘုတ်ကို သိန်းနီမြို့လယ် လားရှိုး-သိန်းနီ-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တပ်ဆင်ပြီး မြို့နယ်လဝကမှူး ဦးဖုန်းမြင့်ဝေက ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဘဦး(iprd)**

**နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့နှင့် စင်ကာပူပိုလီတက္ကနစ်တို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေး





**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ National Skills Standard authority (NSSA) နှင့် စင်ကာပူပိုလီတက္ကနစ်တို့ပူးပေါင်း၍ အာဆီယံအရည်အသွေး နှိုင်းယှဉ်မှု မူဘောင်မှတစ်ဆင့် လုပ်သားထုဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် Horizonal Lake View Hotel ၌ မတ် ၁၀ ရက် နံနက် ၁၁ နာရီက ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ NSSAနှင့် စင်ကာပူနိုင်ငံ ပိုလီတက္ကနစ်နှင့် တီးမားဆက်ဖောင်ဒေးရှင်းတို့သည် မြန်မာနိုင်ငံ လုပ်သား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လုပ်သားထု၏ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံအဆင့်လုပ်သားများ၏ ကျွမ်းကျင်မှု "စံ"သတ်မှတ်ချက်များသို့ ပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်ကာ ဆောင်ရွက်ချက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်လိုအပ်ချက်နှင့်အညီ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ"များ ရေးဆွဲခြင်း၊ လေ့ကျင့်ပေးခြင်း၊ စစ်ဆေးခြင်းနှင့် နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မကြာခင် ဖြစ်ပေါ်လာမည့် အာဆီယံနိုင်ငံများ စီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ရာတွင် ဒေသအတွင်း ထုတ်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ အရင်းအနှီးများကို လွတ်လပ်စွာ စီးဆင်းခွင့်ပြုရတော့မည်ဖြစ်၍ အာဆီယံအရည်အသွေး နှိုင်းယှဉ်မှု မူဘောင်အရ ပညာရှင်များ၊ ကျောင်းပညာရပ်များ၊ လုပ်ငန်းအလိုက် ကျွမ်းကျင်မှုများ ပေါ်ပေါက်လာပြီး နိုင်ငံတစ်ခုချင်းစီ၏ ပညာရေးမူဘောင်များနှင့်အညီ ညှိနှိုင်း၍ အထောက်အပံ့ ဖြစ်စေရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည်လည်း အခြားအာဆီယံနိုင်ငံများကဲ့သို့ နိုင်ငံအဆင့်အရည်အသွေး နှိုင်းယှဉ်မှု မူဘောင်ကို အဆင့်(၈)ဆင့်ဖြင့် သတ်မှတ်ထားပြီး မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု"စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအရည်အသွေး နှိုင်းယှဉ်မှု မူဘောင်နှင့်အညီ ဆောင်ရွက်သွားခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များနှင့် ပညာရေးစနစ်အဆင့်အတန်းများကို အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် ဝင်ဆံ့အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်သည်တော်များတက်ရောက်သည်။

ထို့နောက် အာဆီယံ အရည်အသွေးနှိုင်းယှဉ်မှု မူဘောင်မှတစ်ဆင့် လုပ်သားထု ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ (National Skills Standard authority (NSSA)နှင့် စင်ကာပူပိုလီတက္ကနစ်တို့ကြား နားလည်မှုစာချွန်လွှာအား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် စင်ကာပူပိုလီတက္ကနစ်တို့ လက်မှတ်ရေးထိုးခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာန ၁၇ ခုမှ သင်တန်းသားများ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်တန်းသားများ စုစုပေါင်း သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မလှိုင် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မတ် ၁၀ ရက် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ကွန်ကရစ်တံတား တည်ဆောက်နေမှု၊ ကျေးရွာမီးလင်းရေး၊ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးကိစ္စရပ်များကို ညှိနှိုင်းခဲ့ကြသည်။ ထို့နောက် မိုးတွင်းကာလကျေးရွာအတွင်း ရေဝင်ရောက်မှုမရှိစေရန် ရေနုတ်မြောင်းတူးဖော်နေမှုများကိုလည်း စစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျေးရွာအသီးသီးရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဆက်စပ်အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေမှုကိုလည်းကောင်း၊ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ကျေးလက်ဆေးပေးခန်း အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ အမကကျောင်း သမံတလင်းခင်းခြင်းလုပ်ငန်းများ၊ ကတ္တရာခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေကျော်တည်ဆောက်နေမှုကို လည်းကောင်း၊ မေတ္တာပေါင်းကူးသစ်သားတံတား ပြုပြင်နေမှုကိုလည်းကောင်း၊ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလတွင် အပြီးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# အားကစားပြိုင်ပွဲများနှင့် အားကစားကွင်းများ ထိန်းသိမ်းရေးဆွေးနွေး

**တောင်ကြီး မတ် ၁၃**

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများ၊ အားကစားကွင်းများနှင့် အားကစားရုံများ ဆွေးနွေးပွဲကို မတ် ၉ ရက်က ရှမ်းပြည်နယ်အားကစားကွင်း အထူးတန်းပွဲကြည့်စင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထန်အိတ်က ရှမ်းပြည်နယ်အတွင်းရှိ အားကစားကွင်းများနှင့် အားကစားရုံများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်အားကစားနှင့် ကာယပညာသိပ္ပံကျောင်း လူသစ်ရွေးချယ်ရေးဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရှင်ဗွေယန် မတ် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့တွင် အများပြည်သူ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးရည်ရွယ်၍ ရပ်ကွက်ချင်းဆက်တံတားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဘေလီသံပေါင် သစ်သားကြမ်းခင်းတံတားကို ငွေကျပ်သန်း ၁၉၀ ဖြင့် ဇန်နဝါရီ ၂၁ ရက်မှ စတင်ကာ ဧရာတာပိန်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါ တံတားဆောက်လုပ်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်း၊ မြို့အထောက်အကူပြုကော်မတီဝင်များ၊ မြို့စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ မတ် ၉ ရက်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# တိုင်းရင်းသားရုပ်သံလိုင်း ထုတ်လွှင့်မှု အချိန်ပြောင်းလဲမည်

**နေပြည်တော် မတ် ၁၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နံနက် ၆ နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယားဘာသာများကို ည ၁၁ နာရီအထိ ထုတ်လွှင့်ခဲ့ပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်ထိ နံနက် ၆ နာရီမှ ၇ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

တိုင်းရင်းသားအစီအစဉ် ၁၁ ဘာသာအား နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ချိန် ၁၇ နာရီထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပေါက်ပင်ကွေ့ကျေးရွာအနီး မှောင်ခိုနွား ၁၉ ကောင်ဖမ်းမိ

**ထီးချိုင့် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ပေါက်ပင်ကွေ့ကျေးရွာအနီး မှောင်ခိုနွား ၁၉ ကောင် ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၁ ရက် ည ၉ နာရီခွဲက ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှစိန်၏ တရားမဝင်နွားမှောင်ခိုပပျောက်ရေး စီမံချက်အရ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှဒုရဲအုပ်ဝေဖြိုးနှင့်အဖွဲ့သည် ထီးချိုင့်မြို့မရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်ရဲလင်းအောင်၊ အလယ်တောရဲကင်းစခန်းမှူး ဒုရဲအုပ်နေလင်းအောင်တို့အဖွဲ့ ပူးပေါင်း၍ ကျွဲ၊ နွားမှောင်ခို သတင်းအရ သက်သေများနှင့်အတူ ထီးချိုင့်မြို့နယ် ပေါက်ပင်ကွေ့ကျေးရွာတောင်ဘက်မြိုင်ကြီးတောလမ်း၌ စောင့်ဆိုင်းနေစဉ် ထွန်းထွန်းနှင့် မျိုးလွင်တို့ နှစ်ဦးအား နွား ၁၉ ကောင်နှင့်အတူ သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရ၍ စစ်မေးရာ နွားပိုင်ရှင်မှာ ကောလင်းမြို့နယ် ရှောက်ပင်ခြံရွာနေ မိုးဝင်းဆို သူဖြစ်ပြီး ၄င်းနွားများကို ခွင့်ပြုချက် အထောက်အထား တစ်စုံတစ်ရာ မပါရှိဘဲ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည့် မှောင်ခိုနွားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ထွန်းထွန်းပါသုံးဦးကို ဥပဒေအရ အရေးယူပေးပါရန် ဒုရဲအုပ်ဝေဖြိုးက တရားလိုပြုလုပ်ကာ တိုင်ကြားထားသောအမှုဖြစ်သည်။

သို့ပါ၍ တရားမဝင်နွားမှောင်ခို ပြုလုပ်သူ ထွန်းထွန်း (၃၃ နှစ်)တောင်ကြီးရွာ ကောလင်းမြို့နယ် မျိုးလွင် (၃၈ နှစ်)နှင့် မိုးဝင်းရှောက်ပင်ခြံရွာ ကောလင်းမြို့နယ်နေသူတို့ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မီးသတ်ရေကန်တူးဖော်

**တောင်ငူ မတ် ၁၃**

မီးဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ မီးသတ်ယာဉ်များဖြင့် ရေဖြည့်နိုင်ရန် တောင်ငူမြို့နယ် ကေတုမတီမြို့သူ မြို့သားများ စုပေါင်း၍ နတ်သျှင်နောင်ရပ်ကွက်တွင် မတ် ၉ ရက်မှ စတင်ကာ စက်ယန္တရားများဖြင့် စတင်တူးဖော်လျက်ရှိသည်။

"ကျွန်တော်တို့မြို့က တောတွေအလွန်များတော့ မီးဘေးအန္တရာယ်က ခုလို ပူပြင်းတဲ့နွေရာသီမှာ အလွန်စိုးရိမ်ရတယ်။ ရေကန်က လိုတယ်၊ အဲဒါကြောင့် ခုလို မီးသတ်ရေကန်ကို တူးဖော်ရတာပါ"ဟု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥက္ကဋ္ဌကပြောသည်။ လက်ရှိတူးဖော်လျက်ရှိသော မီးသတ်ရေကန် တာပေါင် ပေ ၂၀ ပတ်လည်နှင့် ရေကန်အကျယ်မှာ ပေ ၁၂၀ ပတ်လည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ရန်ကုန် အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များအလိုက် ရပ်ကွက်များတွင် မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၀ ရက်က စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်၌ အသက် ၁၀နှစ်၊ ၁၈ နှစ်ပြည့်သူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား မြို့နယ်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၏ ဆောင်ရွက်မှုကို အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင် လာရောက်ကြီးကြပ်စဉ်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

# ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကျင်းပ

**ကော့ကရိတ် မတ် ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် သမိန်ဒွတ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဆေးခန်းသုံးပစ္စည်းကိရိယာများပေးအပ်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းတည်ဆောက်သော ငွေကျပ်သိန်း ၄၃၀ ကျော်တန်ဖိုးရှိ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးခန်းသုံးကိရိယာများကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# ပြည်သူဗဟိုပြု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေး

**တောင်ကြီး မတ် ၁၃**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်တွင် ပြည်သူဗဟိုပြု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးရုံးမှ ပြည်နယ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်စိန်က အမှာစကားပြောကြားပြီး တောင်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မြင့်သိန်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂျာမနီ-မြန်မာပူးပေါင်းဆောင်ရွက်မှု အေဂျင်စီမှ Mr.Wulf-HendrikGoretzky က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြုဆောင်ရွက်ရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးရုံး ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ထားဝယ်အထူးစီးပွားရေးစက်မှုဇုန် ပထမအဆင့်စီမံကိန်းကို နှစ်နှစ်အတွင်းပြီးစီးနိုင်ရေးအတွက် မကြာမီစာချုပ်ချုပ်ဆိုရန်ရှိ

**ထားဝယ် မတ် ၁၃**

ထားဝယ်အထူးစီးပွားရေး စက်မှုဇုန်စီမံကိန်းအတွက် ပထမအဆင့် စီမံကိန်းများ စတင်ဆောင်ရွက်နိုင်ရန် ယခုဘဏ္ဍာနှစ်အတွင်း စီမံကိန်းဒီဇိုင်းများ ရေးဆွဲထားခြင်းကို နိုင်ငံတော်အစိုးရထံ တင်ပြသွားမည်ဖြစ်ပြီး အစိုးရနှင့် ကုမ္ပဏီများအကြား စာချုပ်ချုပ်ဆိုနိုင်ရန် ရည်ရွယ်ထားကြောင်း ထိုင်းအခြေစိုက် အီတာလျံ ကုမ္ပဏီမှ သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း ပထမအဆင့်တွင် ဧက ၆၇၀၀ ကျော်ပါဝင်ပြီး ထိုင်းဘတ်ငွေ ၂၀ ဘီလီယံသုံးစွဲကာ အသေးစားပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်ရာ ဆိပ်ကမ်းတစ်ခု၊ ဓာတ်ငွေ့သိုလှောင်ကန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံတစ်ခုနှင့် အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် အီတာလျံ ထိုင်းကုမ္ပဏီနှင့် ကုမ္ပဏီခွဲ ထားဝယ်ဖွံ့ဖြိုးမှုကုမ္ပဏီတို့ကဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

“ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာ အကြိမ်ပေါင်းများစွာ ရှိပါပြီ။ အခုချိန်မှာတော့ စီမံကိန်းစတင်နိုင်ဖို့ နီးစပ်လာပြီဖြစ်ပါတယ်။ လိုအပ်ချက်တွေကတော့ မူဝါဒပိုင်းဆိုင်ရာတွေ မြန်မြန်ဆန်ဆန် ချမှတ်ပေးဖို့ဖြစ်ပါတယ်။ စက်မှုဇုန် စီမံကိန်းကြောင့် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်သလို စက်ရုံအလုပ်ရုံတွေလည်း အခြေချနိုင်ဖို့အတွက် ခြေလှမ်းသစ်တွေဖြစ်လာမှာပါ။ ယခုလအတွင်း နိုင်ငံတော်နဲ့ သဘောတူညီမှုစာချုပ် ချုပ်ဆိုနိုင်ဖွယ်ရှိပါတယ်” ဟု ထားဝယ်ဖွံ့ဖြိုးမှုကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ မစ္စတာ ဆွမ်ဂျက်တင်နာပွန်က ပြောသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဆောင်ရွက်ရန်အတွက် ကနဦး သဘောတူညီမှုများ ထားရှိခဲ့သည်မှာ ၂၀၀၉ ခုနှစ်ကတည်းကဖြစ်သော်လည်း စီမံကိန်းစတင်နိုင်ရေးအတွက် အခက်အခဲများစွာ ရှိခဲ့ကြောင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးသည် ကြီးမားသော အခက်အခဲတစ်ရပ်ဖြစ်ပြီး မကြာမီ စတင်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံမှ ထားဝယ်စီမံကိန်း ဆက်စပ်လမ်းမကြီးအတွက် ချေးငွေ ဒေါ်လာ သန်းပေါင်း ၄၂၅ သန်းအထိ ထုတ်ချေးပေးရန် သဘောတူထားသည့်အတွက် စီမံကိန်းစတင်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် လျာထားချက်များအရ အကြီးဆုံး စက်မှုဇုန်စီမံကိန်းတစ်ခုဖြစ်သော်လည်း ငွေကြေးအရင်းအနှီးနှင့် ကုန်ကျစရိတ်ပြဿနာများကြောင့် အစိုးရနှင့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီအကြား စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ကြန့်ကြာနေခဲ့ရခြင်းဖြစ်သော်လည်း ဂျပန်နိုင်ငံမှ အကူအညီများကြောင့် လုပ်ငန်းစတင်နိုင်ရန် မျှော်လင့်ရကြောင်း ဒေသခံများက သုံးသပ်ကြသည်။

**သတင်း – ညဏ်မိုးမြင့်**



# စက်ကိရိယာအသုံးပြု ထွန်ယက်မှုများလာ၍ စက်ထောင်သူများ ဝင်ငွေကောင်း

**ရေစကြို မတ် ၁၃**

ယခုနှစ်နွေစပါး စိုက်ပျိုးရာသီတွင် မြေယာထွန်ယက်ပြုပြင်ရာ၌ စက်ကိုအသုံးပြုသူ ပိုမိုများလာသည်ကို မြို့နယ်အတွင်း နေရာအနှံ့တွင် တွေ့မြင်လာရသည်။ အကြောင်းမှာ ရှေ့ဦးသီးနှံရိတ်သိမ်းအပြီး နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် နွားထွန်စရိတ်ကြီးခြင်း၊ အချိန်စောင့်ဆိုင်းရခြင်းတို့ကြောင့် စက်ကို ယခင်နှစ်ကထက် ပိုမိုသုံးစွဲလာခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

“ကျွန်တော်တို့ လယ်မြေတွေကို ထွန်ယက်ရာမှာ နွားထွန်ငှားရတာက မလွယ်ဘူး။ နွားထွန်စရိတ်ကလည်း တစ်ရှဉ်းကို ငွေ ၄၀၀၀ ပေးရတယ်။ အခုလိုချင်လို့ အခုမရဘူး။ တစ်ဧကထွန်ရင် နွားသုံးရှဉ်းလောက်ခေါ်ရတယ်။ နှစ်ရက်လောက်လုပ်ရတယ်။ ထွန်စက်နဲ့ထွန်တော့ ဆီတစ်ဂါလန် ၁၀၀၀၀ ကျပ်ပေးရတယ်။ တစ်ဧကထွန်ရင် ထွန်နှစ်ကြိမ်က ၂၀၀၀၀ ကျပ်၊ တမန်းညှိတာက ၁၀၀၀၀ကျပ်၊ ဆီသုံးဂါလန်က ၈၄၀၀ ကျပ် စုစုပေါင်း ၃၈၄၀၀ ကျပ်ကုန်တယ်။ နာရီပိုင်းပဲကြာတယ်။ ပြီးတော့ စက်ရဲ့ အားသာချက်က ဘာလဲဆိုတော့ တမန်းနက်တယ်။ တမန်းညက်တယ်။ တမန်းညီတယ်။ အဲဒီတော့ စပါးပင်ရှင်သန်မှုကို အများကြီး အထောက်အကူပြုတယ်။ ပြီးတော့ ရှေ့သီးနှံရှိတဲ့ လယ်မြေမှာ ရှေ့သီးနှံရိတ်သိမ်းခြွေလှေ့ပြီးမှ နွားနဲ့ ထွန်ယက်မယ်ဆိုရင် ရာသီနောက်ကျမယ်။ ဒါကြောင့် ရာသီအမီ စိုက်နိုင်ဖို့ ထွန်စက်ကို အသုံးပြုရတယ်” ဟု လယ်သမားကြီး ဦးသန်းစိုးက ပြောသည်။

“ကျွန်တော်က ဒီဂွန်ဒေါင်းစက် ထောင်ပြီး အငှားလိုက်ပါတယ်။ ဆီတစ်ဂါလန်မောင်းရင် ၁၀၀၀၀ ကျပ်ယူပါတယ်။ ဆီဖိုးကတော့ လယ်ပိုင်ရှင်က ကျခံရပါတယ်။ တစ်ဧကကွက်ကိုဆိုရင် ဆီနှစ်ဂါလန်ဆို မြေကညက်ပါတယ်။ မြေညက်ပြီးတာနဲ့ တမန်းညီအောင် ဆီတစ်ဂါလန်မောင်းရင် ညီသွားပါတယ်။ တမန်းညီအောင်ညှိရတဲ့ သဘောကတော့ မြေအနိမ့်အမြင့်မရှိအောင်၊ ညီအောင်ညှိရတာပါ။ ဒါမှ ရေသွင်းတဲ့အခါ တစ်ပြေးညီရေရပါတယ်။ မြေမညီလို့ အနိမ့်အမြင့်တွေဖြစ်နေရင် ရေသွင်းတဲ့အခါ နိမ့်တဲ့ဘက်မှာ ရေစုပြီး မြင့်တဲ့ဘက်မှာ ရေမရတဲ့အတွက် စပါးပင်တွေ ရေမရတော့ဘူး။ အဲဒီတော့ စပါးဖြစ်ထွန်းမှုကလည်း မညီမညာနဲ့ စပါးအထွက်လျော့သွားနိုင်တယ်။ ဒီနှစ်နွေစပါးစိုက်ပျိုးရာသီမှာတော့ နားမနေရအောင် အလုပ်ကောင်းပါတယ်။ ဘာပြုလို့လည်းဆိုတော့ နွားထွန်တွေက ရှားသွားပြီ။ ပြီးတော့ နွားထွန်စရိတ်ကလည်းကြီး၊ အချိန်ကလည်း စောင့်ကြရတော့ စက်ကိုပဲငှားကြတယ်။ စက်ကတော့ အချိန်မရွေးရတယ်။ အခုဆို တစ်ကွက်ပြီး တစ်ကွက်၊ တစ်ကွင်းပြီးတစ်ကွင်း နားကိုမနေရဘူး။ တစ်ဧကထွန်ရင် ၃၀၀၀၀ ကျပ်ရတယ်။ တစ်နေ့ သုံးဧကတော့ ပုံမှန်ပြီးပါတယ်။ တစ်နေ့ ၉၀၀၀၀ ကျပ်ရပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ယခုနှစ်တွေကထက် ဝင်ငွေပိုကောင်းပါတယ်”ဟု ဂွန်ဒေါင်းစက်နဲ့ အငှားလိုက်သူ ကိုအောင်မောင်းက ပြောသည်။

ရေစကြိုမြို့နယ်တွင် ယခုအခါ ရာသီအလိုက် သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် မြေယာ ထွန်ယက်ပြုပြင်ရာတွင် စက်ကိရိယာကို ပိုမိုအားပြု သုံးစွဲလာကြသည့်အတွက် ယခင်နှစ်များကထက် လယ်ယာသုံးစက်ကိရိယာ ထူထောင်သူတွေလည်း ပိုမိုများလာကြောင်း သိရသည်။

ယခုကဲ့သို့ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုအတွက် လယ်ယာသုံးစက်ကိရိယာများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်သုံးစွဲလာခြင်းကြောင့် ရေစကြိုမြို့နယ်တွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ မကြာမီ ကူးပြောင်းရောက်ရှိလာတော့မည်ဖြစ်သည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# မြန်မာနိုင်ငံ လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းကောက်ယူ

**မော်လူး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ ကျေးရွာများသို့ မြန်မာနိုင်ငံ လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို မတ် ၉ ရက်က ကောက်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်တမ်းကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အင်းတော်မြို့နယ် မော်လူးဒေသ မံပဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကောက်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းမှ လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်သည့်အချက်အလက်များကို ကောက်ယူခဲ့ပြီး မံပဲကျေးရွာမှ တာဝန်ရှိသူများက လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြသည်။ ယင်းစစ်တမ်းကောက်ယူခြင်းကို ၂၀၁၅ ခုနှစ် မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ကျေးရွာများသို့ တစ်အိမ်တက်ဆင်း စာရင်းကောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၇၁)**

# မန္တလေး-မြစ်ကြီးနား အမှတ်(၅၇) အဆန်ရထားဘီးချော်

**မော်လူး မတ် ၁၃**

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း ပင်ဝဲဘူတာနှင့် မော်လူးဘူတာကြားတွင် အမှတ်(၅၇) အဆန်ရထား ဘီးချော်မှု မတ် ၁၀ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်ခေါင်းမောင်း ဦးတိုးမြင့်၊ ရထားထိန်း ဦးအောင်ဆွေဝင်းတို့ လိုက်ပါပြီး မန္တလေးမှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသည့် အမှတ်(၅၇) အဆန်မန္တလာရထား စက်ခေါင်းအမှတ် DF -1335 သည် ပင်ဝဲဘူတာမှ နံနက် ၈ နာရီ ၃၃ မိနစ်တွင် ထွက်ခွာလာပြီး မိုင်တိုင်အမှတ် (၅၉၈/၁၇) နှင့် (၅၉၈/၁၈) ကြားတွင် ဘီးချော်ခဲ့ခြင်းဖြစ်သည်။

မီးရထား ဘီးချော်ကျရာနေရာသို့ မော်လူးမီးရထားဘူတာ တာဝန်ခံရုံပိုင်ကြီး ဦးစိုးလင်း သွားရောက်ပြီး ကြီးကြပ်ကာ အင်းတော်ဘူတာမှ လမ်းဗိုလ်ကြီး ဦးတင်လှနှင့်အဖွဲ့၊ နဘားဘူတာမှ တွဲစစ်မှူး ဦးကျော်ညွန့်နှင့်အဖွဲ့၊ မော်လူးဘူတာမှ လမ်းဗိုလ်လေး ဦးထင်လတ်အောင်နှင့်အဖွဲ့များက ချော်ကျနေသည့် ရထားတွဲကို ပြန်လည်မတင်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် လမ်းပိုင်းပွင့်ခဲ့ကြောင်း၊ ရထားဘီးချော်မှုကြောင့် ရထားပေါ်ပါခရီးသည် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

ပြည်တွင်းသတင်း

# ရုပ်ရှင်သမိုင်းပြတိုက် အကြီးစားပြင်ဆင်မှုများ ပြုလုပ်ရန်ရှိ

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း တည်ဆောက်ထားသော သက်တမ်း ၁၇ နှစ်ရှိပြီဖြစ်သည့် ရုပ်ရှင်သမိုင်းပြတိုက်ကို အကြီးစားပြင်ဆင်မှုများ ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ရုပ်ရှင်သမိုင်းပြတိုက်ကို ၁၉၉၈ ခုနှစ်က တည်ဆောက်ထားခဲ့ပြီး ယခုအခါ ၁၇ နှစ်ကြာမြင့်လာသည့်အတွက် လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရန် လိုအပ်လာခြင်းကြောင့် အကြီးစားပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ စတင်နိုင်ရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရည်ရွယ်ထားခြင်းဖြစ်သည်။

"အကြီးစားမွမ်းမံဖို့အတွက် ရန်ပုံငွေလည်း ရရှိထားတာရှိပါတယ်။ မကြာမီအစည်းအဝေးမှာ တင်ပြပြီးတာနဲ့ စတင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ပြင်ဆင်မယ့် ပုံစံအသေးစိတ်ကိုတော့ အားလုံးစုပေါင်းညှိနှိုင်းပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြတိုက်ရဲ့ သွင်ပြင်လက္ခဏာတွေကို အဆင့်မြှင့်တင်သွားမယ်။ လိုအပ်တဲ့ ဖြည့်ဆည်းမှုတွေလည်း လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်များကို ဇန်နဝါရီ ၂၇ ရက်က ရွေးချယ်ပြီးစီးခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးလူမင်းက ဒုတိယအကြိမ် ဆက်လက်တာဝန်ယူခဲ့ကာ ဖွဲ့စည်းမှုပိုင်းဆိုင်ရာများ၊ ဆောင်ရွက်မှုပိုင်းဆိုင်ရာများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးအတွက် ပြုပြင်ပြောင်းလဲခြင်းများကို လူသစ်စိတ်သစ်ဖြင့် လုပ်ဆောင်ပြီး ရုပ်ရှင်အစည်းအရုံးဖွဲ့စည်းပုံအပါအဝင် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားရန် ပြောကြားခဲ့သည်။

"ရုပ်ရှင်သမိုင်းပြတိုက်ကို အသွင်သစ်၊ ပုံစံပြသမှုအသစ်တွေနဲ့ ပြုပြင်ပြောင်းလဲသွားဖို့ရှိပါတယ်။ အတွင်းခန်းတွေကို စနစ်တကျနဲ့ ပြန်လည်ပြင်ဆင်မှာဖြစ်လို့ အကြီးစားပြင်ဆင်ခြင်းလို့ အမည်တပ်ရတာဖြစ်ပါတယ်။ အသေးစိတ်ကတော့ ကျွန်တော်တို့ အမှုဆောင်အဖွဲ့တွေ စည်းဝေးတိုင်ပင်ပြီးမှ သတင်းထုတ်ပြန်ပေးမှာဖြစ်တယ်။ အဲဒီကျမှ လိုအပ်တဲ့ အချက်အလက်တွေ၊ တင်ပြမှုတွေကို တစ်ပါတည်း လုပ်ဆောင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောသည်။

**သတင်း - သွန်းဝသန်၊ ဓာတ်ပုံ - မောင်သဲဦး**



## သတင်းတို

### ရွှေဘိုမြို့ကုန်းဘောင်ဈေးသစ် တည်ဆောက်ရေးတင်ဒါဖွင့်

ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်၌ ကုန်းဘောင်ဈေးသစ် တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းရှင်များထံမှ ခေါ်ယူထားသည့် တင်ဒါဖွင့်ပွဲကို မြို့နယ်စည်ပင်သာယာရေး အစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်က ကျင်းပသည်။ တင်ဒါကြမ်းခင်းဈေး အမြင့်ဆုံး ငွေကျပ် ၃၁၂၈ သိန်းနှင့် အနိမ့်ဆုံးဈေး ငွေကျပ်သိန်း ၂၉၀၀ သတ်မှတ်ထားရာ ကုမ္ပဏီနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဈေးနှုန်းငွေကျပ်သိန်း ၂၉၀၇ ဖြင့် Ultra Co.,ltd. က တင်ဒါရရှိသွားကြောင်း သိရသည်။ တင်ဒါကိစ္စများကို စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(iprd)**

# ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**မြို့လှ မတ် ၁၃**

ကချင်ပြည်နယ်ဗန်းမော်ခရိုင် မြို့လှမြို့ မြို့ဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အမျိုးသမီးရေးရာ/ မိခင်နှင့်ကလေးအသင်းမှ ဦးဆောင်၍ ကျောင်းသားလူငယ်များ ဘာသာရေးကိုင်းရှိုင်းစေရန်နှင့် လိမ္မာယဉ်ကျေးသော သားကောင်းရတနာများဖြစ်စေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# လူမှောင်ခိုကုန်ကူးမှု အသိပညာပေးဟောပြော

**ဂန့်ဂေါ မတ် ၁၃**

အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာနှင့် လူမှောင်ခို၊ လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက်က ဂန့်ဂေါမြို့နယ် လုံဟောကျေးရွာ ဇီဝဓာတ်ငွေ့အသုံးပြု ဓာတ်အားပေးရုံအနီးကွင်းပြင်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။ **(၁၀၁)**



# တက္ကသိုလ်ဝင်စာမေးပွဲကို မြင်းမူ၌ အေးချမ်းစွာဖြေဆို

**မြင်းမူ မတ် ၁၃**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်စစ်ဆေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ စာစစ်ဌာနသုံးခု၌ ကျောင်းသား ကျောင်းသူ ၁၆၇၇ ဦး အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် မြင်းမူမြို့ အထကစာစစ်ဌာန၊ အထက(ခွဲ) စာစစ်ဌာနနှင့် အလ္လကပ္ပကျေးရွာ အထက စာစစ်ဌာနဟူ၍ စာစစ်ဌာနသုံးခုရှိပြီး စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၇၂၅ ဦးအနက်မှ ၁၆၇၇ ဦး ဝင်ရောက်ဖြေဆိုနေကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် တည်းခိုနေထိုင်ရေးအတွက် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျောင်းကော်မတီဝင်များက စီစဉ်ပေးခဲ့ကြသည်။

**ဖိုးခါး(iprd)**


စိုးမိုးအောင် B.Ecom (Statis) တောင်ငူ အတွက်
မွေးနေ့ဆုမွန်လွှာ
သူငယ်ချင်း စိုးမိုးအောင် ရဲ့ ၉. ၃. ၂၀၁၅ နေ့တွင်
ကျရောက်ခဲ့သော မွေးနေ့ရက်မြတ်မှ ပျော်ရွှင်ဖွယ်ရာမွေးနေ့
များစွာကို ပိုင်ဆိုင်နိုင်၍ ချစ်သောမိသားစုကို နွေးထွေးစွာ
စောင့်ရှောက်နိုင်ပြီး သူငယ်ချင်းများကိုလည်း
ဟာဒယရွှင်ဆေး အမြဲတိုက်ကျွေးနိုင်ပါစေ------။
နှင်းဆီ မှ သူငယ်ချင်းများ-ခင်သန္တာအောင်၊ သက်နှင်းအေး၊
ထိန်ထိန်ဝင်း၊ သွယ်သွယ်စိုး၊ ယဉ်ယဉ်ကြည်၊ အိအိသိန်း။

လက်ထပ်ကြမည့်မင်္ဂလာမောင်မယ်တို့အတွက်
EXCELLENT
Wedding Dress & Photostudio
ဓါတ်ပုံ၊ဗီဒီယို
ဝတ်စုံ၊မိတ်ကပ်
PreWedding,PreMovie
စိတ်တိုင်းကျရနိုင်ပါသည်။ ဖုန်း၊ ၀၁ ၅၀၄၃၁၇ ၊ ၀၉၅၁၂၁၄၆၇
၆၆.အင်းစိန်လမ်းမ၊ဆံရိပ်ငြိမ် ၆ လမ်းထိပ်၊လှည်းတန်း၊ကမာရွတ်၊ရန်ကုန်မြို့။

ဓါတ်ပုံသင်တန်း
နည်းပြဆရာအလိုရှိသည်။
YANGON 09 5121467 01 504317

မအူပင်မြို့နယ်ကျုံနတ္တော် (အ.ထ.က) မြတ်ဆရာ
ကန်တော့ပွဲနှင့် စာပေဟောပြောပွဲ ဖိတ်ကြားလွှာ
မအူပင်မြို့နယ်၊ကျုံနတ္တော်ကျေးရွာ အ. ထ. က ကျောင်းကြီးတွင် သင်ကြားပေးခဲ့သောဆရာကြီး-ဆရာမကြီးများနှင့်ဆရာ-ဆရာမများအား ကျောင်းသား-ကျောင်းသူဟောင်းများမှ ကန်တော့မည်ဖြစ်ပါ၍ ဆရာကြီး-ဆရာမကြီးများမှ ကြွရောက် ဆက်သွယ်ပေးပါရန်နှင့် ကျောင်းသား-ကျောင်းသူဟောင်းများ အားလုံးကြွရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။
ကျင်းပမည့်ရက် - ၂၀၁၅ခုနှစ်၊ မတ်လ၊(၂၈)ရက်။(စနေနေ့)
ကျင်းပမည့်အချိန် - ညနေ (၃း၀၀)နာရီ
ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၃၆၆၁၅၊၀၉-၇၃၂၁၁၉၅၇၊ ၀၉-၈၆၂၄၂၃၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်နေ (ဦးစံလှိုင်)၊ ဒေါ်တင်တင်ဌေးတို့၏သား၊ မောင်ဝင်းမင်းထွန်း(၁၂/ ပဇတ(နိုင်)၀၀၉၇၀၆)သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအရပ် ရပ်ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
ဒေါ်တင်တင်ဌေး(၁၂/ပဇတ(နိုင်)၀၀၈၄၅၉)

ပြင်ဆင်ဖတ်ရှုပါရန်
၁၀-၂-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၅)ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် ဒေါ်နီနီ (ဒုခရိုင်တရားသူကြီး-၄၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)ဟု ဖော်ပြပါရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နီနီအစား နီနီ (ဒုခရိုင်တရားသူကြီး-၄၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်အောင်သန်း ၁/မကန (ဧည့်)၀၀၁၅၉၂၏ပတ်စပို့စ် နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၅၉၅၇၃၂

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်စိုးသန်း ၁/မကန (ဧည့်)၀၀၁၅၃၃၏ ပတ်စပို့စ်နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၆၅၃၆၉၆

အမှားပြင်ဆင်ခြင်း
၂၀-၂-၂၀၁၅ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၃၀)ပါ ဦးငြိမ်းမောင်(သကေတမြို့နယ်) ၏အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန် မူရင်း)ပျက်သိမ်းကြောင်း ကြော်ငြာခေါင်းစဉ် "ကန့်ကွက်နိုင်ပါကြောင်း"အစား "အများသိစေရန်ကြေညာ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍
မိုဘိုင်းလ်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက်
အဆိုပြုလွှာ (အိတ်ဖွင့်တင်ဒါ)များ ခေါ်ယူခြင်း
၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းလ်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ လောလောဆယ်အနေဖြင့် (ရေဒီယိုစခန်းတည်ဆောက်တပ်ဆင်ရာတွင် လိုအပ်မည့်အခြေခံလုပ်ငန်းများ) Site Acquisitions & Survey, Technical Building တည်ဆောက်ခြင်း၊ Tower /Power/လေအေးပေးစက်/အဆင့်မြင့်မိုးကြိုးလွှဲစနစ်၊ ဖိုင်ဘာကေဘယ် ပေးသွင်းသွယ်တန်းတပ်ဆင်တည်ဆောက်ခြင်း စသည့်လုပ်ငန်းတို့အား TurnKeyအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတစ်ဝန်းတွင် စခန်းပေါင်း (၄၉)စခန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။
၂။ သို့ဖြစ်ပါ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ပြည်တွင်းကုမ္ပဏီအဖွဲ့အစည်းများထံမှ (Technical/ Business Model) Proposal အဆိုပြုလွှာ (အိတ်ဖွင့်တင်ဒါ)များ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၃။ အဆိုပြုလွှာတင်သွင်းရန်အတွက် လိုအပ်သည့် အသေးစိတ်အချက်အလက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် တစ်စုံလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ၂၀၁၅ခုနှစ် မတ် ၁၈ရက်မှ ၂၀၁၅ခုနှစ် မတ် ၂၄ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။
အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းလ်ဆက်သွယ်ရေးစခန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော် (ဒက္ခိဏသီရိအိတ်ချိန်းဝင်း)
တယ်လီဖုန်းအမှတ် (၀၉-၄၄၈၀၀၀၀၂၃)
၄။ တင်သွင်းသူသည် ကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ် တိတိ)ကို စိတ်ဝင်စားကြေးအဖြစ် ဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။
၅။ အဆိုပြုလွှာတင်သွင်းရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့် ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။
၆။ ၂၀၁၅ခုနှစ် ဧပြီ ၈ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၃း၃၀နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

# ဂျူဗင်တပ်စ်တို့ အားကုန်သွန် ကစားရမယ့်ပွဲစဉ် (၂၇)

**ဒီတစ်ပတ်ရဲ့စီးရီးအေပွဲစဉ် (၂၇) ကို မတ် ၁၄ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး နာမည်ကြီး ဂျူဗင်တပ်စ်တို့အတွက် အကြိတ်အနယ်ဆင်နွှဲရမယ့်ပွဲစဉ်ဖြစ်နေပါတယ်။ ဒါ့အပြင် အမ်ပိုလီကိုအိမ်ကွင်းမှာလက်ခံကစားရမယ့် ကက်ဂလီယာရီအတွက်ခက်ခဲမယ့်ပွဲလည်းဖြစ်နေပြီး အမှတ်ရဖို့အတွက် ပြင်းပြင်းထန်ထန်ရင်ဆိုင်ရမယ့်ပွဲလည်း ဖြစ်နေတာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။**

**မိုးမြင့်လင်းလက်**

### ပါလာမိုနှင့် ဂျူဗင်တပ်စ်

ပါလာမိုနဲ့ဆုံတိုင်း ဂျူဗင်တပ်စ်တို့ ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရတာချည်းဖြစ်ပါတယ်။ အိမ်ကွင်းခြေစွမ်းကောင်းတဲ့ပါလာမိုတို့က ပြိုင်ဘက်အသင်းတိုင်းကို ခြိမ်းခြောက်နိုင်ပြီး ရလဒ်ကောင်းအောင်လည်း ဖန်တီးနိုင်စွမ်းရှိပါတယ်။ ပါလာမိုတို့ရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် အိမ်ကွင်းမှာ နာပိုလီကို သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ယူခဲ့သလို အမ်ပိုလီတို့ကိုလည်း ဂိုးမရှိသရေပွဲကစားထားနိုင်ပါတယ်။ အိမ်ကွင်းမှာ ရှုံးပွဲနည်းအောင်ကစားနိုင်တဲ့ ပါလာမိုတို့က တိုက်စစ်၊ ခံစစ်မျှအောင်လည်း စုစည်းမှုကောင်းပြီး ဂျူဗင်တပ်စ်ကို မာမာတင်းတင်း တုံ့ပြန်ကစားဖို့ရှိလာမှာ သေချာပါတယ်။ ဂျူဗင်တပ်စ်တို့ကတော့ တန်းစီဇယားထိပ်ဆုံးက ပြတ်သားတဲ့ရလဒ်နဲ့ ပြေးနေပြီး ဒီနှစ်စီးရီးအေဖလားကို ရယူဖို့ကြိုးစားနေတာမို့ ပါလာမိုကွင်းမှာ အလေးထားကစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်တို့က ဒီနှစ်အိမ်ကွင်း၊ အဝေးကွင်းရလဒ်ကောင်းတွေရရှိနေပြီး အကောင်းဆုံးတိုက်စစ်နဲ့ အသိပ်သည်းဆုံးခံစစ်တွေကို တည်ဆောက်ထားနိုင်တာမို့ အခုပွဲမှာ အမှတ်ပြည့်ရယူရေးကြိုးစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်ရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေရရှိထားတာမို့ ခြေစွမ်းပိုင်းအရ ဂျူဗင်တပ်စ်တို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒါပေမယ့် ရလဒ်ပိုင်း ပြန်ကောင်းဖို့ ကြိုးစားလာတဲ့ ဂျူဗင်တပ်စ်အတွက် အခုပွဲမှာ အနိုင်ကလွဲပြီး အခြားရလဒ်ကို ပုံဖော်မှာမဟုတ်ပါဘူး။

### ကက်ဂလီယာရီနှင့် အမ်ပိုလီ

အမ်ပိုလီတို့ကတော့ ကက်ဂလီယာရီနဲ့ဆုံတိုင်း အခြေအနေမကောင်းခဲ့ပါဘူး။ ကက်ဂလီယာရီတို့က အမ်ပိုလီတို့အတွက် အမှတ်လုဘက်ဖြစ်ပေမယ့် အခုတလောမှာ ခြေစွမ်းပိုင်းကျဆင်းနေတာမို့ ကက်ဂလီယာရီတို့ ခြေကုန်ထုတ်မှရပါလိမ့်မယ်။ ကက်ဂလီယာရီတို့ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရပြီး ခြေစွမ်းပိုင်းပြန်လည်တည့်မတ်ဖို့ ကြိုးစားလာပါလိမ့်မယ်။ ကက်ဂလီယာရီတို့က တန်းဆင်းဇုန်ထဲက ရုန်းထွက်အောင် အားကုန်ထုတ်မှာမို့ အခုပွဲမှာ သတိထားပြီး အမှားအယွင်းနည်းအောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် အမ်ပိုလီတို့က အဝေးကွင်းမှာ သရေပွဲများနေတာမို့ တိုက်စစ်စွမ်းရည်ကျဆင်းနေတဲ့ အားနည်းချက်ကို ပြုပြင်မှုမလုပ်နိုင်ရင် ကက်ဂလီယာရီအတွက် အခွင့်အရေးတွေ ရသွားနိုင်ပါတယ်။ အမ်ပိုလီခံစစ်မှူးတွေဟာ တစ်ခါတစ်ရံ အမှားအယွင်းတွေ ပြုလုပ်တတ်တာမို့ အခုပွဲမှာ သတိထားကစားမှ ရပါလိမ့်မယ်။ ကက်ဂလီယာရီရဲ့ အားကုန်ထုတ်စွမ်းဆောင်မှုတွေကပဲ ဒီပွဲရလဒ်ကို ပုံဖော်သွားမယ်လို့ ယူဆပါတယ်။



## တစ်ယောက်အသာဖြင့် ကစားခဲ့သော်လည်း အဝေးဂိုးစနစ်ဖြင့် အရှုံးပေးလိုက်ရတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်း ရှုံး/ထွက်ပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းကို အဝေးဂိုးနဲ့ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရပါတယ်။

ပီအက်စ်ဂျီတိုက်စစ်မှူး မိုဗစ် ပွဲချိန် ၃၂ မိနစ်တွင် တိုက်ရိုက်အနီဖြင့် အထုတ်ခံခဲ့ရသဖြင့် ချယ်လ်ဆီးတို့ တစ်ယောက်အသာဖြင့် ကစားခဲ့ရကာ ၈၁ မိနစ်တွင် ကာဟေးလ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းပြီး ၈၆ မိနစ်တွင် ချယ်လ်ဆီးကစားသမားဟောင်း ဒေးဗစ်လုဇ်က ပြန်လည်ချေပဂိုးသွင်းသဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။ အချိန်ပိုတွင် ၉၆ မိနစ်၌ ဟာဇက်က ပယ်နယ်တီဖြင့် ထပ်မံဦးဆောင်ဂိုးသွင်းသော်လည်း ၁၁၄ မိနစ်တွင် ပီအက်စ်ဂျီနောက်တန်းမှ ဆေးလ်ဗားက ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

နှစ်ကျော့ပေါင်းရလဒ်အရ သုံးဂိုးစီသရေဖြစ်ခဲ့သော်လည်း အဝေးဂိုးစနစ်ကြောင့် ချယ်လ်ဆီးတို့ ရှုံးထွက်အဆင့်မှထွက်ခဲ့ရသည်။

**ကောင်းမြတ်သူစုစည်းသည်**

## မန်စီးတီး နောက်တန်းလူ နာစတာဆစ် ရှော်လ်ကေးသို့ ပြောင်းပြီ

ရှော်လ်ကေးအသင်းက မန်စီးတီးနောက်တန်းလူ မတ်တီဂျာနာစတာဆစ်ကို ယခုနှစ်ရာသီအကုန်မှာ အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ နာစတာဆစ်ဟာ ဇန်နဝါရီလက ဂျာမန်ကလပ် ရှော်လ်ကေးသို့ အငှားသွားရောက်ကစားခဲ့ရာမှ ယခုအခါ ရှော်လ်ကေးအသင်းက ရာသီအကုန်မှာ အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ ဆားဘီးယားကစားသမား နာစတာဆစ်ကို ရှော်လ်ကေးက လေးနှစ်စာချုပ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ နာစတာဆစ်ဟာ မန်စီးတီးသို့ ၂၀၁၂ ခုနှစ်က ပေါင် ၁၃ သန်းနဲ့ ဖီအိုရင်တီးနားမှ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ သူဟာ ရီးရဲမက်ဒရစ်ကို ရှော်လ်ကေးက လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ပါဝင်ကစားခဲ့ပါတယ်။ သို့ပေမယ့် ရှော်လ်ကေးဟာ နှစ်ကျော့ပေါင်းရလဒ်နဲ့ ပြိုင်ပွဲမှထွက်ခဲ့ရပါတယ်။ နာစတာဆစ်ဟာ ပါတီဇန်ဘဲဂရိတ်ဘောလုံး အကယ်ဒမီမှ ပေါ်ထွက်ခဲ့သူဖြစ်ပါတယ်။ မန်စီးတီးအသင်းမှာ ၅၁ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့ပါတယ်။

အိမ်တိုင်ရာရောက် ပို့ပေးရန် မှာကြားလိုလျှင် Novel Light Express တယ်လီဖုန်း-၀၉ ၅၀၈ ၀၈၅၀၊ ၀၁ ၈၆၁၉ ၄၂၂၈ သို့လည်းကောင်း၊ တစ်ဆင့် ပြန်လည်ရောင်းချလိုလျှင် Myanmar Heritage တယ်လီဖုန်း-၀၁ ၂၄၃၈၉၃၊ ၃၉၈၁၄၀ သို့လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။





မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပကတိအခြေအနေများ၊ ပဋိပက္ခများဖြေရှင်းရေးနှင့်ပတ်သက်၍ ချဉ်းကပ် ဆွေးနွေးတင်ပြထားပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခြေအနေများကို လေ့လာ သုံးသပ်တင်ပြထားသည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် မြန်မာ့နိုင်ငံရေး အတွေးအမြင်





အနာဂတ် မြန်မာ့နိုင်ငံရေးအတွက် ခြောက်ပွင့် ဆိုင်ဆိုင် မဆိုင်ဆိုင်၊ သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့၏ တစ်ဦးချင်းစီ အမြင်၊ ရပ်တည်ချက်၊ ခံယူချက်နှင့် သဘောထားများကို ဖော်ပြထားသည့်

ကြီးလေးကြီး နှင့် တွေ့ဆုံခြင်း





မမျှော်လင့်သော ခရီးရှည်

(ဗိုလ်ချုပ်ကြီးစိုးဝင်း၏ အတ္ထုပ္ပတ္တိ)

- ထိပ်ပိုင်းခေါင်းဆောင် ဖြစ်လာချိန်တွင် လုပ်ဆောင်ရသည့် တာဝန်ဝတ္တရားများ၊ စာရင်းဇယား အချက်အလက်များ၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ကိစ္စများအပါအဝင် အောက်ခြေမှ မမှန်မကန် တင်ပြခဲ့မှုများကြောင့် အခက်တွေ့ရပုံကိုလည်း.......... (ထွန်းနိုင်၊ 7Days)
- ဒေါ်အောင်ဆန်းစုကြည်အပေါ် တပ်ရဲ့သဘောထား၊ ၁၉၈၈ အရေးအခင်းနှင့် တာဝန်ယူခဲ့ရမှုများ အပါအဝင် ကိုးဦးမြောက် နိုင်ငံဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးစိုးဝင်း အတ္ထုပ္ပတ္တိ (မြန်မာ့သံတော်ဆင့်)
- သွေးညှိခြင်းဆိုတဲ့ ချစ်စရာကောင်းတဲ့ စကားလုံးသစ်လေးတစ်လုံးလည်း ဒီစာအုပ်က ရလိုက်ပါတယ်။ ပြည်သူနဲ့ တစ်သားတည်းဖြစ်လိုတဲ့ ခေါင်းဆောင်ဆိုတာ ဒီလိုအမူအကျင့်လေးတော့ ရှိဖို့ လိုပါတယ်။ (ငြိမ်းအေးအိမ်၊ လျှပ်တစ်ပြက်)
- ဘာပဲပြောပြော ယနေ့နိုင်ငံရေးပြဿနာတွေအတွက် ယူတတ်လျှင် ရနိုင်စရာများ ရှိလိမ့်မည်ဟု စိတ်က ထင်မိနေပြန်သေးသည်။ (ပေါ်လင်းဦး၊ The Voice)
- Like Thein Sein, Soe Win was viewed as one of the least corrupt generals of the kleptocratic regime, and was known to live a simple life style. When he tried to tackle corruption after becoming prime minister, his civil officials advised him to "fix the roof," a reference to high-level complicity,...... Aung Zaw (Irrawaddy)

ရောင်းမည်
ရန်ကုန်-မန္တလေးလမ်းမပေါ်
မြေကွက်ကျယ်ကျယ်
နတ်ရေကန်၊ အမရပူရမြို့နယ်။
ဖုန်း-၀၉-၅၀၂၈၉၁၀၊ ၀၉-၄၂၀၇၂၄၀၃၀၊
၀၉-၇၉၉၃၃၃၃၃၃

မြေကွက်ရောင်းဝယ်ရေး
SEVEN စံ
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊တောင်ပိုင်းရှိမြေကွက်များရောင်းလိုပါသလား?
SEVEN စံ နှင့် ဆက်သွယ်လိုက်ပါ။
ဘိမ်အရောက်ငွေလေးချေမည်။ "ပွဲခလုံးဝမယူပါ"
Ph: 09 33333511, 09 33333514, 01 205748

21 AD @ BILLBOARD ADVERTISING
ရန်ကုန် (ဆူးလေဘုရားလမ်း/ ဗိုလ်ချုပ်ဈေး/ပြည်လမ်း/ပန်းဆိုးတန်းတံတား/သမိုင်းလမ်းဆုံ/မင်္ဂလာဈေး/ ညောင်ပင်လေးဈေး/ ကန်တော်ကြီးရှေ့ဟော်ကီကွင်း/လှိုင်သာယာ BOCအပိုင်း)
နေပြည်တော် (ရာဇဌာနီလမ်းနှင့်ပန်းခင်းလမ်းထောင့်/ နေပြည်တော်အမြန်လမ်းပေါ်TOLL GATE)
ရန်ကုန် - မန္တလေးအမြန်လမ်း (၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်နားနေစခန်း/ နေပြည်တော် TOLL GATE)
မုံရွာ (ပြည်ထောင်စုလမ်းမကြီးပေါ်လမ်းလယ်ကျွန်း အောင်မင်္ဂလာ၂လမ်းထောင့်)
ပုသိမ် (ရန်ကုန်ပုသိမ်လမ်းမပေါ်ရွှေရုပ်တုအဝိုင်းအနီး/ပုသိမ်တက္ကသိုလ်ဝင်ပေါက် မဟာဗန္ဓုလလမ်းထောင့်)
မော်လမြိုင် (အထက်လမ်းမကြီးနှင့်အရာတော်လမ်းထောင့်)
www.21advertising.net
ကြော်ငြာများတပ်ဆင်ရန်
၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

GIVE YOUR CHILD THE MOST ENTERTAINING EDUCATIONAL PROGRAM THIS SUMMER
- From March through May
- For ages 3 to 14 years



TOTAL SUMMER SCHOOL
Explore, Experience, Enhance
STEM INTEGRATED

Kamayut 524599 501976 514267
Parami 660855 0973107376
Sanchaung 526456 0973143280
Latha 251228 250854
Taunggyi 094 937 8436 081-2122680
Kyi Myin Daing 01-2300 715 - 6
Tamwe 401592 - 4
New University Avenue 551521 551951 553896
41st Street 376022 376010
Lanmadaw 224426 224701
Thingangyun 8551360 - 3

ကြော်ငြာ


BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
The all-new BMW X6
MORE JET.LESS SET.
THE ALL-NEW BMW X6.
One glimpse should be enough to recognise the untameable character of the all-new BMW X6. Its vivid coupé lines and muscular boldness establish an unmistakable presence that's driven by sheer dynamics, on and off the road.
Put your mind at ease with the BMW Service Inclusive (3 years Warranty & 3 years Maintenance Service).
Visit Prestige Automobiles or call +95 (1) 230 6133.
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.
Prestige Automobiles Co.,Ltd. #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 Service Hotline: +95 (1) 2306144 Facebook: www.facebook.com/BMWPAC

## မြန်မာ့စီးပွားရေးဘဏ်
## မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့
# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ မော်လမြိုင်မြို့ကမ်းနားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) မော်လမြိုင် အဆောက်အအုံဟောင်း(မြေမပါ)အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊မွန်ပြည်နယ်ရုံးတွင် ၁၆-၃-၂၀၁၅ ရက်မှ ၂၆-၃-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံများရောင်းချမည်ဖြစ်ပြီး ၃၀-၃-၂၀၁၅ ရက် နံနက် ၉း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၇-၂၄၉၃၈၊ ၀၅၇-၂၇၀၅၉၊ ၀၅၇-၂၅၉၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်တင်ဒါရောင်းချရေးအဖွဲ့**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
ချင်းပြည်နယ်

# ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ်မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၄-၂၀၁၅ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဖုန်း-၀၇၀- ၂၂၃၇၆ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ဖုန်း- ၀၇၀- ၂၂၅၆၄၊ ၀၉-၄၈၂၉၄၅၀၂ (ပြည်နယ်မီးသတ်ဦးစီးဌာန)

---

## ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
## တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
(က) ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနေအိမ် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(ခ) နေအိမ်တွင်း လျှပ်စစ်မီးများသွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အမှတ်(၃၈၈)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၃-၃-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၈-၃-၂၀၁၅ ရက်
**တင်ဒါတင်ရမည့်နေရာ** - တာမွေမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနရုံး၊ အမှတ်(၃၈၈)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်

၃။ တင်ဒါခေါ်သည့်လုပ်ငန်းအတွက် ကွင်းဆင်းကြည့်ရှုလေ့လာရန် လိုအပ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**တာမွေမြို့နယ်ကျန်းမာရေးဦးစီးဌာန**








| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |

## ကြော်ငြာ

### သတ္တုတွင်းဝန်ကြီးဌာန
### မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Bio & Normal Nucleus | ၉မျိုး |
| (ခ) | လောင်းလိုင်းသုံးပစ္စည်း | ၁၁မျိုး |
| (ဂ) | မိုးကာ၊ Over All & Tracksuit | ၃မျိုး |
| (ဃ) | စာရေးကိရိယာ | 1 Lot |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၄-၄-၂၀၁၅ ရက် ညနေ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၁၉-၃-၂၀၁၅ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

### ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
### ခုတင် (၅၅၀)ဆံ့ကလေးဆေးရုံကြီး-မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၁၈-၃-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင် (၅၅၀) ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၂၄၉၁၆၊ ၂၄၉၁၇**

### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ၌ တပ်ဆင်အသုံးပြုမည့် အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား များအား အပ်နှံရိုက်နှိပ်လိုပါသဖြင့် စိတ်ပါဝင်စားသူများ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၉-၄-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာ ကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက် များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၄၁၅၊ ၀၆၇-၄၀၅၃၆၂**


**အမျိုးသမီးယာဉ်မောင်းအလိုရှိသည်။**

လစာ - (၂)သိန်း

လျှောက်လွှာတင်ရန်- အမှတ်(၁၅၉)၊ ဦးချစ်မောင်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၅၀၀၃၁၃၀

### ခင်နဒီ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

**'အကောင်းဆုံးဝန်ဆောင်မှုများကို ခံစားရင်း ခင်နဒီနှင့် ခရီးသွားကြပါစို့.'**

- မန္တလေးဘုရားကြီး၊ စစ်ကိုင်းကောင်းမှုတော်၊ ဆွမ်းဦးပုညရှင်၊ ကံတလူဘုရား၊ အလောင်းတော်ကဿပနှင့် မုံရွာဘုရားစုံ၊ မကွေးမြသလွန်၊ ရွှေစက်တော်နှင့် ပြည်ဘုရား ဖူးခရီးစဉ်။ (၄ ညအိပ် ၅ ရက်ခရီး) Mar 18-22, April 13-17
- တောင်ကြီး၊ ကလော၊ အင်းလေး၊ ပင်းတယ ဘုရားဖူးခရီးစဉ်။ (၄ ညအိပ် ၅ရက်ခရီး) April 13-17
- Hotel အိပ်၊ အဆင့်မြင့်စားသောက်ဆိုင်စား၊ ၂၀၁၄ထုတ် YUTONG ကားသစ် ကြီးဖြင့်။

**ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၃၃၄၉၂၂၀၉၊ ၀၉-၃၀၇၃၇၅၃၄**






ကြော်ငြာ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၅၄၆၆ Honda C90 H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုအောင် ၉/မနမ(နိုင်)၁၂၂၀၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာကျော် (ဘ) ဦးကျော်လေး ၉/ပမန(နိုင်)၀၄၁၉၅၆ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ပျဉ်းမနားမြို့၊ ရွှေချီအုပ်စု၊ ချမ်းအေးရပ်၊ နယ်မြေ(၃)၊ မောင်ခင်လမ်း၊ အမှတ် ၃/၁၀၄ ဟုခေါ်တွင်သော ဧရိယာ (၅၆×၈၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်တို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာကျော်မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေနှင့် အိမ်တို့ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော အထက်ပါမြေနှင့် အိမ်ဥပစာတို့အား မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်ကျူးကျော်ခြင်းမပြုရန်နှင့် ကျွန်ုပ်မိတ်ဆွေအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်၊ စိတ်ငြိုငြင်စေရန် ပြောဆိုခြင်းအပါအဝင် တစ်နည်းနည်းဖြင့် ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေမည့် မည်သည့်ကိစ္စကိုမျှ မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကံမြင့် LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၃၃/၈၅)**

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက ၁၁ လမ်း၊ အမှတ် ၃၁၈ဟု ခေါ်တွင်သော နှစ်ခန်းတွဲ ငါးထပ် ကန်ထရိုက်တိုက်၏ ပထမထပ်(သို့မဟုတ်)နှစ်လွှာ(ဝဲ)ဘက်ခြမ်းတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ အလျား ၁၉ပေ×အနံ ၅၄ပေ အကျယ်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးဖြိုးပိုင်အောင် ၁၂/လမန(နိုင်)၀၀၆၁၈၇ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၆၇၀၂**

**အမှတ် ၅၆၁၊ M.A.C(Tower)၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ခ၊ မြေကွက်အမှတ် ၂၂/က၊ မြေအမျိုးအစား လန-၃၉၊ ဘုရားလမ်း၊ အမှတ်-၃၈ ဟုခေါ်တွင်သည့် မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များကို ဦးသန်းစိန်(ခ)ဦးရွှေရှုနှင့် ဒေါ်ရွှေတို့က မူလပိုင်ရှင်ဦးဆိုင်ထံမှ ဝယ်ယူရရှိခဲ့ခြင်းဖြစ်ပြီး၊ ၄င်းတို့တွင် ဒေါ်ပန်းရွှေ၊ ဦးလှရွှေ(ခ)ဦးလှရှု၊ ဒေါ်မြအေးနှင့် ဦးထွန်းရွှေ သားသမီးလေးဦး မွေးဖွားခဲ့ပါသည်။ ဦးသန်းစိန်(ခ)ဦးရွှေရှု ကွယ်လွန်ပြီးသည့်နောက် ယခုအခါ မိခင်ဒေါ်ရွှေသည် အသက်(၉၀)အရွယ်ခန့်ရှိပြီး ကျန်းမာရေးချို့ယွင်းကာ သတိလက်လွတ်(ငယ်မူပြန်)ဖြစ်နေချိန်တွင် အတူနေသား ဦးလှရွှေ(ခ)ဦးလှရှုက မိခင်ဖြစ်သူအား မလျော်ဩဇာသုံးခြင်း၊ ခြိမ်းခြောက်သွေးဆောင်ဖြားယောင်းခြင်းများပြုလုပ်၍ ယခုကြေညာသူ မောင်နှမသုံးဦး၏ သဘောတူညီချက်မရဘဲ ၄င်းတစ်ဦးတည်းက စီမံပြီး ထိုမြေကို အမည်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ တိုက်သစ်ဆောက်လုပ်ရယူခံစားခြင်း၊ လွှဲပြောင်းခြင်းများပြုလုပ်ရန် စီစဉ်နေကြောင်း သိရသဖြင့် ထိုသို့မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပါဝင်ဆက်စပ်သူများကိုပါ ကျွန်ုပ်၏အမှုသည်များက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းရွှေ၊ ဒေါ်မြအေး၊ ဦးထွန်းရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နေရီရီလင်း LL.B, D.B.L, D.I.L,D.M.L** — **ဒေါ်ပပခင် LL.B**

**အထက်တန်းရှေ့နေ (စဉ်-၃၀၆၃၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၀၄)**

**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇C/၁၂၁၁ Honda Fit, GD-1,S/W,(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိန်အောင် ၈/ပခက(နိုင်)၀၁၁၅၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၁၅၁)၊ အခန်း(၁၉)လေးလွှာ၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးခင်မောင်ဦး ၁၂/ကတတ(နိုင်)၀၀၄၅၈၃၊ ဒေါ်ခင်မာဆွေ ၁၂/ကတတ(နိုင်)၀၀၄၅၉၉တို့၏သမီး မမေယမုံဦး ၁၂/ကတတ(နိုင်) ၀၂၈၉၉၈ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **ဦးခင်မောင်ဦး-ဒေါ်ခင်မာဆွေ**

**(မိဘများ)**

## အများသိစေရန်ကြေညာ

